# မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။

အတွဲ (၅၄) အမှတ် (၁၅၈)

Established in 1914

Myanma Alinn Daily

၁၃၇၆ ခုနှစ်၊ တပေါင်းလပြည့်ကျော် ၃ ရက်

၂၀၁၅ ခုနှစ်၊ မတ် ၇ ရက်၊ စနေနေ့။


တိုင်းပြည် အခြေအနေကိုသာ ကြည့်ပြီး ညီညီညွတ်ညွတ်နဲ့ အလုပ်လုပ်ရမယ့်အချိန်မှာ ခွက်စောင်းခုတ်ဝါဒတွေ ပေါ်လာတာ တွေ့ရတယ်၊ ဒီဟာက တိုင်းပြည်အားနည်းလာအောင် လုပ်တဲ့နည်း ဖြစ်တဲ့အတွက် တစ်နည်းနည်းနဲ့ ကာကွယ်ရမယ်။

(ဗိုလ်ချုပ်အောင်ဆန်း၏ ၁၉၄၆ ခုနှစ်၊ ဇွန်လ ၇ ရက်နေ့တွင် ပြောကြားခဲ့သောမိန့်ခွန်းမှ ကောက်နုတ်ချက်)

# ကုလားတန်မြစ်ကြောင်းတစ်လျှောက် မြို့ပြဖွံ့ဖြိုးရေးစီမံကိန်း ပြည်တွင်းပြည်ပ ကျွမ်းကျင်ပညာရှင်များ၊ ဒေသခံလုပ်ငန်းရှင်များနှင့် ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်သင့်

**စစ်တွေ မတ် ၆**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဒုတိယသမ္မတ ဦးညဏ်ထွန်းသည် ယနေ့မွန်းလွဲပိုင်းတွင် အထူးလေယာဉ်ဖြင့် စစ်တွေမြို့သို့ရောက်ရှိရာ ဒုတိယသမ္မတနှင့်အဖွဲ့အား စစ်တွေမြို့အဝင် လမ်းဘေးဝဲယာ၌ ဒေသခံပြည်သူများနှင့် ဌာနဆိုင်ရာ ဝန်ထမ်းမိသားစုများက ရင်းရင်းနှီးနှီး ကြိုဆိုနှုတ်ဆက်ကြသည်။

ထို့နောက် ဒုတိယသမ္မတသည် အဖွဲ့ဝင်များနှင့်အတူ ဒေသခံတိုင်းရင်းသား ကုမ္ပဏီများနှင့် တောင်ကိုရီးယားနိုင်ငံ၏ နည်းပညာအကူအညီဖြင့် စစ်တွေမြို့တွင်း လမ်းများ အဆင့်မြှင့်တင်ပြင်ဆင်ထားရှိမှု၊ လျှပ်စစ်မီးသွယ်တန်းထားရှိမှုနှင့် ဖွံ့ဖြိုးတိုးတက်မှုအခြေအနေများကို လှည့်လည်ကြည့်ရှုစစ်ဆေးပြီး ဒေသခံပြည်သူများနှင့် ရင်းရင်းနှီးနှီး တွေ့ဆုံ၍ လူမှုရေး၊ စီးပွားရေးအခြေအနေများကို မေးမြန်းကာ အားပေးနှုတ်ဆက်ခဲ့သည်။

*စာမျက်နှာ ၈ ကော်လံ ၁* ✻

" စီမံကိန်းလုပ်ငန်းများကြောင့် ကုလားတန်မြစ်ရေ ညစ်ညမ်းမှုမရှိစေရေး၊ ရေလမ်းကြောင်းများ ထိခိုက်မှုမရှိစေရေး၊ မြစ်ကြောင်းသဘာဝအလှများကို အကျိုးရှိရှိအသုံးပြုနိုင်စေရေးအတွက် သက်ဆိုင်ရာအဖွဲ့အစည်းများက သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးအဖွဲ့များနှင့် ညှိနှိုင်းဆောင်ရွက် "



ဒုတိယသမ္မတ ဦးညဏ်ထွန်းအား ကုလားတန်မြစ်ကြောင်းတစ်လျှောက် မြို့ပြမြေယာစီမံကိန်းဆောင်ရွက်မှုနှင့်ပတ်သက်၍ ရခိုင်ပြည်နယ်ဝန်ကြီးချုပ် ဦးမောင်မောင်အုန်း ရှင်းလင်းတင်ပြစဉ်။ (သတင်းစဉ်)

# ရေထွက်ပစ္စည်းပြည်ပတင်ပို့မှု အမေရိကန်ဒေါ်လာသန်း ၇၀၀ မျှော်မှန်း

သတင်း-ဝေယံဦး
ဓာတ်ပုံ-တင်စိုး(မြန်မာ့အလင်း)



**ရန်ကုန် မတ် ၆**

မြန်မာနိုင်ငံ ရေလုပ်ငန်းကဏ္ဍအနေဖြင့် ၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ်တွင် ရေထွက်ပစ္စည်းများ ပြည်ပတင်ပို့မှုမှ အမေရိကန် ဒေါ်လာသန်း ၇၀၀ ခန့် ရရှိမည်ဟု မျှော်မှန်းထားကြောင်း မြန်မာနိုင်ငံငါးလုပ်ငန်းအဖွဲ့ချုပ်မှ သိရသည်။

ရေထွက်ပစ္စည်းများ အနေဖြင့် နိုင်ငံတကာဈေးကွက်များနှင့် ထိတွေ့ဆက်ဆံရောင်းချခွင့် ရရှိလာခြင်း၊ ပိတ်ဆို့အရေးယူမှု ကင်းလွတ်ခွင့်ရရှိခြင်း၊ ထုတ်လုပ်မှုဆိုင်ရာ အထူးအခွင့်အရေး (GSP) များရရှိလာခြင်းစသည့် အခြေအနေကောင်းများ ဖြစ်ပေါ်လျက်ရှိသော်လည်း မွေးမြူထုတ်လုပ်မှုအပိုင်းတွင် အခက်အခဲများနှင့် ရင်ဆိုင်ကြုံတွေ့ရလျက်ရှိသည်။

သို့သော်လည်း ရေထွက်ပစ္စည်းပြည်ပတင်ပို့မှုအခြေအနေမှာ ၂၀၁၀-၂၀၁၁ ဘဏ္ဍာရေးနှစ်တွင် ပြည်ပပို့ကုန်တန်ဖိုး အမေရိကန် ဒေါ်လာ ၅၅၅ ဒသမ ၅၁၅သန်း၊ ၂၀၁၁-၂၀၁၂ခုနှစ်တွင် အမေရိကန်ဒေါ်လာ ၆၅၃ ဒသမ ၈၅၀သန်း၊ ၂၀၁၂- ၂၀၁၃ ခုနှစ်တွင်


*စာမျက်နှာ ၈ ကော်လံ ၆* ❖


## ယနေ့ » မာတိကာ

ပင်မသပိတ်မှောက်အဖွဲ့မှ ကျောင်းသား ကျောင်းသူအချို့ လက်ပံတန်းမြို့မဈေးရှေ့၌ ဆူပူဆန္ဒပြသဖြင့် ခေါ်ယူဆွေးနွေးလျက်ရှိ စာ » ၁၀

ရန်ကုန်မြို့ရှိ ပန်းခြံ ၅၉ ခုကို သကြၤန်အပြီး အခမဲ့ ဝင်ခွင့်ပေးမည် စာ » ၁၆





မြန်မာ့အလင်း အယ်ဒီတာ့အာဘော်

# ကြက်၊ ဘဲခြံများ ဇီဝလုံခြုံရေးအလေးထား

ကြက်ငှက်တုပ်ကွေးရောဂါသည် H5N1 ကူးစက်ဗိုင်းရပ်စ် တစ်မျိုးကြောင့်ဖြစ်ပွားခဲ့ရခြင်း ဖြစ်ပါသည်။ တောရိုင်း ကြက်ငှက်များမှ ကူးစက်သည့် ဤဗိုင်းရပ်စ်ရောဂါပိုးကို မက္ကဆီကိုနိုင်ငံ၌ ၂၀၀၉ ခုနှစ်က ပထမဆုံးဖြစ်ပွားခဲ့ပြီး ကမ္ဘာတစ်ဝန်းသို့ ကူးစက်ပျံ့နှံ့ခဲ့ကြောင်း သိရသည်။ ယခုအခါ ဤကြက်ငှက်တုပ်ကွေးဗိုင်းရပ်စ်ကို အမြစ်ပြတ်ဆောင်ရွက်နိုင်ခြင်းမရှိသေးဘဲ ကြက်ငှက်များမှတစ်ဆင့် လူသို့ကူးစက်မှုများ ဖြစ်ပွားနေဆဲဖြစ်ပါသည်။ အထူးသဖြင့် ကြက်ငှက်များရောဂါကျရောက်မှု အများဆုံးဖြစ်သည့် ဆောင်းရာသီကာလများ၌ ဖြစ်ပွားလေ့ရှိကြောင်း ပညာရှင်များကဆိုကြပါသည်။

စစ်ကိုင်းတိုင်းဒေသကြီး မုံရွာမြို့နယ် ကြက်မွေးမြူရေးဇုန်အတွင်း၌ ကြက်၊ ငုံးမွေးမြူရေးခြံများ တွင် ၁၀-၂-၂၀၁၅ ရက်မှစ၍ ကြက်၊ ငုံးများစတင်သေဆုံးခဲ့သောကြောင့် မွေးမြူရေးနှင့်ကုသရေးဦးစီးဌာနဓာတ်ခွဲခန်းများတွင် စစ်ဆေးခဲ့ရာ H5N1 ဗိုင်းရပ်စ်ပိုးဖြစ်ကြောင်း အတည်ပြုနိုင်ခဲ့ပြီးနောက် ရောဂါဖြစ်ပွားမှု လျင်မြန်စွာထိန်းချုပ်နိုင်ရန် အလေးထားဆောင်ရွက်လျက်ရှိပါသည်။ ထို့အတူ စစ်ကိုင်းတိုင်းဒေသကြီးနှင့် ထိစပ်လျက်ရှိသော မန္တလေးတိုင်းဒေသကြီးအပြင် အခြားသော တိုင်းဒေသကြီးနှင့်ပြည်နယ်တို့၌လည်း ကြိုတင်ကာကွယ်မှု (early prevention)၊ ကြိုတင်သတိပေးမှု (early warning)၊ ကြိုတင်ရောဂါ စူးစမ်းရှာဖွေမှု (early Detection) များ ဆောင်ရွက်လျက်ရှိပါသည်။ ကြက်ငှက်တုပ်ကွေးရောဂါသည် လူသို့ကူးစက်ခံရပါက သေဆုံးသည်အထိ ဖြစ်နိုင်ပါသည်။

အထူးသဖြင့် ကြက်၊ ဘဲ၊ ငုံး စသော မွေးမြူရေးခြံများ၌ ဇီဝလုံခြုံရေးကို အလေးထားဆောင်ရွက် လျက်ရှိပါသည်။ ကြက်ငှက်မွေးမြူရေးခြံများနှင့် ကြက်ဘဲအရှင်ရောင်းဈေး (Wet Market) များ၌ ပိုးသတ်သန့်ရှင်းခြင်းလုပ်ငန်းကို စနစ်တကျဆောင်ရွက်ရန်နှင့် ခြံပတ်ဝန်းကျင်သန့်ရှင်းရေးနှင့် မွေးမြူရေးခြံသုံး ပိုးသတ်ဆေးပုံမှန်ဖျန်းခြင်းပြုလုပ်ရန် မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနက တိုက်တွန်းထားပါသည်။

ကြက်၊ ဘဲခြံများအတွင်းဝင်ရောက်ပါက နှာခေါင်းစည်း၊ လက်အိတ်စသည့် အကာအကွယ်ပစ္စည်း များ စနစ်တကျဝတ်ဆင်ရန်၊ ကြက်၊ ဘဲများကိုကိုင်တွယ်ပြီးတိုင်း ကြက်ခြံမှထွက်ခွာသည့်အခါတိုင်း ဆပ်ပြာနှင့်လက်ဆေးခြင်း၊ တစ်ကိုယ်ရေသန့်ရှင်းရေး ပြုလုပ်ကြရန်လည်း လိုအပ်မည်ဖြစ်ပါသည်။ ကြက်၊ ငှက် အသား၊ ဥတို့ကို သေချာစွာချက်ပြုတ်ပြီးမှ စားသုံးသင့်ပါသည်။ အကယ်၍ ကြက်၊ ငှက်များရုတ်တရက်သေဆုံးကြောင်းသိရှိရပါက နီးစပ်ရာအုပ်ချုပ်ရေးအဖွဲ့၊ မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန မြန်မာနိုင်ငံမွေးမြူရေးလုပ်ငန်းအဖွဲ့ချုပ်သို့ ချက်ချင်းသတင်းပို့ရန်လိုအပ်ပါသည်။

သို့ပါ၍ ကြက်ငှက်တုပ်ကွေးရောဂါကြောင့် ပြည်သူများ၏ ကျန်းမာရေးထိခိုက်မှုမဖြစ်စေရန် မွေးမြူရေးလုပ်ငန်း လုပ်ကိုင်သူ လုပ်ငန်းရှင်များအနေဖြင့် မိမိတို့၏စီးပွားရေးကို တိုးပွားအောင်ဆောင်ရွက်ရမည်ဖြစ်သကဲ့သို့ ဘေးအန္တရာယ်ကင်းရှင်းရေးအတွက် ဇီဝလုံခြုံရေးကိုလည်း အမျိုးသားတာဝန်တစ်ရပ်အဖြစ် အထူးအလေးအနက်ထား ဆောင်ရွက်ကြရမည်ဖြစ်ပါကြောင်း။ ။

ပြည်တွင်းသတင်း

# မြန်မာနိုင်ငံ၏ ဆက်သွယ်ရေးဂြိုဟ်တု အသုံးပြုမှုနည်းပညာဖွံ့ဖြိုးတိုးတက်ရေး ဆွေးနွေးပွဲကျင်းပ

**နေပြည်တော် မတ် ၆**



သိပ္ပံနှင့် နည်းပညာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာ အောင်ကျော်မြတ်သည် မတ် ၅ ရက် နံနက် ၉ နာရီခွဲတွင် သိပ္ပံနှင့် နည်းပညာဝန်ကြီးဌာန၊ မြန်မာနိုင်ငံလေကြောင်းနှင့် အာကာသပညာတက္ကသိုလ်နှင့် အင်္ဂလန်နိုင်ငံ University of Surrey တို့ ပူးပေါင်း၍ Surrey Satellite Technology Ltd. နှင့် Myanmar First Satellite Corporation Ltd. တို့၏ ပံ့ပိုးမှုဖြင့် နေပြည်တော် Kempinski ဟိုတယ်၌ Seminar on Developing a Myanmar Satellite Program ဆွေးနွေးပွဲ အခမ်းအနားသို့ တက်ရောက်အမှာစကား ပြောကြားသည်။

ဒုတိယဝန်ကြီးက ပြောကြားရာတွင် မြန်မာနိုင်ငံအနေဖြင့် ဆက်သွယ်ရေးဂြိုဟ်တုများနှင့် ခေတ်ပေါ်အာကာသနည်းပညာများ အသုံးပြုနိုင်ရေး အစီအစဉ်တစ်ရပ် စတင်နိုင်ရန်ရည်ရွယ်၍ Semimar on Developing a Myanmar Satellite Program ကို ကျင်းပခြင်းဖြစ်ကြောင်း၊ မြန်မာနိုင်ငံ၏ လိုအပ်ချက်နှင့် ကိုက်ညီသော အာကာသစနစ် တည်ဆောက်အသုံးပြုရန် လိုအပ်လျက်ရှိရာ သိပ္ပံနှင့် နည်းပညာဝန်ကြီးဌာနအနေဖြင့် ပထမဦးစွာ မြန်မာနိုင်ငံလေကြောင်းနှင့် အာကာသပညာတက္ကသိုလ်အား တည်ဆောက်ခဲ့ပြီးဖြစ်ကြောင်း၊ ယခုအခါ မြန်မာနိုင်ငံ၏ အာကာသနည်းပညာဆိုင်ရာ ဦးဆောင်တက္ကသိုလ်ဖြစ်သော ယင်းတက္ကသိုလ်ကို အဆင့်မြင့်တက္ကသိုလ်တစ်ခုအဖြစ် ရပ်တည်နိုင်အောင် ကြိုးစားဆောင်ရွက်လျက်ရှိကြောင်း ပြောကြားသည်။

ထို့နောက် မြန်မာနိုင်ငံလေကြောင်းနှင့် အာကာသပညာတက္ကသိုလ် ပါမောက္ခချုပ်(တာဝန်)၊ ဒေါက်တာကြည်သွင်နှင့် University of Surrey မှ Surrey Space Centre ၏ ဒါရိုက်တာဖြစ်သူ Mr. Guglielmo Aglietti တို့သည် နည်းပညာများ ပူးပေါင်းဆောင်ရွက်ရန် ရည်ရွယ်သည့်စာလွှာ Letter of Intent ကို လက်မှတ်ရေးထိုးသည်။

အဆိုပါ ဆွေးနွေးပွဲသို့ ကာကွယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်ချုပ်ကျော်ညွှန့်၊ ဒုတိယဝန်ကြီး ဦးသောင်းတင်၊ တပ်မတော်သိပ္ပံနှင့် နည်းပညာသုတေသနဌာန၊ ပါမောက္ခချုပ် ဗိုလ်မှူးချုပ် မျိုးသန့်နှင့် တာဝန်ရှိသူများ၊ Surrey Satellite Technology Ltd. နှင့် Myanmar First Satellite Corporation Ltd. မှ တာဝန်ရှိသူများ တက်ရောက်ကြပြီး ဂြိုဟ်တုနှင့် အာကာသဆိုင်ရာ နည်းပညာများသင်ကြားရေးနှင့် နည်းပညာလွှဲပြောင်းရေးကိစ္စရပ်များ၊ လက်တွေ့စမ်းသပ်ခန်းများ ထူထောင်ရေးကိစ္စရပ်များနှင့် မြန်မာနိုင်ငံမှ ဆောင်ရွက်မည့် National Satellite Program အတွက် အထောက်အကူပြုမည့် ကိစ္စရပ်များအား ဆွေးနွေးကြကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

# ရွေးကောက်ပွဲဆိုင်ရာ အလုပ်ရုံဆွေးနွေး

**နေပြည်တော် မတ် ၆**

၂၀၁၅ ခုနှစ် နှစ်ကုန်ပိုင်းတွင် ကျင်းပမည့် ရွေးကောက်ပွဲအတွက် ရွေးကောက်ပွဲဆိုင်ရာ လုံခြုံရေးအသိပညာပေး ပူးပေါင်းဆောင်ရွက်မှု အလုပ်ရုံဆွေးနွေးပွဲ ဖွင့်ပွဲကို မတ် ၃ ရက် နံနက် ၉ နာရီက ဇမ္ဗူသီရိမြို့နယ်အမှတ်(၁) မြို့မရဲစခန်း သင်တန်းခန်းမ၌ ကျင်းပခဲ့သည်။

အခမ်းအနားတွင် ဒက္ခိဏခရိုင်ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးကြီး ဝင်းချွန်က အမှာစကားပြောကြားသည်။ အခမ်းအနားသို့ ဒက္ခိဏခရိုင်အတွင်းရှိ မြို့နယ်ရဲတပ်ဖွဲ့မှူးများ၊ ဒုတိယမြို့နယ်ရဲတပ်ဖွဲ့မှူးများ၊ စခန်းမှူးများ ရဲကင်းမှူးများ၊ ဒုရဲအုပ်(အလုပ်သင်)များ၊ အရာရှိများနှင့် ဇမ္ဗူသီရိမြို့နယ် ရွေးကောက်ပွဲကော်မရှင် အဖွဲ့ဝင် ဦးမောင်ဦး၊ ဦးအောင်မြင့်နှင့် သတင်းမီဒီယာများ တက်ရောက်ခဲ့ပြီး သင်တန်းကာလမှာ မတ် ၃ ရက်မှ ၇ ရက်အထိ ၅ ရက်ကြာမြင့်မည်ဖြစ်ကြောင်း သိရသည်။ **ကိုကိုရှုပ (နေပြည်တော်)**




## ရွှေ၊ ငွေ၊ စက်သုံးဆီနှင့် အခြေခံစားကုန်ဈေးနှုန်း ၆-၂-၂၀၁၅

**ရွှေဈေးနှုန်း(အောင်သမာဓိ)**

| | | | |
|---|---|---|---|
| ရန်ကုန် | ၁၆ ပဲရည် | တစ်ကျပ်သား | ကျပ် ၆၇၀၂၀၀ |
| ရန်ကုန် | ၁၅ ပဲရည် | တစ်ကျပ်သား | ကျပ် ၆၃၀၈၀၀ |
| မန္တလေး | ၁၆ ပဲရည် | တစ်ကျပ်သား | ကျပ် ၆၇၀၂၀၀ |

**စက်သုံးဆီဈေးနှုန်း(Max/Newday စက်သုံးဆီအရောင်းဆိုင်)**

| | | |
|---|---|---|
| ဓာတ်ဆီ | တစ်လီတာ | ကျပ် ၈၁၆ |
| ဒီဇယ် | တစ်လီတာ | ကျပ် ၆၈၀ |
| အောက်တိန်း၉၂ | တစ်လီတာ | ကျပ် ၆၅၀ |
| အောက်တိန်း၉၅ | တစ်လီတာ | ကျပ် ၈၈၀ |
| ပရီမီယံဒီဇယ် | တစ်လီတာ | ကျပ် ၉၀၀ |

**သားငါးနှင့်ဟင်းချက်စရာဈေးနှုန်း(သား/ငါးဒိုင်များ)**

| | | | |
|---|---|---|---|
| ၁။ | ငါးကြင်း | တစ်ပိဿာ | ၄၀၀၀-၄၈၀၀ |
| ၂။ | ငါးမြစ်ချင်း | တစ်ပိဿာ | ၃၅၀၀-၃၇၀၀ |
| ၃။ | ငါးရံ့ | တစ်ပိဿာ | ၄၅၀၀-၆၈၀၀ |
| ၄။ | ငါးဖယ် | တစ်ပိဿာ | ၁၂၀၀၀-၁၄၀၀၀ |
| ၅။ | ပုစွန် (ကျော့) | တစ်ပိဿာ | ၆၀၀၀-၁၂၀၀၀ |
| ၆။ | ပုစွန်တုပ် | တစ်ပိဿာ | ၇၀၀၀-၃၃၀၀၀ |
| ၇။ | ငါးသလောက် | တစ်ပိဿာ | ၆၅၀၀-၁၄၅၀၀ |
| ၈။ | ကြက် | တစ်ပိဿာ | ၄၅၀၀-၁၅၀၀၀ |
| ၉။ | ဝက် | တစ်ပိဿာ | ၇၀၀၀-၈၅၀၀ |
| ၁၀။ | အမဲ | တစ်ပိဿာ | ၈၀၀၀-၁၂၀၀၀ |
| ၁၁။ | ဆိတ် | တစ်ပိဿာ | ၁၃၀၀၀-၁၈၀၀၀ |
| ၁၂။ | ဘဲ | တစ်ပိဿာ | ၄၂၀၀-၉၅၀၀ |

**နိုင်ငံတကာသုံးငွေကြေးပေါက်ဈေး(သိမ်ဖြူငွေလဲကောင်တာ)**

| | | |
|---|---|---|
| အမေရိကန် | တစ်ဒေါ်လာ | ၁၀၄၀-၁၀၄၅ |
| ဥရောပ | တစ်ယူရို | ၁၂၀၀-၁၂၁၀ |
| စင်ကာပူ | တစ်ဒေါ်လာ | ၇၇၆-၇၈၀ |
| ထိုင်း | တစ်ဘတ် | ၃၁-၃၃.၅ |
| အိန္ဒိယ | တစ်ရူပီး | ၁၅.၅-၁၆ |
| တရုတ် | တစ်ယွမ် | ၁၆၃-၁၆၅ |
| မလေးရှား | တစ်ရင်းဂစ် | ၃၂၀-၃၂၅ |

**ဘုရင့်နောင်ကုန်စည်ဒိုင်ဈေးနှုန်း**

| | | |
|---|---|---|
| နှမ်းဆန် | တစ်အိတ် | ၁၈၀၀၀-၁၈၅၀၀ |
| မိုးဆန်သစ် (မနော်သုခ) | တစ်အိတ် | ၁၇၀၀၀-၁၇၅၀၀ |
| ပေါ်ဆန်း (အသစ်) | တစ်အိတ် | ၂၈၀၀၀-၃၂၀၀၀ |
| မြေပဲဆီ | တစ်ပိဿာ | ၄၀၀၀ |
| စားအုန်းဆီ | တစ်ပိဿာ | ၁၃၆၀ |
| ဆိပ်ဖြူကြက်သွန်နီ (အသစ်) | တစ်ပိဿာ | ၂၅၀-၄၂၅ |
| ရှမ်းကြက်သွန်ဖြူ (အသစ်) | တစ်ပိဿာ | ၁၅၀၀-၂၀၁၀ |
| ကြက်သွန်ဖြူ(ကြူကုတ်) | တစ်ပိဿာ | ၁၅၇၅ |
| အာလူး(ဆင်ဖြူကျွန်း) | တစ်ပိဿာ | ၃၆၀-၆၇၀ |
| ငရုတ်ရှည် (မိုးထောင်) | တစ်ပိဿာ | ၂၄၀၀-၂၆၅၀ |
| ငရုတ်ပွ (စိမ်းစား) | တစ်ပိဿာ | ၅၀၀၀-၅၄၀၀ |
| သကြား | တစ်ပိဿာ | ၈၁၅-၈၅၀ |


ကုန်စည်ဒိုင်ဈေးနှုန်းဖြစ်ပြီး အချိန်နှင့်အမျှ အပြောင်းအလဲရှိနိုင်ပါသည်။

ခင်ရတနာ-စုစည်းသည်။ ခင်ဆိုင်-စေ့ငုတင်ပြသည်။

# နှစ်နိုင်ငံတပ်မတော်နှစ်ရပ်အကြား ချစ်ကြည်ရင်းနှီးမှုနှင့် ပူးပေါင်းဆောင်ရွက်မှုတိုးမြှင့်ဆောင်ရွက်ရေးဆိုင်ရာကိစ္စရပ်များ ဆွေးနွေး

**နေပြည်တော် မတ် ၆**

တပ်မတော်ကာကွယ်ရေး ဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်သည် ယနေ့နံနက် ၁၀ နာရီခွဲတွင် နေပြည်တော်ရှိ ဇေယျာသီရိဗိမာန် ဧည့်ခန်းမဆောင်၌ ထိုင်းနိုင်ငံ ကာကွယ်ရေးဝန်ကြီးဌာန အမြဲတမ်းအတွင်းဝန် General Sirichai Distakul အား လက်ခံတွေ့ဆုံ၍ နှစ်နိုင်ငံတပ်မတော် နှစ်ရပ်အကြား ချစ်ကြည်ရင်းနှီးမှုနှင့် ပူးပေါင်းဆောင်ရွက်မှု တိုးမြှင့်ဆောင်ရွက်ရေး ဆိုင်ရာ ကိစ္စရပ်များအား အပြန်အလှန် ဆွေးနွေးပြောကြားသည်။ **(ယာပုံ)**



အဆိုပါတွေ့ဆုံပွဲသို့ တပ်မတော်ကာကွယ်ရေး ဦးစီးချုပ်နှင့်အတူ ဒုတိယတပ်မတော် ကာကွယ်ရေး ဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ် (ကြည်း) ဒုတိယ ဗိုလ်ချုပ်မှူးကြီး စိုးဝင်းနှင့် ကာကွယ်ရေးဦးစီးချုပ်ရုံးမှ တပ်မတော်အရာရှိကြီးများ တက်ရောက်ကြပြီး ထိုင်းနိုင်ငံကာကွယ်ရေး ဝန်ကြီးဌာန အမြဲတမ်းအတွင်းဝန်နှင့်အတူ တာဝန်ရှိသူများ၊ မြန်မာနိုင်ငံဆိုင်ရာ ထိုင်းနိုင်ငံကြည်းတပ် စစ်သံမှူး Colonel Salawin Uttarak တို့ တက်ရောက်ခဲ့ကြကြောင်း သတင်းရရှိသည်။ **(မြဝတီ)**

■ ***ကျောဖုံးမှ***

ကမ်းနားလမ်းတစ်လျှောက် ကြည့်ရှုတိုင်းတာမှုများပြုလုပ်ခဲ့သည်။ ဓာတ်အားလိုင်းအတွက် ပြည်တွင်းထုတ်လုပ်မှု လျှပ်စစ်စက်ပစ္စည်းများ အသုံးပြုနိုင်ရေးအတွက် တောင်ဒဂုံစက်မှုဇုန်ရှိ စိုးလျှပ်စစ်စက်ရုံသို့ သွားရောက်၍ လေ့လာခဲ့သည်။ စက်ရုံသုံးကုန်ကြမ်း သယ်ရန်လျှပ်စစ်ရထားအသုံးပြုနေသော ကြံခင်းမြို့ရှိ ဘိလပ်မြေစက်ရုံ၏ လျှပ်စစ်ရထားစနစ်ကိုလည်း သွားရောက်လေ့လာပြီး ရန်ကုန်မြို့နှင့် အသင့်လျော်ဆုံး လျှပ်စစ်ရထားနှင့် ကောင်းကင်ဓာတ်အားလိုင်းဒီဇိုင်းပုံစံများကို ရေးဆွဲသွားမည်ဖြစ်သည်။ ရန်ကုန်မြို့ ကမ်းနားလမ်းတွင် ပြေးဆွဲမည့် လျှပ်စစ်ရထားအတွက် တွဲသုံးတွဲပါ ရထားနှစ်စင်းနှင့် ဓာတ်အားလိုင်းများအတွက် တင်ဒါခေါ်ယူထားပြီးဖြစ်၍ ဂျပန်နိုင်ငံမှ နည်းပညာအကူအညီဖြင့် မကြာမီ စတင်ဆောင်ရွက်နိုင်တော့မည်ဖြစ်ကြောင်း သိရသည်။ **မြန်မာ့မီးရထား**

ပြည်တွင်းသတင်း

## စစ်အုပ်ချုပ်ရေး အမိန့်အမှတ် (၂/၂၀၁၅)

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**
**တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ရုံး**
**စစ်အုပ်ချုပ်ရေးအမိန့်အမှတ် (၂/၂၀၁၅)**
**၁၃၇၆ ခုနှစ်၊ တပေါင်းလပြည့်ကျော် (၂) ရက်**
**၂၀၁၅ ခုနှစ်၊ မတ်လ၊ (၆) ရက်**

၁၃၇၆ ခုနှစ်၊ တပေါင်းလဆန်း(၁) ရက်၊ ၂၀၁၅ ခုနှစ်၊ ဖေဖော်ဝါရီလ (၁၈) ရက် ရက်စွဲဖြင့် ထုတ်ပြန်ခဲ့သည့် စစ်အုပ်ချုပ်ရေးအမိန့်အမှတ် (၁/၂၀၁၅) ၏ အပိုဒ် (၄)၊ အပိုဒ် ခွဲ(ခ)၊ အပိုဒ်ခွဲငယ်(၃) ကို အောက်ပါအတိုင်း ပြင်ဆင်လိုက်သည်-

"ပြစ်ဒဏ်ချမှတ်ခြင်း။ နောက်ဆက်တွဲဇယား (က)ပါ ပြစ်မှုတစ်ခုခုကို ကျူးလွန်သူအားစစ်ခုံရုံးက ပြစ်မှုထင်ရှားစီရင်ပါက တည်ဆဲဥပဒေများနှင့်အညီ အောက်ပါပြစ်ဒဏ်တစ်မျိုးမျိုးကို ချမှတ်ရမည်-

(ကက) သေဒဏ်
(ခခ) နှစ်အကန့်အသတ်မရှိထောင်ဒဏ်
(ဂဂ) သက်ဆိုင်ရာပြစ်မှုအလိုက် သတ်မှတ်ထားသော အမြင့်ဆုံး ပြစ်ဒဏ်။"



လက်မှတ်
အဆင့် ။ ဗိုလ်ချုပ်မှူးကြီး
ရာထူး ။ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်
ဌာန ။ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ရုံး

# ပြန်လည်ထူထောင်ရေးလုပ်ငန်းများကို အမြန်ဆုံးနှင့် အထိရောက်ဆုံးဖြစ်အောင် လုပ်ဆောင်ကြရမည်

**နေပြည်တော် မတ် ၆**

ရှမ်းပြည်နယ်၊ ကိုးကန့်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ပြန်လည်ထူထောင်ရေးအုပ်ချုပ်မှု အထောက်အကူပြုကော်မတီဥက္ကဋ္ဌ သမ္မတရုံးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးလှထွန်းသည် မတ် ၅ ရက် နေ့လယ်ပိုင်းက လားရှိုးမြို့ ပြည်နယ်ဒုတိယအထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ဌာနဆိုင်ရာများနှင့် တွေ့ဆုံသည်။

အဆိုပါတွေ့ဆုံပွဲသို့ ကော်မတီဒုတိယဥက္ကဋ္ဌများဖြစ်ကြသည့် မွေးမြူရေး၊ ရေလုပ်ငန်းနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအုန်းမြင့်နှင့် ရှမ်းပြည်နယ်ဝန်ကြီးချုပ် ဦးစဝ်အောင်မြတ်၊ ကော်မတီအဖွဲ့ဝင်များ၊ ဌာနဆိုင်ရာ အကြီးအကဲများနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

ကော်မတီဥက္ကဋ္ဌ ပြည်ထောင်စုဝန်ကြီး ဦးလှထွန်းက အမှာစကားပြောကြားရာတွင် ကိုးကန့်သောင်းကျန်းသူအဖွဲ့၏ အကြမ်းဖက်တိုက်ခိုက်မှုကြောင့် တည်ငြိမ်အေးချမ်းမှု ပျက်ပြားသွားသည့် ဒေသခံတိုင်းရင်းသား ပြည်သူများ၏ လူမှုစီးပွားအခြေအနေများကို ပြန်လည်ထူထောင်နိုင်ရေး ကူညီဆောင်ရွက်ပေးရန်အတွက် ဖွဲ့စည်းပေးထားသည့် အထောက်အကူပြု ကော်မတီဖြစ်ပါကြောင်း၊ တိုင်းရင်းသားညီအစ်ကိုမောင်နှမများ အေးချမ်းစွာနေထိုင်ရာမှ ကစဥ့်ကလျားဖြစ်သွားခဲ့ရပါကြောင်း။

ပြည်သူများ၏ လူနေမှုဘဝ လုံခြုံရေး၊ တည်ငြိမ်အေးချမ်းစွာ နေထိုင်နိုင်ရေးနှင့် တရားဥပဒေစိုးမိုးရေးကို သက်ဆိုင်ရာဒေသအစိုးရအဖွဲ့တာဝန်ရှိသူများမှ မြန်မြန်ထက်ထက်တည်ငြိမ်အောင် ဆောင်ရွက်သွားကြရမည် ဖြစ်ပါကြောင်း၊ ဌာနဆိုင်ရာများအနေဖြင့် မိမိတို့နှင့်သက်ဆိုင်သည့် ကဏ္ဍများအလိုက် ပြန်လည်ထူထောင်ရေးလုပ်ငန်းများကို အမြန်ဆုံးနှင့် အထိရောက်ဆုံးဖြစ်အောင် လုပ်ဆောင်ကြရမည် ဖြစ်ပါကြောင်း။

အုပ်ချုပ်ရေး၊ ပညာရေး၊ ကျန်းမာရေးကဏ္ဍများတွင် တာဝန်ယူကြရသည့် နိုင်ငံ့ဝန်ထမ်းများအနေဖြင့် ကိုးကန့်ဒေသအတွင်း အုပ်ချုပ်မှုပိုင်းဆိုင်ရာလုပ်ငန်းများ ပြန်လည်တာဝန် ထမ်းဆောင်နိုင်ရန်အတွက် စီမံဆောင်ရွက်သွားကြရမည်ဖြစ်ပါကြောင်း။

တိုင်းပြည်တည်ငြိမ်အောင်နှင့် ထာဝရငြိမ်းချမ်းရေးရအောင် ရည်မှန်းချက်ထားရှိ ဆောင်ရွက်နေစဉ်အတွင်း ကိုးကန့်ဒေသတွင်ဖြစ်ပွားသည့် ဖြစ်စဉ်သည် လွန်စွာဝမ်းနည်းဖွယ်ရာကောင်းပါကြောင်း၊ ဌာနဆိုင်ရာများအနေဖြင့် မိမိဌာနအလိုက် ဆောင်ရွက်ပြီး၊ ဆောင်ရွက်ဆဲနှင့် ရှေ့ဆက်ဆောင်ရွက်မည့်လုပ်ငန်းများကို ကော်မတီနှင့် ပူးပေါင်းပြီး ပြန်လည်ထူထောင်ရေးလုပ်ငန်းများကို လက်တွေ့ကျကျ ဆောင်ရွက်သွားကြရန်လိုပါကြောင်းဖြင့် တိုက်တွန်းပြောကြားသည်။



ဆက်လက်၍ ကော်မတီဒုတိယဥက္ကဋ္ဌဝန်ကြီးချုပ် ဦးစဝ်အောင်မြတ်က ကိုးကန့်ဒေသ နယ်မြေအခြေအနေများ၊ ကိုးကန့်ဒေသပြန်လည်ထူထောင်ရေး လုပ်ငန်းစဉ်များနှင့် ဘဏ္ဍာရေးနှစ်အလိုက် ဆောင်ရွက်ဆဲ၊ ဆောင်ရွက်ပြီးစီးမှုနှင့် ဆက်လက်ဆောင်ရွက်မည့် လုပ်ငန်းစဉ်များကို ရှင်းလင်းတင်ပြသည်။

ထို့နောက် ဌာနဆိုင်ရာများက မိမိတို့နှင့်သက်ဆိုင်သည့် ကဏ္ဍများအလိုက် လိုအပ်ချက်များနှင့် ဆက်လက်ဆောင်ရွက်မည့် လုပ်ငန်းအစီအစဉ်များနှင့် ကော်မတီအဖွဲ့ဝင်များက သက်ဆိုင်ရာပညာရေး၊ ကျန်းမာရေးကဏ္ဍများ၊ လုံခြုံရေး၊ ဆက်သွယ်ရေး၊ သယ်ယူပို့ဆောင်ရေးနှင့်ပတ်သက်သည့် ကိစ္စရပ်များကို ရှင်းလင်းတင်ပြကြရာ ကော်မတီဥက္ကဋ္ဌ ပြည်ထောင်စုဝန်ကြီးက ပေါင်းစပ်ညှိနှိုင်းပေးသည်။

ကော်မတီဥက္ကဋ္ဌက နိဂုံးချုပ်ပြောကြားရာတွင် ယနေ့အစည်းအဝေးသည် ကိုးကန့်ဒေသရှိ ဌာနဆိုင်ရာရုံးများကို အမြန်ဆုံး ပြန်လည်ဖွင့်လှစ်ပေးနိုင်ရန်နှင့် ဒေသခံများ၏ လူမှုစီးပွားဘဝကို ကူညီဆောင်ရွက်ပေးပြီး ဒေသကို ဦးမော့လာအောင် ဆောင်ရွက်ကြရမည်ဖြစ်ပါကြောင်း။

စွန့်စွန့်စားစား တာဝန်ထမ်းဆောင်ခဲ့သည့် နိုင်ငံ့ဝန်ထမ်းများကို မှတ်တမ်းတင်ထားမည်ဖြစ်ပါကြောင်း၊ အုပ်ချုပ်ရေးကိစ္စသည် လူသားတိုင်း မလွဲမသွေ ရင်ဆိုင်နေကြရပြီး ကိုးကန့်ဒေသတွင် တရားဥပဒေစိုးမိုးရေးနှင့် ဖွံ့ဖြိုးတိုးတက်မှုများ ရှိလာအောင် အမြန်ဆုံး ပြန်လည်ထူထောင်သွားရမည်ဖြစ်ပါကြောင်းဖြင့် ပြောကြားသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့ဝင်များသည် သီရိမင်္ဂလာမန်ဆူရှမ်းကျောင်းတိုက် ဆရာတော် အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တပုညနန္ဒအား ဖူးမြော်ကြည်ညိုပြီး နိုင်ငံတော်သမ္မတကြီးမှ လှူဒါန်းသည့် ငွေကျပ်သိန်း ၃၀၀အား ပြည်ထောင်စုဝန်ကြီး ဦးလှထွန်းက ပေးအပ်လှူဒါန်းသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးနှင့် အဖွဲ့ဝင်များသည် စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနပိုင် ပစ္စည်းသိုလှောင်ရုံများအား ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

# ဝက်လက်၌ တက္ကသိုလ်ဝင်စာမေးပွဲစာစစ်ဌာန ငါးခုထားရှိမည်

**ဝက်လက် မတ် ၆**

ဝက်လက်မြို့နယ်တွင် မတ် ၁၁ ရက်တွင် ကျင်းပမည့် ၂၀၁၅ ခုနှစ် တက္ကသိုလ်ဝင် စာမေးပွဲအတွက် (အထက)နှစ်နေရာ လှုတောကျေးရွာ၊ ရွှေပန်းကုန်း ကျေးရွာနှင့်ရှိမ်းမကား ကျေးရွာစာစစ်ဌာနပေါင်း ငါးခုထားရှိမည်ဖြစ်ပြီး ကျောင်းသား ကျောင်းသူ စုစုပေါင်း ၂၃၀၀ ဖြေဆိုမည် ဖြစ်သည်။

အဆိုပါ စာစစ်ဌာနများတွင် ကျောင်းသား ကျောင်းသူများအေးချမ်းစွာဖြေဆိုရန် ကျောင်းဝင်းပိုင်းစည်းနှင့် အပြင်ပိုင်းစည်းဟူ၍နှစ်မျိုး ထားရှိမည်ဖြစ်ကြောင်း သိရသည်။

ကျောင်းဝင်းပိုင်းစည်းတွင် ပညာရေးဌာနမှ တာဝန်ခံများထားရှိပြီး ကျောင်းအပြင်ပိုင်းစည်းတွင် ဌာနဆိုင်ရာများ၊ ရပ်/ကျေးအုပ်ချုပ်ရေးမှူးများ၊ အရန်မီးသတ်တပ်ဖွဲ့ဝင်များထားရှိမည်ဖြစ်ကြောင်း သိရသည်။

**နန်းမြင့်(ဝက်လက်)**

# တောင်တွင်းကြီးမြို့နယ်၌ တိုင်းရင်းဆေးဝါးများဖြင့် အခမဲ့ကွင်းဆင်းကုသ

**တောင်တွင်းကြီး မတ် ၆**

မကွေးတိုင်းဒေသကြီး တောင်တွင်းကြီးမြို့နယ် တိုင်းရင်းဆေးကုဌာနနှင့် မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းတို့ပူးပေါင်း၍မြို့ပေါ် ၁၀ ရပ်ကွက်၊ ကျေးရွာအုပ်စု ၇၂ အုပ်စုကျေးရွာပေါင်း ၂၇၅ ရွာကို ကွင်းဆင်း၍ တိုင်းရင်းဆေးဝါးများဖြင့် ပြည်သူများအားအခမဲ့ဆေးကုသပေးလျက်ရှိရာ မတ် ၅ ရက်နံနက်ပိုင်းက ချောင်းနက်အနောက်ကျေးရွာသို့ရောက်ရှိပြီး ဆေးဝါးများ ကုသပေးခဲ့ကြသည်။ထိုသို့ဆေးဝါးများ ကွင်းဆင်းကုသရာတွင် မြို့နယ်တိုင်းရင်းဆေးမှူး ဦးမင်းဇော်ဦးနှင့် ဝန်ထမ်းများ၊မြို့နယ်မိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်းဥက္ကဋ္ဌ ဒေါ်ခင်မို့မို့ထွန်းနှင့်အဖွဲ့ဝင်များ၊ အမျိုးသမီးရေးရာအဖွဲ့များက ကျေးလက်နေပြည်သူစုစုပေါင်း ၂၇၅ ဦးတို့၏ ကျန်းမာရေးစောင့်ရှောက်မှု လုပ်ငန်းများကို ဇီဝိတဒါနအဖြစ် တိုင်းရင်းဆေးဝါးများဖြင့်အခမဲ့ဆေးကုသပေးခဲ့ကြကြောင်း သိရသည်။ **နိုင်ဝင်း**

နိုင်ငံတကာသတင်း

# အယ်လ်နူဆရာတပ်ဦးခေါင်းဆောင် လေကြောင်းတိုက်ခိုက်မှုတွင်သေဆုံး

**အယ်လ်ပို မတ် ၆**

ဆီးရီးယားနိုင်ငံ၏ အယ်လ်နူဆရာတပ်ဦး၏ စစ်သွေးကြွအုပ်စု စစ်ဘက်အကြီးအကဲသည် လေကြောင်းတိုက်ခိုက်မှုတစ်ခုကြောင့် သေဆုံးသွားကြောင်း အဆိုပါစစ်သွေးကြွအုပ်စုက ပြောသည်။

အဘူဟိုမမ် အယ်လ်ရှာမီနှင့် အတူ အခြားခေါင်းဆောင်သုံးဦးတို့လည်း လေကြောင်းမှတိုက်ခိုက်ခံရစဉ် သေဆုံးခဲ့ကြောင်း အဆိုပါဂျီဟတ်အုပ်စုက ဆိုရှယ်မီဒီယာမှတစ်ဆင့် ပြောသည်။

ဆီးရီးယား တပ်မတော်သည် အိုင်းဒလစ်ပြည်နယ် မြောက်ပိုင်း၌ ရင်ဆိုင်တိုက်ခိုက်ခဲ့ရာတွင် အယ်လ်နူဆရာတပ်ဦး စစ်သွေးကြွများ၏ ခေါင်းဆောင်များကို ပစ်မှတ်ထားတိုက်ခိုက်ခဲ့ကြောင်း ဆီးရီးယားနိုင်ငံပိုင်သတင်းအေဂျင်စီက ပြောသည်။

အဆိုပါ နူဆရာတပ်ဦးသည် ဆီးရီးယားသမ္မတ ဘာရှာအယ်လ်



အာဆတ်ကိုဖြုတ်ချရန် တိုက်ပွဲဝင်နေသော အင်အားအကြီးဆုံးအုပ်စုများအနက် တစ်ခုဖြစ်သည်။

အဓိကတိုက်ခိုက်မှုတွင် ဗုဒ္ဓဟူးနေ့က အလက်ပိုမြို့ရှိ လေတပ်ထောက်လှမ်းရေး ဌာနချုပ်တိုက်ခိုက်မှုလည်းပါဝင်သည်။ အယ်လ်နူဆရာက အခြားခေါင်းဆောင်သုံးဦးလည်း တိုက်ခိုက်မှုတွင် သေဆုံးခဲ့ကြောင်း ကြာသပတေးနေ့တွင် အတည်ပြုပြောကြားသည်။

**(ဘီဘီစီ)**

# ကွမ်ကျိုးဘူတာရုံ၌ ဓားဖြင့်တိုက်ခိုက်မှုဖြစ်ပွား ကိုးဦးဒဏ်ရာရ

**ကွမ်ကျိုး မတ် ၆**

သောကြာနေ့ နံနက်ပိုင်းက တရုတ်နိုင်ငံတောင်ပိုင်း စီးပွားရေးအချက်အချာမြို့ဖြစ်သည့် ကွမ်ကျိုးရှိ ဘူတာရုံ၌ ဓားဖြင့်တိုက်ခိုက်မှုဖြစ်ပွားခဲ့ရာ ဒေသခံကိုးဦးနှင့် ရဲအရာရှိတစ်ဦး ဒဏ်ရာရရှိခဲ့ကြောင်း ဒေသရဲစခန်းမှ သိရသည်။

ဓားကိုင်ဆောင်သူနှစ်ဦးသည် ဘူတာရုံလမ်းဆုံအပြင်ဘက်တွင်ရှိနေစဉ် နံနက် ၈ နာရီ ၁၈ မိနစ်ခန့်က တိုက်ခိုက်မှုဖြစ်ပွားခဲ့သည်ဟု မြို့တော်ရှိ ရထားလုံခြုံရေးအဖွဲ့က ပြောသည်။ သံသယရှိသူအား ရဲများက အသေပစ်ခတ် ဖမ်းဆီးခဲ့ပြီး ဒဏ်ရာရရှိထားသည့် ကျန်တစ်ဦးကို လက်ရဖမ်းဆီးခဲ့သည်။

ဘယ်ဘက်လက်မ၌ ထိခိုက်ဒဏ်ရာရရှိခဲ့သူ ရဲအရာရှိချန်က ဓားသမားကို သေနတ်ဖြင့် သုံးချက်ပစ်ခတ်ခဲ့ပြီး အခြားရဲများက ငါးချက်ပစ်ခတ်ခဲ့သည်ဟုဆိုသည်။

ဓားသမားဟုယူဆရသူသည် ဘူတာရုံထွက်ပေါက်မှ ပြေးထွက်လာပြီး မြေကြီးပေါ်လဲကျနေသော အမျိုးသမီးတစ်ဦးနှင့် ကလေးငယ်တစ်ဦးကို လိုက်လံဖမ်းဆီးခဲ့သည်ဟု ချန်ကပြောသည်။

သံသယရှိသူမှာ ဒဏ်ရာရရှိခဲ့ပြီး အမျိုးသမီးနှင့် ကလေးငယ်တို့ ထိခိုက်မှုမရှိခဲ့ပေ။ အဆိုပါ သံသယရှိသူကို ကွမ်ကျိုးရှိ တပ်မတော်စစ်ဆေးရုံသို့ တင်ပို့ထားသည်။ ဒေသခံလေးဦးမှာ အရေးပေါ်ကုသမှုခံယူလျက်ရှိပြီး ကျန်ငါးဦးကို ပုံမှန်ကုသမှုများ လုပ်ဆောင်ပေးခဲ့ကြောင်း သိရသည်။

**(ဆင်ဟွာ)**

# အစ္စရေးနှင့်လုံခြုံရေးသဘောတူချက် ပါလက်စတိုင်းဖျက်သိမ်း

**ရာမာလာ မတ် ၆**

ပါလက်စတိုင်း လွတ်မြောက်ရေးအဖွဲ့(ပီအယ်လ်အို)က ၁၉၉၃ ခုနှစ် အော်စလို သဘောတူညီချက်အရ အစ္စရေးနှင့် လုံခြုံရေး ပူးပေါင်းဆောင်ရွက်ရေး သဘောတူညီချက်ကို အဆုံးသတ်ရန် ဆုံးဖြတ်လိုက်ပြီဖြစ်သည်။

ပီအယ်လ်အိုသည် ပါလက်စတိုင်းပြည်သူတစ်ရပ်လုံးကို ကိုယ်စားပြုသောအဖွဲ့ဖြစ်ပြီး ယင်းဆုံးဖြတ်ချက်သည် ပါလက်စတိုင်းအာဏာပိုင်အဖွဲ့ကိုပါ အကျိုးသက်ရောက်စေမည်ဖြစ်သည်။

ယင်း သဘောတူညီချက်ကို ဖျက်သိမ်းလိုက်ခြင်းဖြင့် ဟားမားစ်ကဲ့သို့သော စစ်သွေးကြွအုပ်စုများအပေါ် ထောက်လှမ်းရေးသတင်းများ ဖလှယ်ခြင်းကို အဆုံးသတ်မည်ဖြစ်သည်။

ယင်းဆုံးဖြတ်ချက်သည် အစ္စရေးနှင့် ပါလက်စတိုင်း အာဏာပိုင်အဖွဲ့အကြား ဆက်ဆံရေးကိုပါ ပိုမိုဆိုးရွားစွာထိခိုက်လာနိုင်သည်။ အမှုဆောင်ကော်မတီက အနောက်ဘက်ကမ်းဒေသ ရာမာလာမြို့ကောင်စီ ဗဟိုအစည်းအဝေး၌ အဆိုပါဆုံးဖြတ်ချက်ကို အကောင်အထည်ဖော်ဆောင်ရွက်ရန် တွေ့ဆုံပွဲပြုလုပ်နိုင်ကြောင်း ပီအယ်လ်အိုက ကြာသပတေးနေ့တွင် ပြောသည်။



အစ္စရေးတို့က ပါလက်စတိုင်းအာဏာပိုင်အဖွဲ့ကို အဓိကရန်ပုံငွေထူထောင်ပေးထားသည့် အခွန်အတုပ်လွှဲပြောင်းမှုများကို ဖြတ်တောက်လိုက်ပြီးနောက် လက်တုံ့ပြန်မှုတစ်ရပ်အဖြစ် အဆိုပါကြေညာချက်ကို ထုတ်ပြန်ခဲ့ခြင်း ဖြစ်နိုင်ကြောင်း လေ့လာသူများက ဆိုသည်။

ပါလက်စတိုင်း အာဏာပိုင်အဖွဲ့က ဆုံးဖြတ်ချက်ကို ဇန်နဝါရီလတွင် နိုင်ငံတကာတရားရုံး(အိုင်စီစီ)သို့တင်ပြခဲ့ပြီးနောက် အစ္စရေးတို့ဘက်က အခွန်အတုပ်များလွှဲပြောင်းပေးခဲ့မှုကို ဖြတ်တောက်ခဲ့သည်။

**(ဘီဘီစီ)**

# ကန်သံအမတ်ကြီးအား ဓားဖြင့်ခုတ်ခဲ့သူကို တောင်ကိုရီးယားရဲတပ်ဖွဲ့က တရားစွဲဆိုနိုင်ရန်စီစဉ်

**ဆိုးလ် မတ် ၆**

တောင်ကိုရီးယားရဲများသည် တောင်ကိုရီးယားနိုင်ငံဆိုင်ရာ အမေရိကန်သံအမတ်ကြီးအား ဓားဖြင့်ခုတ်ခဲ့သူကို လူသတ်ရန် ကြိုးစားမှုဖြင့် တရားစွဲဆိုနိုင်ရန် စီစဉ်လျက်ရှိသည်။

လွန်ခဲ့သော ကြာသပတေးနေ့တွင် ကင်ကီဂျွန်ဆိုသူက ၎င်းသံအမတ်ကြီးကို ဓားဖြင့်တိုက်ခိုက်ခဲ့သဖြင့် သံအမတ်ကြီး မက်ခ်လစ်ပ်ပက်တ်သည် ဆေးရုံသို့ တက်ရောက်ကုသခဲ့ရပြီး ယခုအခါ အခြေအနေကောင်းမွန်လာပြီဖြစ်သည်။

တိုက်ခိုက်မှုဖြစ်ပွားချိန်တွင် မစ္စတာကင်သည် တောင်မြောက် ကိုရီးယားနှစ်နိုင်ငံ ပြန်လည်ပေါင်းစည်းရေးကို တောင်းဆိုခဲ့သည်။

မစ္စတာကင်သည် မြောက်ကိုရီးယားနှင့် မည်သို့ဆက်စပ်နေသည်ကို စုံစမ်းစစ်ဆေးမှုများ ပြုလုပ်နေကြောင်း၊ မြောက်ကိုရီးယားခရီး စဉ်နှင့် အမေရိကန်သံအမတ်ကြီးကို ပြစ်မှုကျူးလွန်ခြင်းသည် မည်သို့သက်ဆိုင်မှုရှိကြောင်း စုံစမ်းစစ်ဆေးမှုများပြုလုပ်နေသည်ဟု ရဲအဖွဲ့က ပြောကြားခဲ့သည်။

မစ္စတာကင်သည် အမျိုးသားရေးဝါဒီ စစ်ရေးလှုပ်ရှားမှုပြုလုပ်ခဲ့သည့် ရာဇဝင်ရှိခဲ့ကြောင်း မီဒီယာက ပြောသည်။ တောင်ကိုရီးယားရှိ လူနည်းစုက ခွဲထွက်ကိုရီးယား ကျွန်းဆွယ်ပြန်လည်ပေါင်းစည်းရေးတွင် အမေရိကန်က ပိတ်ပင်တားဆီးနေသည်ဟု ရှုမြင်နေကြသည်။

အသက် ၅၅ နှစ်အရွယ်ရှိ မစ္စတာကင်ကို လူသတ်ရန်ကြိုးစားမှု၊ နိုင်ငံခြားသံတမန်အပေါ် အကြမ်းဖက်မှု၊ စီးပွားရေးပိတ်ပင်တားဆီးမှုတို့ဖြင့် အာဏာပိုင်များက တရားစွဲလိုကြောင်း ယွန်ဟက်ပ်သတင်းအေဂျင်စီက ဖော်ပြခဲ့သည်။ ရဲတပ်ဖွဲ့များက မစ္စတာကင်ကို ဖမ်းဆီးခွင့်တောင်းခဲ့သည်။

မစ္စတာကင်သည် အမေရိကန်သံအမတ်ကြီးကို သတ်ရန် မရည်ရွယ်ခဲ့ကြောင်း ပြောခဲ့သည်။

**(ဘီဘီစီ)**

# ရုပ်ရှင်သရုပ်ဆောင် ဟာရီဆင်ဖို့ဒ် လေယာဉ်ပျက်ကျမှုကြောင့် ဒဏ်ရာရ

**လော့စ်အိန်ဂျလိစ် မတ် ၆**

အမေရိကန်ရုပ်ရှင်သရုပ်ဆောင် ဟာရီဆင်ဖို့ဒ်သည် လော့စ်အိန်ဂျလိစ်မြို့၌ လေယာဉ်ငယ်ပျက်ကျမှုကြောင့် ထိခိုက်ဒဏ်ရာရရှိခဲ့သည်။ Indiana Jones နှင့် Star Wars ရုပ်ရှင်ဇာတ်ကားတို့ဖြင့် အောင်မြင်ခဲ့သော အသက် ၇၂ နှစ်အရွယ်ရှိ ဟာရီဆင်ဖို့ဒ်၏ လေယာဉ်သည် စက်ချွတ်ယွင်းမှုကြောင့် ဗင်းနစ်ဂေါက်ကွင်းပေါ်သို့ လေယာဉ်ဝမ်းဖြင့် ရုပ်ဆင်းခဲ့ရသည်။

ဆေးဝန်ထမ်းများ ရောက်ရှိလာပြီး ဆေးရုံသို့ ခေါ်ဆောင်သွားချိန်တွင် ၎င်းသည် အသက်ရှင်လျက်ရှိပြီး မေ့မြောသွားခြင်းမရှိကြောင်းနှင့် စိုးရိမ်ရဖွယ်အခြေအနေမရှိကြောင်း မီးသတ်ဌာနပြောရေးဆိုခွင့်ရှိသူက ပြောခဲ့သည်။ ဒဏ်ရာများကြောင့် အသက်အန္တရာယ် ထိခိုက်မည်ကို မစိုးရိမ်ရကြောင်းနှင့် ပြန်လည်ကျန်းမာလာမည်ဟု မျှော်လင့်ရကြောင်း ၎င်း၏ပြောရေးဆိုခွင့်ရှိသူက ပြောခဲ့သည်။

စန်တာမိုနီကာ လေဆိပ်မှ စတင်ပျံသန်းပြီးနောက် ဟာရီဆင်ဖို့ဒ်သည် ၎င်း၏လေယာဉ် စက်ချွတ်ယွင်းနေကြောင်းပြောခဲ့ပြီး ချက်ချင်းပြန်လှည့်ရန် ကြိုးပမ်းခဲ့သည်။ လေယာဉ်သည် ပြေးလမ်းပေါ် မရောက်ရှိဘဲ ဂေါက်ကွင်းပေါ်တွင် အရေးပေါ်ဆင်းသက်ခဲ့ရသည်။

ပေါက်ကွဲမှု ဖြစ်ပွားခဲ့ခြင်းမရှိကြောင်းနှင့် ဝင်တိုက်မိသည့်အသံသာ ကြားရကြောင်း ဂေါက်ကွင်း၌ဂေါက်သီးကစားနေသူတစ်ဦးက ပြောသည်။

သေချာစွာလေ့ကျင့် သင်ကြားထားသော လေယာဉ်မှူးတစ်ဦးက အရေးပေါ် ဆင်းသက်မှုကို သေသပ်လှပစွာပြုလုပ်နိုင်ခဲ့ကြောင်း စန်တာမိုနီကာလေဆိပ် အဖွဲ့အစည်းမှ တာဝန်ရှိသူတစ်ဦးက ပြောသည်။

လေယာဉ်ပေါ်တွင် မစ္စတာဖို့ဒ် တစ်ဦးတည်းသာ လိုက်ပါလာခြင်းဖြစ်သည်။

**(ဘီဘီစီ)**



ဥပဒေရေးရာ

***National Network for Education Reform (NNER)*** *နှင့် ဒီမိုကရေစီပညာရေးလှုပ်ရှားမှု ဦးဆောင်ကော်မတီတို့မှ ကိုယ်စားလှယ်များကိုယ်စား ဒေါက်တာသိန်းလွင်၊ ဒေါက်တာညိုညိုသင်းနှင့် ဦးအောင်မိုင်းဆန်းတို့ လက်မှတ်ရေးထိုးတင်သွင်းထားသည့် အမျိုးသားပညာရေးဥပဒေကို ပြင်ဆင်သည့်ဥပဒေကြမ်းနှင့် ပတ်သက်ပြီး ရှုထောင့်အမျိုးမျိုးမှ သုံးသပ်ရေးသားသည့် ဆောင်းပါးများအနက် သတင်းနှင့်စာနယ်ဇင်းလုပ်ငန်း၏ အများပြည်သူဝန်ဆောင်မှုမီဒီယာဆိုင်ရာ စံနှုန်းများနှင့်ကိုက်ညီသော ဆောင်းပါးများကို ရွေးချယ်ဖော်ပြပေးသွားမည်ဖြစ်ပါသည်။ ဆောင်းပါးတွင်ဖော်ပြထားသည့် သုံးသပ်ချက်များသည် ဆောင်းပါးရှင်၏ ကိုယ်ပိုင်ရှုမြင်သုံးသပ်ချက်များသာဖြစ်ပြီး သတင်းနှင့်စာနယ်ဇင်းလုပ်ငန်း၏ အယူအဆမဟုတ်ပါ။ အမျိုးသားပညာရေးဥပဒေကို စိတ်ဝင်စားသူများအနေဖြင့်လည်း ဆောင်းပါးများ ရေးသားပေးပို့နိုင်ပြီး သတင်းနှင့်စာနယ်ဇင်းလုပ်ငန်း၏ မူဝါဒနှင့်ကိုက်ညီပါက ဖော်ပြပေးသွားမည်ဖြစ်ပါသည်။*

# မြန်မာ့ပညာရေး တစ်ခေတ်ဆန်းဖို့ ဥပဒေပြုခြင်းဖြင့် အရောက်ချီ

သက်နိုင်ညွှန့်

အမျိုးသားပညာရေးဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းနှင့်ပတ်သက်၍ အကြံပြုချက်ဆောင်းပါးများ၊ ဆွေးနွေးပွဲသတင်းများနှင့် အဖွဲ့အစည်းအသီးသီး၏ ထုတ်ပြန်ချက်သတင်းများကို သတင်းစာနှင့် စာစောင်များမှတစ်ဆင့် လေ့လာမှတ်သားရပါသည်။

မြန်မာ့ပညာရေးကို ကောင်းမွန်သည်ထက် ပိုမိုကောင်းမွန်စေရန် ယခုကဲ့သို့ ဝေဖန်ဆွေးနွေးထောက်ပြမှုနှင့် အကြံပြုချက်များ ပေးပို့ကြမှုအပေါ် ဝမ်းသာပီတိဖြစ်ရသည်။ ရှုထောင့်မျိုးစုံမှ ဝေဖန်ထောက်ပြမှုများကို ကျေနပ်စွာ လက်ခံရယူပြီး ပေါင်းစပ်ညှိနှိုင်းမှုများဖြင့် အဆင့်ဆင့်မွမ်းမံဖြည့်စွက်ကြရမည် ဖြစ်သည်။

**“အမျိုးသားပညာရေးဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်း”** ကို ဖေဖော်ဝါရီ ၁၆ ရက်နေ့က လွှတ်တော်သို့ တင်သွင်းခဲ့မှုအပေါ် အမျိုးသားလွှတ်တော်က မတ်လ ၅ ရက်နေ့မှ ၁၅ ရက်နေ့အထိ ကြားနာမည်ဖြစ်ကြောင်း ထုတ်ပြန်ခဲ့ရာ အမျိုးသားလွှတ်တော်အနေဖြင့် ဥပဒေပြုရေးအရ လုပ်ငန်းစဉ်များကို စတင်လိုက်ပြီဟု ဆိုရပါမည်။

နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေ(၂၀၀၈)အရ ဥပဒေပြုရေးအာဏာမှာ ပြည်ထောင်စုလွှတ်တော်၌သာ တည်ပါသည်။ ဖွဲ့စည်းပုံအခြေခံဥပဒေ အခန်း(၄)၊ ဥပဒေပြုရေးခေါင်းစဉ်အောက်ရှိ **ပုဒ်မ ၈၀ တွင် ပြည်ထောင်စုလွှတ်တော်အစည်းအဝေး၌ ဥပဒေကြမ်းတင်သွင်းခြင်း၊ ဆွေးနွေးခြင်း၊ ဆုံးဖြတ်ခြင်းများကိုလည်းကောင်း၊ ပြည်ထောင်စုလွှတ်တော်ကအတည်ပြုထားသည့် ဥပဒေကြမ်းတစ်ရပ်ရပ်နှင့်စပ်လျဉ်း၍ နိုင်ငံတော်သမ္မတ၏ သဘောထားမှတ်ချက်များကို ဆွေးနွေးခြင်း၊ ဆုံးဖြတ်ခြင်းများကိုလည်းကောင်း၊ အဆိုတင်သွင်းခြင်း၊ ဆွေးနွေးခြင်း၊ ဆုံးဖြတ်ခြင်းများကိုလည်းကောင်း၊ မေးခွန်းမေးမြန်းခြင်း၊ ဖြေကြားခြင်းများကိုလည်းကောင်း ဆောင်ရွက်ရမည်**ဖြစ်ကြောင်း ဖော်ပြထားမှုကို လေ့လာတွေ့ရှိရသည်။

ထို့အပြင် **ဥပဒေပြုခြင်း ပုဒ်မ ၉၅ တွင် ပြည်သူ့လွှတ်တော်တွင်ဖြစ်စေ၊ အမျိုးသားလွှတ်တော်တွင်ဖြစ်စေ စတင်တင်သွင်းသည့်ဥပဒေကြမ်းကို လွှတ်တော်နှစ်ရပ်လုံးက အတည်ပြုလျှင် ယင်းဥပဒေကြမ်းကို ပြည်ထောင်စုလွှတ်တော်က အတည်ပြုသည်ဟု မှတ်ယူရမည်** ဟုလည်းကောင်း၊ **ဥပဒေကြမ်းတစ်ရပ်နှင့်စပ်လျဉ်း၍ ပြည်သူ့လွှတ်တော်နှင့် အမျိုးသားလွှတ်တော်တို့ သဘောကွဲလွဲပါက ပြည်ထောင်စုလွှတ်တော်တွင် ဆွေးနွေးဆုံးဖြတ်ရမည်** ဟုလည်းကောင်း ဖော်ပြထားရှိပါသည်။

ဥပဒေကြမ်းတင်သွင်းခြင်းနှင့်ပတ်သက်၍ **ပုဒ်မ ၁၀၀ တွင် ဖွဲ့စည်းပုံအခြေခံဥပဒေအရ ဖွဲ့စည်းသည့် ပြည်ထောင်စုအဆင့် အဖွဲ့အစည်းများသည် ပြည်ထောင်စုဥပဒေပြုစာရင်းတွင် ပါရှိသောကိစ္စရပ်များအနက် မိမိတို့ စီမံခန့်ခွဲသည့် ကိစ္စရပ်များနှင့်စပ်လျဉ်းသည့် ဥပဒေကြမ်းများကို သတ်မှတ်ထားသည့် နည်းလမ်းများနှင့်အညီ ပြည်ထောင်စုလွှတ်တော်သို့ တင်သွင်းခွင့်ရှိသည်** ဟူ၍လည်းကောင်း၊ **ပုဒ်မ ၁၀၁ တွင် ပြည်ထောင်စုလွှတ်တော်၌သာ ဆွေးနွေးဆုံးဖြတ်ရမည်ဟု ဖွဲ့စည်းပုံအခြေခံဥပဒေ၌ သတ်မှတ်သောဥပဒေကြမ်းများမှအပ ဖွဲ့စည်းပုံအခြေခံဥပဒေအရ ဖွဲ့စည်းသည့် ပြည်ထောင်စုအဆင့် အဖွဲ့အစည်းများက ပြည်ထောင်စုလွှတ်တော်သို့ တင်သွင်းသော ဥပဒေကြမ်းများကို သတ်မှတ်ထားသည့် နည်းလမ်းများနှင့်အညီ ပြည်သူ့လွှတ်တော်တွင်ဖြစ်စေ၊ အမျိုးသားလွှတ်တော်တွင်ဖြစ်စေ စတင်ဆွေးနွေးဆောင်ရွက်ခွင့်ရှိသည်**ဟူ၍လည်းကောင်း လေ့လာတွေ့ရှိရပါသည်။

အလားတူ **ပုဒ်မ ၁၀၂ တွင် ပြည်ထောင်စုလွှတ်တော်၌သာ ဆွေးနွေးဆုံးဖြတ်ရမည့်ဥပဒေကြမ်းများနှင့်စပ်လျဉ်း၍ ပြည်ထောင်စုလွှတ်တော်အစည်းအဝေး၌ ဆွေးနွေးခြင်းမပြုမီ အသေးစိတ်လေ့လာစိစစ်ရန် လိုအပ်ပါက ပြည်သူ့လွှတ်တော်ဥပဒေကြမ်းကော်မတီနှင့် အမျိုးသားလွှတ်တော်ဥပဒေကြမ်းကော်မတီတို့အား ပူးပေါင်းလေ့လာစိစစ်စေခြင်း၊ ယင်းပူးပေါင်းကော်မတီ၏ လေ့လာတွေ့ရှိချက်နှင့် သဘောထားသတ်မှတ်ချက်များကို သတ်မှတ်ထားသည့် နည်းလမ်းများနှင့်အညီ ဥပဒေကြမ်းနှင့်အတူ ပြည်ထောင်စုလွှတ်တော်အစည်းအဝေးသို့ တင်ပြဆောင်ရွက်စေခြင်းတို့ကို ပြုနိုင်သည်** ဟုလည်း လေ့လာ သိရှိရပါသည်။

ထို့ကြောင့် ဥပဒေရေးဆွဲရာတွင် **နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေ၊ အခန်း (၄) ဥပဒေပြုရေးပြဋ္ဌာန်းချက်ကို လိုက်နာရသည်။ အခြေခံဥပဒေပုဒ်မ ၉၅ အရ ဥပဒေပြုသည်။ အခြေခံဥပဒေပုဒ်မ ၁၀၀ အရ ဥပဒေကြမ်းတင်သွင်းသည်။ ပုဒ်မ ၁၀၁၊ ၁၀၂ တို့အရ ဥပဒေကြမ်းတင်သွင်းပုံ၊ ဆွေးနွေးပုံများ ပြဋ္ဌာန်းထားသည်။ အခြေခံဥပဒေပုဒ်မ ၁၀၅၊ ၁၀၆၊ ၁၀၇၊ ၁၀၈ တို့အရ ဥပဒေအဖြစ် ထုတ်ပြန်ကြေညာပုံ အဆင့်ဆင့်ဖော်ပြထားသည်**ဟု အကျဉ်းချုပ်မှတ်သားရပါသည်။

ထို့အပြင် ပြည်ထောင်စုလွှတ်တော်က ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၉၈ အရ ၂၀၁၂ ခုနှစ် နိုဝင်ဘာလ ၂၆ ရက်နေ့တွင် ပြည်သူ့လွှတ်တော်ဆိုင်ရာ ဥပဒေကို ပြဋ္ဌာန်းခဲ့ပြီး ၂၀၁၃ ခုနှစ် ဖေဖော်ဝါရီလ ၆ ရက်နေ့တွင် ပြည်သူ့လွှတ်တော်ဆိုင်ရာ နည်းဥပဒေများကိုလည်း ထုတ်ပြန်ထားရှိသည်။ အဆိုပါ နည်းဥပဒေ အခန်း ၁၈ တွင် လွှတ်တော်သို့ စတင်တင်သွင်းသည့် ဥပဒေကြမ်းများအကြောင်း ဖော်ပြရာ၌ **ဥပဒေကြမ်းများပေးပို့ခြင်း၊ ဥပဒေကြမ်းကို လက်ခံဆွေးနွေးရန် ဆောင်ရွက်ခြင်း၊ ဥပဒေကြမ်းကို နိုင်ငံတော်ပြန်တမ်းတွင် ကြေညာခြင်း၊ ဥပဒေကြမ်းတင်သွင်းခြင်း၊ ဥပဒေကြမ်းဆွေးနွေးခြင်း၊ အမျိုးသားလွှတ်တော်သို့ ပေးပို့ခြင်း၊ ဆောင်ရွက်ခြင်း၊ ပြင်ဆင်ချက်ဖြင့် ပြန်လည်ပေးပို့ခြင်း၊ ပြင်ဆင်ချက်ကို သဘောတူခြင်း၊ သဘောမတူခြင်း၊ ဆက်လက်ဆောင်ရွက်ခြင်း** စသည်ဖြင့် ပါရှိမှုကိုလည်း လေ့လာတွေ့ရှိရပါသည်။

ပြည်ထောင်စုလွှတ်တော်သည် ဥပဒေပြုရေး ပြဋ္ဌာန်းချက်များနှင့်အညီ တိကျသည့်၊ မှန်ကန်သည့် ဥပဒေအင်္ဂါရပ်များနှင့် ညီညွတ်ပြည့်စုံသည့် ဥပဒေတစ်ခုပေါ်ထွက်လာစေရန် အဆင့်ဆင့်အချိန်ယူ ဆွေးနွေးအဖြေရှာပြီး ဘက်စုံထောင့်စုံမှ ရေပက်မဝင်အောင် ဆောင်ရွက်ကြရသည်။ ဥပဒေစကားလုံးတစ်လုံးကိုပင် ပညာရှင်များအနေဖြင့် “လ” နှင့် “နှစ်” နှင့်ချီ၍ ငြင်းခုံဆွေးနွေးဆုံးဖြတ်ကြရသည်။ ယခုပြဋ္ဌာန်းခဲ့သည့် “အမျိုးသားပညာရေးဥပဒေ”ကိုပင် အချိန် (၇)လခန့်အတွင်း (၉၉)ကြိမ်အထိ ဆွေးနွေးခဲ့ကြရသည်၊ အလားတူ ငြိမ်းချမ်းစွာ စုဝေးခွင့်နှင့် ငြိမ်းချမ်းစွာ စီတန်းလှည့်လည်ခွင့်ဆိုင်ရာဥပဒေကို အတည်ပြုပြဋ္ဌာန်းနိုင်ရန်အတွက် (၃)လကျော် အချိန်ယူခဲ့ရပြီး (၂၈)ကြိမ် ဆွေးနွေးခဲ့ရကြောင်း၊ တောင်သူလယ်သမားအခွင့်အရေး ကာကွယ်ရေးနှင့် အကျိုးစီးပွားမြှင့်တင်ရေးဥပဒေကိုလည်း (၁၈)ကြိမ် ဆွေးနွေးခဲ့ရပြီး (၄)လကျော် အချိန်ယူခဲ့ရကြောင်း လေ့လာသိရှိရပါသည်။

ထို့ကြောင့်လည်း လွှတ်တော်သက်တမ်း (၄)နှစ်ကာလအတွင်း ဥပဒေကြမ်း (၁၈၆)ခု တင်သွင်းခဲ့မှုအနက် (၁၄၄)ခုကို အတည်ပြုပြဋ္ဌာန်းပေးနိုင်ခဲ့သော်လည်း ဥပဒေကြမ်း(၄၂)ခုကိုမူ ဆွေးနွေးဆဲဖြစ်ကြောင်း လက်လှမ်းမီသမျှ လေ့လာမှတ်သားရပါသည်။

သို့ရာတွင် ပညာရေးစနစ်ပြုပြင်ပြောင်းလဲရေး နိုင်ငံလုံးဆိုင်ရာကွန်ရက် (National Network for Education Reform – NNER) နှင့် သပိတ်မှောက်အဖွဲ့မှ ဖေဖော်ဝါရီလ ၂၅ ရက်စွဲဖြင့် ထုတ်ပြန်ရာ၌ **“အမျိုးသားလွှတ်တော်တွင် ကြားနာမည့် အစီအစဉ်သည် လွှတ်တော်သမိုင်းတွင် ထူးခြားသည့် (ပုံမှန်မဟုတ်သော) အစီအစဉ်အဖြစ် တွေ့မြင်ရသည့်အပြင် အချိန်ဆွဲသည့် အနေအထားမျိုးဖြစ်သည်ဟု ယူဆနိုင်ပြီး များစွာစိုးရိမ်မကင်းဖြစ်ရကြောင်း၊ လွှတ်တော်တွင် ကြားနာမည့် အစီအစဉ်များသည် ရက်ကာလရှည်ကြာနေပါက လွှတ်တော်ကြောင့် ပြဿနာများ ပိုမိုကြီးထွားလာပြီး အပြစ်တင်ဖွယ်ဖြစ်လာနိုင်ကြောင်း”** ဖော်ပြထားမှုကို ဖတ်ရှုရသည်။

အလားတူ သပိတ်မှောက်အဖွဲ့မှ မောင်အောင်မိုင်းဆန်းက **“သဘောတူထားတဲ့အတိုင်း ဥပဒေကြမ်းကို လွှတ်တော်ပို့လိုက်ပါပြီ၊ ဖေဖော်ဝါရီ ၂၈ ရက် နောက်ဆုံးထား ပြဋ္ဌာန်းပေးဖို့ တောင်းဆိုထားပါတယ်၊ လွှတ်တော်မှာ ၁၀ ရက်ခန့် အချိန်ပေးထားပါတယ်၊ ပြဋ္ဌာန်းပေးနိုင်မပေးနိုင်စောင့်ကြည့်နေပါတယ်၊ ပြဋ္ဌာန်းမပေးနိုင်ဘူးဆိုရင် ပြန်ချီတက်မှာပါ”** ဟု ပြောကြားသကဲ့သို့ မဖြိုးဖြိုးအောင်ကလည်း **“ဖေဖော်ဝါရီ ၁၆ ရက်က တင်ခဲ့တဲ့ ဥပဒေကြမ်းကို ဖေဖော်ဝါရီ ၂၈ ရက် နောက်ဆုံးထားပြဋ္ဌာန်းပေးဖို့ ဆိုတာကလည်း လွှတ်တော်အတွက် လုံလောက်တဲ့အချိန်ဖြစ်ပါတယ်။ မဟုတ်ရင်တော့ မူလရည်ရွယ်ချက်အတိုင်း စစ်ကြောင်းအားလုံး ချီတက်ပါမယ်”** ဟု ပြောကြားခဲ့ကြသည်။

သို့ဆိုလျှင် NNER နှင့် သပိတ်မှောက်အဖွဲ့အနေဖြင့် ၎င်းတို့တင်သွင်းမည့် ဥပဒေကို ၁၀ ရက်တည်းဖြင့် အတည်ပြုရန်တောင်းဆိုမှု၊ လွှတ်တော်က အချိန်ဆွဲနေသည်ဟု ရှုမြင်မှုနှင့် ရက်ကာလကြာမြင့်မှုကြောင့် ပြဿနာများကြီးထွားလာနိုင်ကြောင်း ဖော်ပြမှုများသည် လွှတ်တော်၏ ဥပဒေပြုရေး လုပ်ငန်းစဉ်အဆင့်ဆင့်အပေါ် ဝင်ရောက်စွက်ဖက်ရာရောက်သကဲ့သို့ တွန်းအားပေးခြိမ်းခြောက်ခြင်း၊ ဖိအားပေးအကျပ်ကိုင်ခြင်း၊ ဩဇာအာဏာပေးခြင်း သဘောသက်ရောက်ကြောင်း ရှုမြင်ရသည်။ထိုကဲ့သို့ ဥပဒေတစ်ရပ်ကို တစ်ထိုင်တည်း ရေးဆွဲ၍ ဖုတ်ပူမီးတိုက်ဖြင့် အပြီးသတ်နိုင်ရန်အတွက် အချိန်ကန့်သတ်ပေးပြီး ရာဇသံကဲ့သို့ အမိန့်အာဏာဖြင့် အတင်းအကျပ် စေခိုင်းသည့်ပုံစံမျိုးမှာ မလုပ်သင့်မလုပ်ထိုက်၊ မဖြစ်သင့် မဖြစ်ထိုက်ဟု ဆိုရပေမည်။

ဥပဒေပြုခြင်းနှင့်ပတ်သက်၍ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေ(၂၀၀၈) တွင် နိုင်ငံတော် သမ္မတသည်ပင် လုပ်ထုံးလုပ်နည်းကို ကျော်လွန်စွက်ဖက်၍မရနိုင်ကြောင်း၊ ပုဒ်မ(၁၀၅)တွင် ပြဋ္ဌာန်းထားမှုအရ လေ့လာသိရှိရပါသည်။ ၎င်းတွင် **“နိုင်ငံတော်သမ္မတသည် ပြည်ထောင်စုလွှတ်တော်မှ ပေးပို့လာသည့် ဥပဒေကြမ်းများကို လက်ခံရရှိသည့်နေ့၏ နောက်တစ်နေ့မှ ၁၄ ရက်အတွင်း လက်မှတ်ရေးထိုး၍ ဥပဒေအဖြစ် ထုတ်ပြန်ကြေညာခြင်းမပြုလျှင် သတ်မှတ်ကာလပြည့် မြောက်သည့်နေ့ရက်တွင် ဥပဒေကြမ်းသည် နိုင်ငံတော်သမ္မတ၏ လက်မှတ်ရေးထိုးချက်ရရှိပြီးသကဲ့သို့ ဥပဒေဖြစ်လာရမည်”** ဟု ပြဋ္ဌာန်းထားပါသည်။

ထို့အပြင် လွှတ်တော်ဥပဒေကြမ်း ကော်မတီ၏ လုပ်ငန်းစဉ်များကိုလည်း ပြဋ္ဌာန်းသတ်မှတ်ပေးထားပြီးဖြစ်ရာ ဥပဒေကြမ်းကော်မတီ၏ ဆွေးနွေးချက်၊ သုံးသပ်ချက်၊ ထောက်ခံချက်များသည်လည်း ပဓာနကျလှသည်။ ဥပဒေပြုခွင့်အာဏာမှာ ပြည်ထောင်စုလွှတ်တော်တွင်သာ တည်ရှိရာ Final Goal အဖြစ် ဆောင်ရွက်ကြရမည်သာ ဖြစ်ပါသည်။

သို့ဆိုလျှင် အမျိုးသားပညာရေးဥပဒေကို ပြင်ဆင်သည့်ဥပဒေကြမ်းအပေါ် NNER နှင့် ကျောင်းသားများအပြင်ပြည်သူအားလုံးကလည်း အကြံပြုချက်များ ပေးခွင့်ရှိသည်၊ အလားတူ ပြည်တွင်း၊ ပြည်ပရှိ ဥပဒေပညာရှင်များသည်လည်း အမျိုးသားပညာရေးဥပဒေနှင့်ပတ်သက်၍ ဝိုင်းဝန်းအကြံပြုကြရပါမည်။ လွှတ်တော်များ၏ ကြားနာပွဲများတွင်လည်း အကြံဉာဏ်များပေးကြမည် ဖြစ်ပါသည်။ ဤအခွင့်အရေးကို လက်လွတ်မခံသင့်ဘဲ အမိအရ ဆုပ်ကိုင်သင့်သည်ဟု ရှုမြင်ပါသည်။

ယခုလည်း အမျိုးသားပညာရေးဥပဒေကို ပြင်ဆင်သည့်ဥပဒေကြမ်းအပေါ် ပြည်ထောင်စုလွှတ်တော်၊ ပြည်သူ့လွှတ်တော်၊ အမျိုးသားလွှတ်တော်တို့တွင် လွှတ်တော်ကိုယ်စားလှယ်ကြီး များက အကျေအလည်ဆွေးနွေးကြပါလိမ့်မည်။ NNER နှင့် ကျောင်းသားကိုယ်စားလှယ်များ၏အကြံပြုချက်များကို လွှတ်တော်ကိုယ်စားလှယ်ကြီးများ သိရှိနားလည်အောင် ကြိုးပမ်းဆောင်ရွက်ရမည်ဖြစ်သကဲ့သို့ အပြန်အလှန်အားဖြင့် လွှတ်တော်များကလည်း အကြံပြုချက်များအားလုံးကို သိရှိနားလည်အောင် ကြိုးပမ်းဆောင်ရွက်ကြရမည်။ အချိန်ယူသင့်သမျှ ယူကြရမည်။ ရိုးရိုးသားသား၊ ပုဂ္ဂိုလ်ရေးမဖက်၊ ဘက်မလိုက်ဘဲ မျှတစွာပေးပို့လာသော အကြံဉာဏ်များအပေါ် ညှိနှိုင်းပူးပေါင်း ဆောင်ရွက်ကြရမည်ဖြစ်ပါသည်။

မြန်မာ့ပညာရေးဖွံ့ဖြိုးမှုကို ရည်ရွယ်သည့် အမျိုးသားပညာရေးဥပဒေတစ်ရပ်ပြဋ္ဌာန်းနိုင်ရန် **“စိတ်ရှည်သည်းခံ ဖွဲ့သန်”** စွာဖြင့် လွှတ်တော်၏အဆုံးအဖြတ်ကို နာခံသင့်ပါသည်။ လွှတ်တော်၏အဆုံးအဖြတ်ကိုလည်း ဒီမိုကရေစီစနစ်၏ အနှစ်သာရ၊ ကျင့်စဉ်တို့နှင့်အညီ ကျေကျေနပ်နပ်လက်ခံပေးကြရန်လည်း လိုအပ်ပါသည်။ လွှတ်တော်က အတည်မပြုမီ တင်ပြစရာရှိသည်များကို အကောင်းဆုံးကြိုတင်ပြင်ဆင်မှုများဖြင့် တင်ပြဆောင်ရွက်သင့်ပါသည်။

> မြန်မာ့ပညာရေးဖွံ့ဖြိုးမှုကို ရည်ရွယ်သည့် အမျိုးသားပညာရေးဥပဒေတစ်ရပ်ပြဋ္ဌာန်းနိုင်ရန် “စိတ်ရှည်သည်းခံ ဖွဲ့သန်” စွာဖြင့် လွှတ်တော်၏အဆုံးအဖြတ်ကို နာခံသင့်ပါသည်။ လွှတ်တော်၏အဆုံးအဖြတ်ကိုလည်း ဒီမိုကရေစီစနစ်၏ အနှစ်သာရ၊ ကျင့်စဉ်တို့နှင့်အညီ ကျေကျေနပ်နပ်လက်ခံပေးကြရန်လည်း လိုအပ်ပါသည်။ လွှတ်တော်က အတည်မပြုမီ တင်ပြစရာရှိသည်များကို အကောင်းဆုံးကြိုတင်ပြင်ဆင်မှုများဖြင့် တင်ပြဆောင်ရွက်သင့်ပါသည်။

သို့ပါ၍ အမျိုးသားပညာရေးဥပဒေပြုရေး ဆောင်ရွက်ရာတွင် ကွဲပြားခြားနားသောအမြင်များကိုစုစည်းပြီး အကောင်းဆုံးကို ဦးတည်ဆောင်ရွက်ကြမှသာ နိုင်ငံအတွက်၊ ပြည်သူ့အတွက် တာဝန်ကျေမည်ဖြစ်ပါသည်။ အဓိကမှာ နောင်အနာဂတ်မျိုးဆက်သစ်များအတွက် ရေရှည်အကျိုးရှိမည့် ခိုင်မာပြည့်စုံသည့် အမျိုးသားပညာရေးဥပဒေတစ်ရပ် ပေါ်ထွက်လာရေးပင်ဖြစ်၍ **“မြန်မာ့ပညာရေး တစ်ခေတ်ဆန်းဖို့ ဥပဒေပြုခြင်းဖြင့် အရောက်ချီ”** ဟု တိုက်တွန်းလိုက်ရပေသတည်း။

 လွှတ်တော်ရေးရာ

ပြည်ထောင်စုလွှတ်တော်

# ဝန်ကြီးဌာနများ နှစ်အလိုက် လုပ်ငန်းဆိုင်ရာ တိုးတက်မှုအခြေအနေများ ရှင်းလင်းတင်ပြ

**နေပြည်တော် မတ် ၆**

ပထမအကြိမ် ပြည်ထောင်စုလွှတ်တော် (၁၂)ကြိမ်မြောက် ပုံမှန်အစည်းအဝေး (၂၂)ရက်မြောက်နေ့ကို ယနေ့နံနက် ၁၀နာရီတွင် နေပြည်တော်ရှိ လွှတ်တော်အဆောက်အအုံ၌ ဆက်လက်ကျင်းပသည်။

အစည်းအဝေးတွင် ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ် အမျိုးသားစီမံကိန်း ဥပဒေကြမ်း၏ မူနှင့်အခြေခံသဘောအပါအဝင် စီမံကိန်းလုပ်ငန်းများနှင့်စပ်လျဉ်း၍ သက်ဆိုင်ရာ ပြည်ထောင်စုဝန်ကြီးဌာနများက တင်ပြကြရာတွင် လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်စိုးက ဘဏ္ဍာရေးနှစ်များအလိုက် တိုင်းဒေသကြီးနှင့် ပြည်နယ်များတွင် လျှပ်စစ်မီးပေးနိုင်ရေးအတွက် အကုန်အကျခံ သုံးစွဲလျက်ရှိသည့် အခြေအနေနှင့် စီမံကိန်းဆိုင်ရာများကိုလည်းကောင်း၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဝင်းမြင့်က မိုးပွင့်စီမံချက်နှင့် ပတ်သက်သည့် စီမံကိန်းဆိုင်ရာများကိုလည်းကောင်း၊ စွမ်းအင်ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမြင့်ဇော်က မြန်မာနိုင်ငံအတွင်း ပြည်ပမှတင်သွင်းလာသည့် စက်သုံးဆီအရည်အသွေး ကောင်းမွန်ရေးနှင့် အရည်အသွေးစစ်ဆေးရေးဆိုင်ရာ လုပ်ငန်းများကို လည်းကောင်း။

စက်မှုဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမျိုးအောင်က ဆောင်ရွက်လျက်ရှိသည့် စက်ရုံဆိုင်ရာလုပ်ငန်းများ၊ ကုန်ကြမ်းပစ္စည်းထုတ်လုပ်မှု၊ ပြည်တွင်း ပြည်ပဈေးကွက်ရှာဖွေမှုဆိုင်ရာ လုပ်ငန်းအခြေအနေများကို လည်းကောင်း၊ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာပွင့်ဆန်းက နှစ်အလိုက် ကုန်သွယ်ရေးဆိုင်ရာပမာဏ၊ ပို့ကုန်သွင်းကုန်ဆိုင်ရာ တိုးတက်မှု အခြေအနေများကို လည်းကောင်း။

အားကစားဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဇော်ဝင်းက အားကစားဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆောင်ရွက်သွားမည့် ကိစ္စရပ်များကိုလည်းကောင်း၊ ပညာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာဇော်မင်းအောင်က ပညာရေးကဏ္ဍဆိုင်ရာ ဖွံ့ဖြိုးတိုးတက် လာစေရေးအတွက် ဝန်ကြီးဌာန၏ စီမံဆောင်ရွက်ချက်များကို လည်းကောင်း၊ ဆောက်လုပ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးစိုးတင့်က ဆောက်လုပ်ရေးဆိုင်ရာ စီမံကိန်းများနှင့်စပ်လျဉ်း၍ လည်းကောင်း၊ အလုပ်သမား၊ အလုပ်အကိုင်နှင့် လူမှုဖူလုံရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးထင်အောင်က အလုပ်သမား အခွင့်အရေးဆိုင်ရာများနှင့် စပ်လျဉ်း၍လည်းကောင်း။

ရထားပို့ဆောင်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမြင့်သိန်းက ရထားလမ်းဖောက်လုပ်မှုဆိုင်ရာများတွင် ဝန်ကြီးဌာန၏ ဆောင်ရွက်ချက်များကိုလည်းကောင်း၊ ဟိုတယ်နှင့် ခရီးသွားလာရေးလုပ်ငန်း ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာတင်ရွှေက နှစ်အလိုက် ခရီးသွားလုပ်ငန်းအတွက် တိုးတက်ရရှိလာသည့် ဝင်ငွေပိုင်းဆိုင်ရာများကိုလည်းကောင်း၊ အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာကံဇော်က နှစ်အလိုက် ရင်းနှီးမြှုပ်နှံမှုဆိုင်ရာ တိုးတက်မှု အခြေအနေများကို လည်းကောင်း ရှင်းလင်းတင်ပြကြသည်။

**(သတင်းစဉ်)**





## ပြည်ထောင်စုလွှတ်တော်နာယက လေ့လာရေးအဖွဲ့များအား တွေ့ဆုံ

**နေပြည်တော် မတ် ၆**

ပြည်ထောင်စုလွှတ်တော်နာယက သူရဦးရွှေမန်းသည် ပြည်ထောင်စုလွှတ်တော်သို့ လာရောက်လေ့လာသည့် ကယားပြည်နယ်၊ လွိုင်ကော်၊ ဖားဆောင်းနှင့် မော်ချီးမြို့နယ်များမှ လေ့လာရေးအဖွဲ့အား ယနေ့ နေ့လယ်ပိုင်းတွင် ပြည်ထောင်စုလွှတ်တော်၌ တွေ့ဆုံ၍ **(ဓာတ်ပုံ)** လွှတ်တော်ပိုင်းဆိုင်ရာ ဆောင်ရွက်မှုများကို ပြောကြားသည်။ ယနေ့တွင် ဒိုက်ဦးမြို့နယ်နှင့် ကယားပြည်နယ်မှ လေ့လာသူ စုစုပေါင်း ၁၈၂ ဦးသည် အစည်းအဝေးကျင်းပနေပုံနှင့် လွှတ်တော်အဆောက်အအုံများကို လာရောက်လေ့လာကြည့်ရှု၍ ပြန်လည်ထွက်ခွာသွားကြောင်း သတင်းရရှိသည်။

ပြည်ထောင်စုလွှတ်တော် ကျင်းပနေပုံနှင့် လွှတ်တော်အဆောက်အအုံများကို လေ့လာရန် ပြည်သူများ၊ ကျောင်းသား ကျောင်းသူများ၊ နိုင်ငံရေးပါတီဝင်များ၊ အရပ်ဘက်အဖွဲ့အစည်းဝင်များ၊ နိုင်ငံတကာအဖွဲ့အစည်းဝင်များ နေ့စဉ်လာရောက်လျက်ရှိရာ ဇန်နဝါရီ ၂၀ ရက်မှ မတ် ၆ ရက်အထိ စုစုပေါင်း ၆၅၅၆ ဦးရှိကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

## စွန့်လွှတ်စွန့်စားတပ်မတော်သားများ ထိခိုက်ဒဏ်ရာရ ကြက်ခြေနီတပ်ဖွဲ့များနှင့် တိုက်ပွဲရှောင်ပြည်သူများအတွက် အလှူငွေများလှူဒါန်း

**နေပြည်တော် မတ် ၆**

လောက်ကိုင်နယ်မြေအတွင်း ကိုးကန့်သောင်းကျန်းသူအင်အားစုများသည် ဖေဖော်ဝါရီ ၉ ရက်ကစတင်၍ ဝင်ရောက်တိုက်ခိုက်ခဲ့ရာ နယ်မြေတည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေပြီး ပါတီစုံဒီမိုကရေစီနှင့် ဈေးကွက်စီးပွားရေးစနစ်ဖြင့် ငြိမ်းချမ်းသာယာပြီးခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်တည်ဆောက်ရေးကို နှောင့်ယှက်ဖျက်ဆီးရန် လုပ်ဆောင်လာခြင်းဖြစ်သည်။

ပြည်သူလူထုအသက်အိုးအိမ်စည်းစိမ်နှင့် နိုင်ငံတော်၏ အကျိုးစီးပွားများကို ကာကွယ်စောင့်ရှောက်နေသည့် တပ်မတော်က ကာကွယ်ရန်ကြိုးပမ်းဆောင်ရွက်ရာမှ တိုက်ပွဲများပြင်းထန်စွာဖြစ်ပွားပြီး တပ်မတော်သားများကျဆုံးခြင်း၊ ဒဏ်ရာရရှိခြင်းနှင့် လောက်ကိုင်ဒေသတွင် တည်ငြိမ်အေးချမ်းမှု ပျက်ပြားသွားကြောင်း သိရသည့်အပြင် တိုက်ပွဲရှောင်ပြည်သူများအား ကူညီရင်း ထိခိုက်ဒဏ်ရာရရှိသည့်ကြက်ခြေနီတပ်ဖွဲ့ဝင်များအတွက် များစွာစိတ်မကောင်းဖြစ်ရသည်။

လောက်ကိုင်ဒေသတည်ငြိမ်အေးချမ်းရေးအတွက် အသက်ခန္ဓာပေးလှူပြီး စွန့်လွှတ်စွန့်စားရဲဝံ့စွာဆောင်ရွက်ခဲ့ကြသည့် အရှေ့မြောက်တိုင်းစစ်ဌာနချုပ်နယ်မြေအတွင်းစစ်ဆင်ရေးတာဝန် ထမ်းဆောင်လျက်ရှိသည့် တပ်မတော်သားများအတွက် မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ်က ငွေကျပ် ၂၅၀၀၀၀၀ (ကျပ်နှစ်ဆယ့်ငါးသိန်းတိတိ) ကိုဖေဖော်ဝါရီ ၁၆ ရက်တွင် ရန်ကုန်တိုင်းစစ်ဌာနချုပ် (ကုန်းမြင့်သာ)တွင်လည်းကောင်း၊ လောက်ကိုင်တိုက်ပွဲတွင် တိုက်ပွဲရှောင်ပြည်သူများအား ကူညီရင်း ထိခိုက်ဒဏ်ရာရရှိသည့် ကြက်ခြေနီတပ်ဖွဲ့ဝင်များနှင့် လောက်ကိုင်တိုက်ပွဲရှောင်ပြည်သူများအတွက် အဖွဲ့ချုပ်က ငွေကျပ် ၁၀၀၀၀၀၀ (ကျပ်ဆယ်သိန်းတိတိ) ကို မတ် ၅ ရက်တွင် မြန်မာနိုင်ငံကြက်ခြေနီအသင်းတွင်လည်းကောင်း လှူဒါန်းခဲ့ကြောင်း သိရှိရသည်။

**(သတင်းစဉ်)**

## ပညာဖြင့် တိုင်းပြည်ကို သာယာလှပသည့် လူ့ပတ်ဝန်းကျင်အဖြစ် တည်ဆောက်နိုင်မည်ဖြစ်



**စစ်တွေ မတ် ၆**

သမ္မတရုံးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးစိုးသိန်းနှင့်အဖွဲ့သည် ယနေ့ညနေပိုင်းတွင် စစ်တွေတက္ကသိုလ်သို့ သွားရောက်ပြီး တက္ကသိုလ်မှ ဆရာ ဆရာမများနှင့် ရင်းရင်းနှီးနှီး တွေ့ဆုံသည်။

ထိုသို့တွေ့ဆုံရာတွင် ပြည်ထောင်စုဝန်ကြီး ဦးစိုးသိန်းက လိုအပ်ချက်များကို ဖြည့်ဆည်းဆောင်ရွက်ပေးနိုင်ရန် လာရောက်ခြင်းဖြစ်ကြောင်း၊ ပညာဖြင့် တိုင်းပြည်ကို သာယာလှပသည့် လူ့ပတ်ဝန်းကျင်အဖြစ် တည်ဆောက်နိုင်မည်ဖြစ်ပါကြောင်း၊ လက်ဦးဆရာမည်ထိုက်စွာ ပုဗ္ဗစရိယ မိနှင့်ဖဟူသည့် ဆိုရိုးစကားရှိပြီး ကျောင်းသားများအတွက် ဆရာ၏ အခန်းကဏ္ဍသည် လွန်စွာအရေးကြီးပါကြောင်း။

ဆရာ၏ ဂုဏ်ကျေးဇူးနှင့် တန်ဖိုးကို တပည့်များက နားလည်သဘောပေါက်ပြီး တပည့်များ၏ အခက်အခဲလိုအပ်ချက်များကို သိရှိအောင် အမြဲမပြတ် ထိတွေ့ဆက်ဆံသွန်သင်ပြသပေးစေလိုကြောင်း၊ မိမိတို့ လုပ်ကိုင်ဆောင်ရွက်နေသည့် တာဝန်နှင့်ဘဝကို မြတ်နိုးတန်ဖိုးထားပြီး လက်ရာကောင်းသည့် ပန်းပုပညာရှင်များကဲ့သို့ ထုဆစ်ပုံဖော်ပေးကြစေလိုကြောင်း ဆွေးနွေးခဲ့ပြီး နိုင်ငံတော်အစိုးရက ဆောင်ရွက်နေသည့် ပြုပြင်ပြောင်းလဲရေးလုပ်ငန်းစဉ်များနှင့် ပညာရေးကဏ္ဍ ပြုပြင်ပြောင်းလဲရေးဆောင်ရွက်ချက်များ၊ အောင်မြင်မှုများနှင့် တွေ့ကြုံရသည့် စိန်ခေါ်မှုများကို အကျယ်တဝင့် ရှင်းလင်းပြောကြားခဲ့သည်။

ယင်းနောက် စစ်တွေတက္ကသိုလ် ပါမောက္ခချုပ်နှင့် ဆရာ ဆရာမများ၏ တင်ပြချက်များဖြစ်သည့် ကျန်းမာရေးဆေးခန်းဖွင့်လှစ်ပေးရေး၊ ဘောလုံးကွင်းနှင့် စာတိုက်ရရှိရေးနှင့် ဝန်ထမ်းရေးရာကိစ္စရပ်များအား ပြည်နယ်ဝန်ကြီးချုပ်နှင့် ညှိနှိုင်းဖြည့်ဆည်းဆောင်ရွက်ပေးခဲ့သည်။

ညပိုင်းတွင် ပြည်ထောင်စုဝန်ကြီး ဦးစိုးသိန်းနှင့်အဖွဲ့သည် ပြည်နယ်အစိုးရအဖွဲ့ရုံး အရေးပေါ်ပေါင်းစပ်ညှိနှိုင်းရေးစင်တာသို့ သွားရောက်ပြီး ရခိုင်ပြည်နယ် အစိုးရအဖွဲ့နှင့် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ပူးပေါင်းဆောင်ရွက်နေကြသည့် ကုလသမဂ္ဂနှင့် နိုင်ငံတကာ အဖွဲ့အစည်းများမှ တာဝန်ရှိသူများနှင့် ခင်မင်ရင်းနှီးစွာ တွေ့ဆုံသည်။

ရှေးဦးစွာ ကုလသမဂ္ဂနှင့် နိုင်ငံတကာအဖွဲ့အစည်းများမှ တာဝန်ရှိသူများက မိမိတို့အဖွဲ့အစည်းအလိုက် ဆောင်ရွက်နေသည့် လုပ်ငန်းအခြေအနေများ၊ ဆက်လက်ဆောင်ရွက်မည့် အစီအမံများ၊ ရခိုင်ပြည်နယ်အတွင်း တိုးတက်ပြောင်းလဲဖြစ်ပေါ်နေသည့် အခြေအနေများကို ဆွေးနွေးခဲ့ကြသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီး ဦးစိုးသိန်းက နိုင်ငံတော်အစိုးရက ရခိုင်ပြည် နယ်တည်ငြိမ်အေးချမ်းရေး၊ တရားဥပဒေစိုးမိုးရေး၊ လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်ရေး၊ ပညာရေး၊ ကျန်းမာရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေး ဆောင်ရွက်ပေးနေမှုများ၊ လမ်းပန်းဆက်သွယ်ရေးနှင့် လျှပ်စစ်မီးရရှိရေး ဆောင်ရွက်ပေးနေမှုများ၊ ပြန်လည်ထူထောင်ရေး ကိစ္စရပ်များကို အသေးစိတ် ရှင်းလင်းပြောကြားခဲ့သည်။

**(သတင်းစဉ်)**

## ပြည်တွင်းသတင်း

*ရှေ့ဖုံးမှ*

ယင်းနောက် ဒုတိယသမ္မတအား ကမ်းနားလမ်းရှိ စီမံကိန်းရှင်းလင်း ဆောင်၌ ပြည်နယ်ဝန်ကြီးချုပ် ဦးမောင်မောင်အုန်းက ရခိုင်ပြည်နယ် အစိုးရအဖွဲ့ အစီအစဉ်ဖြင့် ဆောင်ရွက်မည့် စစ်တွေမြို့လယ်ချောင်း ရေစီးရေလာကောင်းမွန်ရေး၊ ကုလားတန် မြစ်ဆုံချောင်းဝ သာယာလှပရေးနှင့် ကုလားတန်မြစ်ကြောင်းတစ်လျှောက် မြို့ပြမြေယာ ဖော်ထုတ်ရေးစီမံကိန်း ဆောင်ရွက်နေမှုများကို ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ ရေအရင်းအမြစ်နှင့် မြစ်ချောင်းများဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ပြည်နယ်ဦးစီးမှူး ဦးမောင်မောင်နိုင်က စစ်တွေမြို့ မြို့လယ်ချောင်းရေစီးရေလာ ကောင်းမွန်ရေးနှင့် ကုလားတန်မြစ်ဆုံချောင်းဝ သာယာလှပရေးအတွက် အရှည်ပေ ၂၂၅၀ ပိုင်ရိုက်၍ကျောက်ကြီးနှင့် မြေထိန်းနံရံဆောင်ရွက်နေမှု၊ မြို့လယ်ချောင်းတံတားမှ ကုလားတန်မြစ်ဘက်သို့ အလျားပေ ၁၁၅၀ ရေစီးရေလာကောင်းမွန်ရေးဆောင်ရွက်နေမှုနှင့် ကုလားတန်မြစ်ကြောင်းတစ်လျှောက် ဆတ်ရိုးကျချောင်းဝမှ ကုလားတန်မြစ်ကြောင်း စီမံကိန်းဆိပ်ကမ်းအထိ မြို့ပြမြေယာတိုးချဲ့ဖော်ထုတ်ရေး စီမံကိန်းလုပ်ငန်းများ ဆောင်ရွက်နေမှု၊ ပြီးစီးမှု၊ စီမံကိန်းလုပ်ငန်းဆောင်ရွက်ပြီးပါက ဖြစ်ထွန်းလာမည့် အခြေအနေ၊ ဒေသခံပြည်သူများအတွက် ရရှိနိုင်မည့်အကျိုးကျေးဇူးများ၊ ဟိုတယ်နှင့် ခရီးသွားလုပ်ငန်း ဖွံ့ဖြိုးတိုးတက်မှု၊ မြို့ပြအိမ်ရာ တိုးတက်ဖွံ့ဖြိုးမှုများကို အသေးစိတ် ရှင်းလင်းတင်ပြသည်။



ဒုတိယသမ္မတ ဦးညွန့်ထွန်း စစ်တွေမြို့သို့ရောက်ရှိရာ ဒေသခံများက ကြိုဆိုနှုတ်ဆက်စဉ်။ (သတင်းစဉ်)

ထို့နောက် ဒုတိယသမ္မတက ဒေသခံပြည်သူများ ကျန်းမာရေးနှင့်အညီ နေထိုင်သွားလာနိုင်စေရေး၊ စစ်တွေမြို့သန့်ရှင်းသာယာလှပရေးကို အထူးဂရုပြုဆောင်ရွက်ရန် လိုအပ်ပါကြောင်း၊ ယခုဆောင်ရွက်နေသည့် မြို့ပြဖွံ့ဖြိုးရေးစီမံကိန်းသည် အလားအလာကောင်းမွန်သည့် စီမံကိန်းဖြစ်သောကြောင့် အောင်မြင်အောင် ဆောင်ရွက်နိုင်ရန် ပြည်တွင်းပြည်ပမှ ကျွမ်းကျင်ပညာရှင်များ၊ ဒေသခံလုပ်ငန်းရှင်များနှင့် ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်သင့်ပါကြောင်း။

ထို့ပြင် မိမိတို့ဆောင်ရွက်မည့် စီမံကိန်းလုပ်ငန်းများကြောင့် ကုလားတန်မြစ်ရေ ညစ်ညမ်းမှုမရှိစေရေး၊ ရေလမ်းကြောင်းများ ထိခိုက်မှုမရှိစေရေး၊ မြစ်ကြောင်းသဘာဝအလှများကို အကျိုးရှိရှိအသုံးပြုနိုင်စေရေးအတွက် သက်ဆိုင်ရာအဖွဲ့အစည်းများက သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးအဖွဲ့များနှင့် ညှိနှိုင်းဆောင်ရွက်ရန် လိုအပ်ပါကြောင်းဖြင့် မှာကြားပြီး စီမံကိန်းလုပ်ငန်းများ ဆောင်ရွက်နေမှုနှင့် ပြီးစီးမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးခဲ့သည်။

ယင်းနောက် ဒုတိယသမ္မတသည် အဖွဲ့ဝင်များနှင့်အတူ စစ်တွေမြို့ ပွဲပွဲ့အငူသို့ ရောက်ရှိရာ ရှင်းလင်းဆောင်၌ အေးငြိမ်းဆောက်လုပ်ရေးကုမ္ပဏီမှ ဦးထွန်းကျော်က ရိုးရာယဉ်ကျေးမှု အမွေအနှစ်များနှင့် သဘာဝအလှတရားများကို ပေါင်းစပ်ခံစားနိုင်စေရန် စစ်တွေမြို့ ပွဲပွဲ့အငူအား အဆင့်မြှင့်တင်ရေးလုပ်ငန်းများဆောင်ရွက်မည့် အခြေအနေများကို ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ ပြည်နယ်ဝန်ကြီးချုပ်က စစ်တွေမြို့ပွဲပွဲ့အငူသန့်ရှင်းသာယာလှပရေးနှင့် အစဉ်ဖွံ့ဖြိုးတိုးတက်ရေးအတွက် စီစဉ်ဆောင်ရွက်ထားရှိမှုများကို ဖြည့်စွက် ရှင်းလင်းတင်ပြခဲ့သည်။

ထို့နောက် ဒုတိယသမ္မတသည် အဖွဲ့ဝင်များနှင့်အတူ အထူးရေယာဉ်ဖြင့် ဆတ်ရိုးကျချောင်း သောင်တူးဖော်ခြင်းလုပ်ငန်းဆောင်ရွက်နေမှု၊ မြေထိန်းနံရံ တည်ဆောက်ခြင်းလုပ်ငန်း ဆောင်ရွက်နေမှုနှင့် ရေကြောင်းထိန်းသိမ်းရေး ဆောင်ရွက်ထားရှိမှုများအား လှည့်လည်ကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများအား လုပ်ငန်းဆိုင်ရာများကို မှာကြားဖြည့်ဆည်းဆောင်ရွက်ပေးသည်။ **(သတင်းစဉ်)**

*ရှေ့ဖုံးမှ*

အမေရိကန်ဒေါ်လာ ၆၅၂ ဒသမ ၈၄၀ သန်းနှင့် ၂၀၁၃-၂၀၁၄ ခုနှစ်တွင် အမေရိကန်ဒေါ်လာ ၅၃၆ ဒသမ ၂၇၄ သန်းရရှိခဲ့သည်။

မြန်မာနိုင်ငံတွင် ငါးထုတ်လုပ်မှုအနေဖြင့် ငါးဖမ်းဆီးမှုနှင့်မွေးမြူရေးကဏ္ဍများရှိနေသည်။ ငါးဖမ်းဆီးမှုတွင် ပင်လယ်ငါးဖမ်းခြင်းလုပ်ငန်းမှာ မိုးရာသီကာလတွင် ရာသီဥတုအခြေအနေကြောင့် ငါးဖမ်းဆီးရရှိမှုလျော့နည်းခဲ့သော်လည်း ပွင့်လင်းရာသီတွင်ပုံမှန်ဖြစ်ခဲ့သည်။

အင်းအိုင် ငါးလုပ်ငန်းများမှာ ရာသီဥတုဖောက်ပြန်မှု၊ လူစုလူဝေးဖြင့် အင်းအိုင်များအတွင်း တရားမဝင် ငါးဝင်ရောက်ဖမ်းဆီးခြင်းများအပြင် တားမြစ်ငါးဖမ်းနည်းများ သုံးစွဲငါးဖမ်းမှုများကြောင့် ငါးနှင့်ပုစွန်ထုတ်လုပ်မှုများ ယခင်ကထက်လျော့နည်းမှုများရှိလာခဲ့သည်။ သို့သော်ဈေးကောင်းရလျက်ရှိသည်။

ငါးပုစွန် မွေးမြူခြင်းလုပ်ငန်းများတွင် ရင်းနှီးမြှုပ်နှံမှုလျော့နည်းမှုကြောင့် ထုတ်လုပ်မှုလျော့နည်းသော်လည်း မွေးမြူထုတ်လုပ်သည့် ရေချိုငါးများမှာ ပြည်တွင်း ပြည်ပဈေးကွက်တွင်ဈေးကောင်းရရှိလျက်ရှိနေသည်။

ထို့ကြောင့် ၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ်တွင် ရေထွက်ပစ္စည်းပြည်ပတင်ပို့ကုန်တန်ဖိုးမှာ ၂၀၁၄ ခုနှစ် ဒီဇင်ဘာလကုန်အထိ အမေရိကန်ဒေါ်လာ ၃၆၁ ဒသမ ၅၇ သန်းရှာဖွေပေးထားနိုင်ပြီဖြစ်သည်။ **(မြန်မာ့အလင်း)**

# ရန်ကုန်-မန္တလေးအမြန်လမ်းမကြီးကို လမ်းနယ်အကျယ်ပေ ၄၀၀ သတ်မှတ်ရာတွင်ပါဝင်သည့် မြေရေယာများအတွက် ဆက်လက်ထောက်ပံ့ပေးလျော်သွားမည်

**နေပြည်တော် မတ် ၆**

ရန်ကုန် -မန္တလေးအမြန်လမ်းမကြီးကို လမ်းနယ်အကျယ် ပေ ၄၀၀ သတ်မှတ်နိုင်ရေးအတွက် လမ်းနယ်အတွင်းပါဝင်သည့် အများပြည်သူပိုင်ဆိုင်သည့် လယ်/ယာမြေများ၊ သစ်တောမြေဧရိယာများကို သက်ဆိုင်ရာ တိုင်းဒေသကြီး/မြို့နယ်များ နယ်မြေအလိုက် ကွင်းဆင်းတိုင်းတာစစ်ဆေးပြီး တိုင်းဒေသကြီးအလိုက် မြေအမျိုးအစားအပေါ်မူတည်၍ ပဲခူးတိုင်းဒေသကြီးအတွင်းရှိ ဒိုက်ဦးမြို့နယ်၊ ဖြူးမြို့နယ်၊ တောင်ငူမြို့နယ်၊ ရေတာရှည်မြို့နယ်၊ ကျောက်တံခါးမြို့နယ် စုစုပေါင်းမြို့နယ် ငါးမြို့နယ်တွင် ထောက်ပံ့ပေးလျော်ခဲ့ပြီးဖြစ်သည်။

ဆက်လက်၍ ရန်ကုန်တိုင်းဒေသကြီး လှည်းကူးမြို့နယ်မှ လည်းကောင်း၊ ပဲခူးတိုင်းဒေသကြီး၊ ပဲခူး/အုတ်တွင်းမြို့နယ်များမှ လည်းကောင်း၊ နေပြည်တော် ကောင်စီနယ်မြေရှိ ဒက္ခိဏသီရိမြို့နယ်၊ ဥတ္တရသီရိမြို့နယ်၊ လယ်ဝေးမြို့နယ်၊ တပ်ကုန်းမြို့နယ်များမှ လည်းကောင်း၊ မန္တလေးတိုင်းဒေသကြီးအတွင်းရှိ ရမည်းသင်း၊ ပျော်ဘွယ်၊ မိတ္ထီလာ၊ မလှိုင်၊ ဝမ်းတွင်း၊ နွားထိုးကြီး၊ တံတားဦး၊ အမရပူရ၊ ပြည်ကြီးတံခွန်မြို့နယ်များမှ လည်းကောင်း ပါဝင်သွားသည့် လယ်ယာမြေနှင့် ဥယျာဉ်ခြံမြေများကို ၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ်နှင့် ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ်များတွင် ဆက်လက်ထောက်ပံ့ပေးလျော်နိုင်ရေးတို့ကို ဆောင်ရွက်လျက်ရှိသည်။

သို့ဖြစ်ပါ၍ ရန်ကုန်-မန္တလေးအမြန်လမ်းမကြီးကို လမ်းနယ်အကျယ် ပေ ၄၀၀ သတ်မှတ်နိုင်ရေးဆောင်ရွက်နေစဉ် တောင်သူများအနေဖြင့် လမ်းနယ်အတွင်း စိုက်ခင်းများပြုလုပ်ခြင်း၊ လူနေအိမ်/တဲ ဆောက်လုပ်ခြင်းများမပြုလုပ်ကြရန်၊ ပူးပေါင်းပါဝင်ဆောင်ရွက်ရန်နှင့် လမ်းနယ်အတွင်း ကျူးကျော်စိုက်ပျိုးဆောက်လုပ်ထားသည့် စိုက်ခင်းနှင့် အဆောက်အအုံများ ဖယ်ရှားပေးနိုင်ရေး အများပြည်သူ တောင်သူလယ်သမားများကို ရှင်းလင်းဆွေးနွေးအကြောင်းကြားလျက်ရှိသည်။

ရန်ကုန်-မန္တလေးအမြန်လမ်းမကြီးသည် ၃၃၆ မိုင် ၃ ဖာလုံ အရှည်ရှိပြီး မြို့နယ်ပေါင်း ၂၂ မြို့နယ်ကို ဖြတ်သန်းဖောက်လုပ်ထားရှိပြီး ရန်ကုန်-နေပြည်တော်လမ်းပိုင်းကို ၂၀၀၉ ခုနှစ် မတ် ၂၅ ရက်တွင်လည်းကောင်း၊ နေပြည်တော်- စကားအင်း လမ်းပိုင်းကို ၂၀၁၀ ခုနှစ် ဒီဇင်ဘာ ၂၃ ရက်တွင် လည်းကောင်း ဖွင့်လှစ်ခဲ့ခြင်းဖြစ်ကြောင်းသိရသည်။ **(သတင်းစဉ်)**

# ရန်ကုန်-မန္တလေးအမြန်လမ်းမကြီးတွင် အချိန်မီရောက်ရှိရန်လိုအပ်သော သယ်ယူပို့ဆောင်သည့်ယာဉ်များ စမ်းသပ်သွားလာခွင့်ပြု

**နေပြည်တော် မတ် ၆**

ရန်ကုန်-မန္တလေးအမြန်လမ်းမကြီးတွင် အချိန်မီရောက်ရှိရန် လိုအပ်သောဟင်းသီးဟင်းရွက်၊ သစ်သီးဝလံနှင့် ပန်းမန်ကုန်စည်အမျိုးအစား၊ သား၊ ငါးနှင့် ကဏန်းကုန်စည်အမျိုးအစား၊ သတင်းစာ၊ ဂျာနယ်စသည့်စာနယ်ဇင်းကုန်စည်များ သယ်ယူပို့ဆောင်သည့် မော်တော်ယာဉ် ဝင်ရိုးသုံးခုပါ ၁၀ ဘီးအထိကုန်စည်တင်ယာဉ်များကို ၂၀၁၅ ခုနှစ်မတ် ၁ ရက်မှစ၍ စမ်းသပ်ကာလ သုံးလအဖြစ် အသုံးပြုသွားလာခွင့်ပြုမည်ဖြစ်ကြောင်း ရန်ကုန်-မန္တလေးအမြန်လမ်း ပြုပြင်ထိန်းသိမ်းရေးအဖွဲ့ထံမှ သိရသည်။

ရန်ကုန်-မန္တလေးအမြန်လမ်းမကြီးအသုံးပြုသည့် ခွင့်ပြုကုန်စည်တင်ယာဉ်များသည် Traffic Information Center မှ စောင့်ကြည့် ထိန်းချုပ်နိုင်ရန် Telematics စနစ်ကို မဖြစ်မနေတပ်ဆင်ရမည်ဖြစ်ပြီး အင်ဂျင်နီယာမှူးကြီးရုံး ရန်ကုန်- မန္တလေးအမြန်လမ်းပြုပြင်ထိန်းသိမ်းရေးအဖွဲ့တွင် လမ်းအသုံးပြုခွင့် မှတ်ပုံတင်ဆောင်ရွက်ပြီးမှသာ အသုံးပြုခွင့်ပြုမည် ဖြစ်ကြောင်း သိရှိရသည်။

ခွင့်ပြုကုန်စည်တင်ယာဉ်များ လိုက်နာရမည့်စည်းကမ်းချက်များ၊ Telematics စနစ်နှင့်ပတ်သက်သည့် စည်းကမ်းချက်များ၊ ဝန်ဆောင်မှုများနှင့် လမ်းအသုံးပြုခကောက်ခံနှုန်းထားများကို www.ministry-construction. gov.mm နှင့် www.facebook.com/yangon.mandalay expressway တို့တွင် ဝင်ရောက်ဖတ်ရှုနိုင်သည်။

**(သတင်းစဉ်)**

**ရန်ကုန်-မန္တလေးအမြန်လမ်းမကြီးတွင် ကုန်တင်ယာဉ်များအား လမ်းအသုံးပြုခကောက်ခံမည့် လမ်းပိုင်းအလိုက်နှုန်းထား**

| စဉ် | လမ်းအပိုင်းအမည် | လမ်းမိုင် | ယာဉ်အမျိုးအစားအလိုက်ကျသင့်ငွေ | | | | | | |
|---|---|---|---|---|---|---|---|---|---|
| | | | (၅)တန် | (၆)တန် | (၉)တန် | (၁၂)တန် | (၁၆)တန် | (၂၁)တန် | (၂၃)တန် |
| ၁ | အမှတ်(၃)လမ်းဆုံမှဖြူးအတွင်း (ဘောနတ်ကြီး/ဒရယ်မီး) | (၁၁၅)မိုင်နှုန်း | ၆၀၀၀ | ၇၀၀၀ | ၁၀၅၀၀ | ၁၄၀၀၀ | ၁၈၅၀၀ | ၂၄၅၀၀ | ၂၆၅၀၀ |
| ၂ | ဖြူးမှနေပြည်တော်အတွင်း (တောင်ငူ/အုတ်တွင်း/သာဂရ) | (၈၇)မိုင်နှုန်း | ၄၅၀၀ | ၅၅၀၀ | ၈၀၀၀ | ၁၀၅၀၀ | ၁၄၀၀၀ | ၁၈၅၀၀ | ၂၀၀၀၀ |
| ၃ | အမှတ်(၃)လမ်းဆုံမှ နေပြည်တော် | (၂၀၂)မိုင်နှုန်း | ၁၀၅၀၀ | ၁၂၅၀၀ | ၁၈၅၀၀ | ၂၄၅၀၀ | ၃၂၅၀၀ | ၄၂၅၀၀ | ၄၆၅၀၀ |
| ၄ | နေပြည်တော်မှ သီးကုန်းအတွင်း (ပန်းတင်/ပေပင်လေး) | (၈၂)မိုင်နှုန်း | ၄၅၀၀ | ၅၀၀၀ | ၇၅၀၀ | ၁၀၀၀၀ | ၁၃၅၀၀ | ၁၇၅၀၀ | ၁၉၀၀၀ |
| ၅ | သီးကုန်းမှ စကားအင်းအတွင်း (ကံတောင်း/ပြင်စည်/သပြေငူ) | (၆၈)မိုင်နှုန်း | ၃၅၀၀ | ၄၀၀၀ | ၆၅၀၀ | ၈၅၀၀ | ၁၁၀၀၀ | ၁၄၅၀၀ | ၁၆၀၀၀ |
| ၆ | နေပြည်တော်မှ စကားအင်း | (၁၅၀)မိုင်နှုန်း | ၇၅၀၀ | ၉၀၀၀ | ၁၃၅၀၀ | ၁၈၀၀၀ | ၂၄၀၀၀ | ၃၁၅၀၀ | ၃၄၅၀၀ |
| ၇ | စကားအင်းမှ တံခွန်တိုင် | (၁၄)မိုင်နှုန်း | ၁၀၀၀ | ၁၅၀၀ | ၂၀၀၀ | ၂၅၀၀ | ၃၀၀၀ | ၃၅၀၀ | ၄၀၀၀ |
| ၈ | အမှတ်(၃)လမ်းဆုံမှ တံခွန်တိုင် | (၃၆၆)မိုင်နှုန်း | ၁၉၀၀၀ | ၂၃၀၀၀ | ၃၄၀၀၀ | ၄၅၀၀၀ | ၅၉၅၀၀ | ၇၇၅၀၀ | ၈၅၀၀၀ |

❁ *ကျောဖုံးမှ*

အဆိုပါ မြန်မာ့ရိုးရာလက်ဝှေ့ မျိုးဆက်သစ် ယှဉ်ပြိုင်ပွဲများနှင့် ပတ်သက်၍ ဝါဆိုကလပ်မှ အုပ်ချုပ်သူနည်းပြ ကိုစိုးမိုးနိုင်က "ရိုးရာလက်ဝှေ့ မျိုးဆက်မပြတ်အောင် အခုလို မျိုးဆက်သစ်လက်ဝှေ့ပွဲလေးတွေ စဉ်ဆက်မပြတ် ရှိသင့်တာပါ။ မြန်မာ့ရိုးရာလက်ဝှေ့က ရှေးကတည်းက မြန်မာ့ရေမြေပေါ်မှာ ပေါ်ပေါက်ထွန်းကားခဲ့တာဖြစ်တဲ့အတွက် တစ်မျိုးသားလုံးရဲ့ ယဉ်ကျေးမှုအမွေအနှစ်ဖြစ်ပါတယ်။ မြန်မာ့ရိုးရာလက်ဝှေ့ကနေ အမွေခံဆင့်ပွားသွားတဲ့ ထိုင်းနိုင်ငံရဲ့ မွေထိုင်းဟာ ကမ္ဘာမှာ တွင်ကျယ်ထိုးဖောက်လာတာကို တွေ့ရတယ်။ ဒါကလည်း ထိုင်းလူမျိုးတွေရဲ့ ပံ့ပိုးအားပေးမှုကောင်းမွန်လို့ပဲ ဖြစ်တယ်လို့ ကျွန်တော်မြင်ပါတယ်။ ကျွန်တော်တို့ဆီမှာလည်း ပံ့ပိုးမှုအားကောင်းလာမယ်ဆိုရင် မြန်မာ့ရိုးရာလက်ဝှေ့ကို ကမ္ဘာက အခုထက်ပိုမိုသိလာမှာဖြစ်ပါတယ်"ဟု ပြောကြားသည်။

မြန်မာနိုင်ငံ၌ ရိုးရာလက်ဝှေ့ကလပ်များ တိုင်းဒေသကြီးနှင့် ပြည်နယ် အနှံ့အပြားတွင်ရှိနေသော်လည်း တချို့ကလပ်များမှာ ရေရှည်ရှင်သန်ရပ်တည်နိုင်စွမ်း မရှိခြင်းကြောင့် ပျောက်ကွယ်သွားခဲ့ကြောင်း သိရသည်။ မျိုးဆက်သစ်ရိုးရာလက်ဝှေ့ပွဲစဉ်များကို စဉ်ဆက်မပြတ် ကျင်းပပေးခြင်းအားဖြင့် မြန်မာ့ရိုးရာ လက်ဝှေ့သမားများ ကမ္ဘာ့ဆုကြေးစားအဆင့်သို့ တက်လှမ်းနိုင်မည့် အခွင့်အလမ်းများရရှိလာနိုင်မည်ဟု ရိုးရာလက်ဝှေ့သမ္ဘာရင့်နည်းပြများက သုံးသပ်ပြောကြားကြသည်။

" ရိုးရာလက်ဝှေ့အဖွဲ့ချုပ်က ဦးဆောင်ပြီး မျိုးဆက်သစ်ပွဲတွေ အပတ်စဉ်လုပ်ပေးတော့ ရိုးရာလက်ဝှေ့ဝါသနာပါတဲ့ မျိုးဆက်သစ်တွေအတွက် အခွင့်အလမ်းကောင်းတွေ ရှိလာတာပေါ့။ ဒါမှလည်း မြန်မာ့ရိုးရာလက်ဝှေ့ ကမ္ဘာ့ပရိအဆင့် တက်လှမ်းဖို့ဖြစ်လာနိုင်မှာပါ။ ခက်နေတာက ကျွန်တော်တို့ဆီမှာ ရိုးရာလက်ဝှေ့အတွက် ရင်းနှီးမြှုပ်နှံနိုင်တဲ့ ကလပ်ပိုင်ရှင်က မရှိသေးဘူးဖြစ်နေတယ်။ တစ်ဦးနှစ်ဦးလောက်ပဲ ရှိမယ်ဆိုရင်တောင် မြန်မာ့ရိုးရာလက်ဝှေ့ဟာ မွေထိုင်းကိုကျော်ပြီး ကမ္ဘာ့ ပရိအဆင့်တက်လှမ်းနိုင်မှာ သေချာပါတယ်။ အခုလည်း မြန်မာ့ရိုးရာလက်ဝှေ့နည်းစနစ်ပိုင်း၊ ကစားသမားနှင့် အုပ်ချုပ်သူ စည်းမျဉ်း၊ စည်းကမ်းတွေ မကြာမီထွက်လာတော့မှာ ဖြစ်ပါတယ်။ ဒါတွေထွက်လာပြီးရင် ကျွန်တော်တို့ ရိုးရာလက်ဝှေ့အတွက် ပိုပြီးကောင်းလာမယ်"ဟု မြန်မာ့ရိုးရာ လက်ဝှေ့ပြိုင်ပွဲများကို ပြည်တွင်း ပြည်ပ၌ စီစဉ်ကျင်းပနေသူ ဦးစိုင်းဇော်ဇော်က ပြောပြသည်။

မြန်မာ့ရိုးရာလက်ဝှေ့အဖွဲ့ချုပ်သည် ရိုးရာလက်ဝှေ့ကို ကမ္ဘာ့ဆုကြေးစား အဆင့်မီစေရန်အတွက် စည်းမျဉ်း၊ စည်းကမ်း၊ ဥပဒေများကို မူကြမ်းရေးဆွဲခဲ့ပြီးဖြစ်ရာ မကြာမီ အချောသပ် ထွက်လာတော့မည်ဖြစ်ကြောင်း၊ ထို့အပြင် ရန်ကုန်မြို့ မင်္ဂလာတောင်ညွန့်မြို့နယ်ရှိ သိမ်ဖြူအားကစားရုံကို လက်ဝှေ့ရုံအဖြစ် သတ်မှတ်ကာ ရိုးရာလက်ဝှေ့ သင်တန်းများစဉ်ဆက်မပြတ် ဖွင့်လှစ်သွားမည်ဖြစ်ကြောင်း သိရသည်။

"ကျွန်တော်တို့လို မျိုးဆက်သစ်လူငယ်တွေအတွက် လက်ဝှေ့ပွဲစဉ်တွေကို မြန်မာ့ရိုးရာလက်ဝှေ့အဖွဲ့ချုပ်က အခုလို အဆက်မပြတ်စီစဉ်ပေးတာ အလွန်ကောင်းပါတယ်။ ပွဲစဉ်တွေ အဆက်မပြတ်ရှိတော့ ပြည်သူတွေလည်း စိတ်ဝင်စားမှုပိုရှိလာသလို ကျွန်တော်တို့အတွက်လည်း အတွေ့အကြုံတွေ ပိုရလာမှာဖြစ်ပါတယ်။ စည်းမျဉ်း၊ စည်းကမ်း၊ ဥပဒေသတွေထွက်လာပြီး သင်တန်းတွေလည်း ဖွင့်တော့မယ်ဆိုတော့ မျိုးဆက်သစ် လူငယ်တွေအတွက် အခွင့်အလမ်းကောင်းတွေ ရလာလိမ့်မယ်လို့ မျှော်လင့်ပါတယ်"ဟု မြန်မာ့ရိုးရာလက်ဝှေ့မျိုးဆက်သစ် လူငယ်တစ်ဦးက ဆိုသည်။

ယခုအခါ မြန်မာ့ရိုးရာလက်ဝှေ့ကို ဂျပန်၊ ဩစတြေးလျ၊ ရုရှား၊ ပြင်သစ်နှင့် အာဖရိကနိုင်ငံများမှ လက်ဝှေ့ဝါသနာရှင်လူငယ်များက ပြည်တွင်းကလပ်များတွင် လာရောက်လေ့လာသင်ယူလျက်ရှိသည်။

ပြည်တွင်းသတင်း

# အမျိုးသားပညာရေးဥပဒေကို ပြင်ဆင်သည့်ဥပဒေကြမ်းအား အမျိုးသားလွှတ်တော်၌ ဆက်လက်ကြားနာဆောင်ရွက်

**နေပြည်တော် မတ် ၆**

အမျိုးသား ပညာရေးဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းအပေါ် ကြားနာခြင်းကို ယနေ့ နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ လွှတ်တော်အဆောက်အအုံ အမျိုးသားလွှတ်တော်ဆွေးနွေးပွဲခန်းမ၌ ဆက်လက်ကျင်းပပြီး နိုင်ငံရေးပါတီများမှ တာဝန်ရှိသူများ၏ အကြံပြုချက်များကို ကြားနာခဲ့သည်။ **(ယာပုံ)**

အဆိုပါဥပဒေကြမ်း ကြားနာရာသို့ အမျိုးသားလွှတ်တော်ဥပဒေကြမ်းကော်မတီဥက္ကဋ္ဌ ဦးခင်မောင်ရီနှင့် ကော်မတီအဖွဲ့ဝင်များ၊ အမျိုးသားလွှတ်တော် နိုင်ငံရေး၊ စီးပွားရေးနှင့် ဥပဒေရေးရာကော်မရှင် ဥက္ကဋ္ဌ ဦးမြင့်သိန်းနှင့် ကော်မရှင်အဖွဲ့ဝင်များတက်ရောက်ကြပြီး နိုင်ငံရေးပါတီ (၁၅)ပါတီမှ ဥက္ကဋ္ဌ၊ ဒုတိယဥက္ကဋ္ဌ၊ အထွေထွေအတွင်းရေးမှူး၊ ဗဟိုအလုပ်အမှုဆောင် ကော်မတီဝင်၊ ဗဟိုကော်မတီဝင်၊ အတွင်းရေးမှူးနှင့် တွဲဖက်အတွင်းရေးမှူးများက သက်ဆိုင်ရာ ပါတီများအလိုက် ကိုယ်စားပြု တက်ရောက်ဆွေးနွေး အကြံပြုခဲ့ကြသည်။

ထိုသို့ ကြားနာဆောင်ရွက်ရာတွင် အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီဥက္ကဋ္ဌ ဦးခင်မောင်ရီက ယနေ့ကြားနာခြင်းသည် ဥပဒေကြမ်းတစ်ခု ဖြစ်လာရန်အတွက် ရနိုင်သည့် အချက်အလက်များကို ကျယ်ကျယ်ပြန့်ပြန့် ရနိုင်စေရန် ရည်ရွယ်ဆောင်ရွက်ခြင်း ဖြစ်ပါကြောင်း၊ အမျိုးသားပညာရေးဥပဒေကြမ်းကို နိုင်ငံတကာပညာရှင်များနှင့် ကုလသမဂ္ဂအဖွဲ့စည်းများ အပါအဝင် ပတ်သက်နှီးနွှယ်သော အဖွဲ့အစည်းများနှင့် နှစ်နှစ်နီးပါး လေ့လာ ညှိနှိုင်းဆောင်ရွက်ခဲ့ပါကြောင်း၊ လွှတ်တော်သို့ ရောက်ရှိလာသည့်အချိန်တွင်လည်း အဆင့်ဆင့်ကြားနာမှုများ ဆောင်ရွက်ခဲ့ပါကြောင်း၊ ထိုသို့ဆောင်ရွက်ပြီးမှ အမျိုးသား ပညာရေးဥပဒေ ပေါ်ပေါက်လာခြင်း ဖြစ်ပါကြောင်း၊ ဥပဒေပြဋ္ဌာန်းပြီး နောက်ပိုင်းတွင် ကန့်ကွက်မှုများ ဖြစ်ပေါ်လာပါကြောင်း၊ ထို့ကြောင့် ဥပဒေကိုပြင်ဆင်နိုင်ရန် ဆောင်ရွက်လျက်ရှိပါကြောင်း၊ ကျောင်းသားများ၏ ဆန္ဒကို ရှေ့တန်းတင်သည့်အနေဖြင့် ပထမဦးဆုံး ကျောင်းသားများကို ဖိတ်ကြားခဲ့ကြောင်း၊ ကျောင်းသားများ လေးလေးစားစား တက်ရောက်ခဲ့ပါကြောင်း၊ စိတ်ပါလက်ပါဖြင့် တင်ပြလိုသည့် ကျောင်းသားများ ရှိပါကြောင်း၊ သို့သော်လည်း ၎င်းတို့၏ နောက်ဆုံးအခက်အခဲကိုတင်ပြပြီး အခြေအနေအရ ၎င်းတို့ဘက်က မတက်နိုင်ကြောင်းနှင့် နောက်တစ်ကြိမ် ခွင့်ပြုချက်ရရှိပါက တက်ရောက်လိုသည်ဟု ပြောကြားခဲ့ပါကြောင်း၊ ထို့ကြောင့် ၎င်းတို့ တက်ရောက်လိုသည့်နေ့ကို နှစ်ရက် (သို့မဟုတ်)သုံးရက်ကြိုတင် အကြောင်းကြားပေးရန်နှင့် သီးခြား အစီအစဉ် ပြုလုပ်ပေးမည်ဖြစ်ကြောင်း ပြန်ကြားခဲ့ပါကြောင်း။

လွှတ်တော်အတွင်းတွင် ဥပဒေကြမ်းတစ်ခု ဆွေးနွေးရန် ဆုံးဖြတ်ပြီဆိုပါက ဥပဒေပြုရန် လွှတ်တော်၏ ဥပဒေ၊ နည်းဥပဒေများအရ ဆောင်ရွက်ရပါကြောင်း၊ နိုင်ငံရေးပါတီအသီးသီးတွင် နိုင်ငံရေးဆိုင်ရာ၊ လူမှုရေးဆိုင်ရာ၊ စီးပွားရေးဆိုင်ရာ၊ ပညာရေးဆိုင်ရာ မူဝါဒများရှိပါကြောင်း၊ ထိုသို့ မူဝါဒများရှိကြသည့် နိုင်ငံရေးပါတီများ၏ အကြံပြုချက်များကိုရယူလို၍ယခုကဲ့သို့ လေးလေးစားစားဖိတ်ကြားခြင်းဖြစ်ပါကြောင်း။

ဥပဒေကြမ်းကော်မတီအနေဖြင့် ဝါရင့်ပညာရှင်များ၊ ဘက်စုံအတွေ့အကြုံရှိသည့် ပုဂ္ဂိုလ်များဖြင့် ဖွဲ့စည်းထားသည့် နိုင်ငံရေး၊ စီးပွားရေးနှင့် ဥပဒေရေးရာကော်မရှင်၏ အကြံဉာဏ်ကို ရယူပြီး ဆင်ခြင်တုံတရားဖြင့် ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း၊ ဥပဒေကြမ်းတစ်ခု အတည်ပြုရန်အတွက် လွှတ်တော်သို့ တင်သွင်းခြင်း၊ ဆွေးနွေးခြင်းနှင့် ပုဒ်မတစ်ခုချင်းစီအလိုက် မဲခွဲဆုံးဖြတ်ရယူအတည်ပြုခြင်းတို့ ဆောင်ရွက်ရပါကြောင်း၊ လွှတ်တော်တစ်ရပ်က အတည်ပြုပြီးသည့် ဥပဒေကြမ်းကို ကျန်လွှတ်တော်တစ်ရပ်သို့ ပေးပို့ရပါကြောင်း၊ ယင်းလွှတ်တော်တွင်လည်း ဆွေးနွေးခြင်းနှင့် အတည်ပြုခြင်းတို့ ဆောင်ရွက်ပါကြောင်း၊ လွှတ်တော်နှစ်ရပ်သဘောကွဲလွဲသည့် အချက်များရှိပါက ပြည်ထောင်စုလွှတ်တော်တွင် ဆက်လက်ဆွေးနွေးအတည်ပြုရပါကြောင်း၊ ထို့ကြောင့် ပြီးစီးမည့်အချိန်ကို မခန့်မှန်းနိုင်သော်လည်း ဦးစားပေးအဖြစ် မြန်မြန်ဆန်ဆန် ဆောင်ရွက်လျက်ရှိပါကြောင်းဖြင့် ပြောကြားသည်။

ယင်းနောက် ကယန်းအမျိုးသားပါတီ ဗဟိုအလုပ်အမှုဆောင်ကော်မတီဝင် ဒေါ်နော်အိန်ဂျဲလ်လာသောင်း၊ မြို့တိုင်းရင်းသားဖွံ့ဖြိုးရေးပါတီ(မ. တ. ဖ. ပ) ဒုတိယဥက္ကဋ္ဌ ဦးကျော်ထွန်းခိုင်၊ မြန်မာနိုင်ငံ တောင်သူလယ်သမား အလုပ်သမားပြည်သူ့ပါတီ အထွေထွေအတွင်းရေးမှူး ဦးအောင်မျိုးခိုင်၊ ကရင်အမျိုးသားပါတီ တွဲဖက်အတွင်းရေးမှူး-၁ ဦးမန်းမြင့်စိုး၊ မတူကွဲပြားခြင်းနှင့် ငြိမ်းချမ်းရေးပါတီ ဥက္ကဋ္ဌ ဦးနေမျိုးဝေ၊ ရခိုင်အမျိုးသားပါတီဥက္ကဋ္ဌ ဒေါက်တာ အေးမောင်၊ ဖက်ဒရယ် ပြည်ထောင်စုပါတီ အထွေထွေအတွင်းရေးမှူး ဦးကျော်ဇံသာ၊ ရှမ်းတိုင်းရင်းသားများ ဒီမိုကရေစီအဖွဲ့ချုပ် ပါတီဗဟိုအလုပ်အမှုဆောင်ကော်မတီဝင် ဒေါ်နန်းထွေးမှုံ၊ လူ့ဘောင်သစ် ဒီမိုကရက်တစ်ပါတီ ဗဟိုအလုပ်အမှုဆောင်ကော်မတီဝင်ဦးမျိုးလွင်၊ ၈၈ မျိုးဆက်ကျောင်းသားလူငယ်များ (ပြည်ထောင်စုမြန်မာနိုင်ငံ)ပါတီ ဒုတိယဥက္ကဋ္ဌ ဦးသန်းဦး၊ ပြည်ထောင်စုမြန်မာနိုင်ငံ အမျိုးသားနိုင်ငံရေးအဖွဲ့ချုပ်ပါတီဥက္ကဋ္ဌ ဦးအေးလွင်၊ အမျိုးသားဒီမိုကရေစီ အင်အားစုပါတီမှ ဒေါ်တင်နွယ်ဦး၊ မြန်မာ့လူ့ဘောင်သစ် ဒီမိုကရက်တစ်ပါတီဥက္ကဋ္ဌ ဦးဇင်အောင်၊ ကရင်ပြည်သူ့ပါတီဗဟိုကော်မတီဝင် ဦးစောမောင်တုတ် နှင့် ကရင်ပြည်နယ် ဒီမိုကရေစီနှင့်ဖွံ့ဖြိုးတိုးတက်ရေးပါတီအဖွဲ့ဝင် ဦးစောအုန်းတင်တို့က အမျိုးသားပညာရေးဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းအပေါ် မိမိတို့ပါတီ၏ သဘောထား အမြင်များကိုအခြေခံ၍ ဆွေးနွေးအကြံပြုခဲ့ကြသည်။

အမျိုးသားပညာရေးဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းအပေါ် ကြားနာခြင်းကို ၂၄-၂-၂၀၁၅ ရက်စွဲပါ အမျိုးသားလွှတ်တော် ကြေညာချက်အမှတ် (၁/၂၀၁၅)ဖြင့် ထုတ်ပြန်ခဲ့သည့် အစီအစဉ်အတိုင်း ဆက်လက်ကျင်းပသွားရန် ရှိကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**



## နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုများ၊ အသေးစား၊ အလတ်စားစီးပွားရေးလုပ်ငန်းများနှင့် နိုင်ငံခြားခရီးသွားလုပ်ငန်းများကို ပိုမိုအားပေးမြှင့်တင်နိုင်ရန်အတွက် ၁-၄-၂၀၁၅ ရက်နေ့မှစတင်၍ ကြော်ငြာနှုန်းထားများ လျှော့ချဝန်ဆောင်မှုပေးမည်

မြန်မာ့အလင်းသတင်းစာနှင့် ကြေးမုံသတင်းစာတို့ကို ၂၀၁၅ ခုနှစ် ဇန်နဝါရီလမှစတင်၍ ရောင်စုံသတင်းစာ ၃၂ မျက်နှာအဖြစ် ပြောင်းလဲထုတ်ဝေခဲ့ပြီးနောက် ဖေဖော်ဝါရီလ ၁ ရက်နေ့မှစတင်၍ သုတရသဆိုင်ရာ စာအုပ်ကြော်ငြာများ၊ ဌာနဆိုင်ရာကြော်ငြာများ၊ လူမှုရေးကြော်ငြာများ၊ စီးပွားရေးကြော်ငြာများအပေါ် ကြော်ငြာခနှုန်းထားများကို လျှော့ချဝန်ဆောင်မှုပေးခဲ့ပါသည်။

ယခုအခါ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုများ တိုးမြင့်လာမှုအရလည်းကောင်း၊ အသေးစားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းများကို ပိုမိုအားပေးမြှင့်တင်နိုင်ရန်အတွက်လည်းကောင်း နိုင်ငံခြားကုန်ပစ္စည်းကြော်ငြာ၊ ကုန်အမှတ်တံဆိပ်ကြော်ငြာနှင့် မူပိုင်ခွင့်ကြော်ငြာ၊ ပြည်တွင်းလေကြောင်းလိုင်း၊ နိုင်ငံသားပိုင်ဟိုတယ်၊ နိုင်ငံခြားခရီးသွားကြော်ငြာများကိုလည်း ၁-၄-၂၀၁၅ ရက်နေ့မှစတင်၍ အောက်ပါအတိုင်း ပြောင်းလဲလျှော့ချဝန်ဆောင်မှုပေးသွားမည်ဖြစ်ပါသည်။

| စဉ် | ကြော်ငြာအမျိုးအစား | ရောင်စုံကြော်ငြာ | | အဖြူ/အမည်း | |
|---|---|---|---|---|---|
| | | လက်ရှိနှုန်းထား ၁"×၁ ကော်လံ | လျှော့ချမည့်နှုန်းထား ၁"×၁ ကော်လံ | လက်ရှိနှုန်းထား ၁"×၁ ကော်လံ | လျှော့ချမည့်နှုန်းထား ၁"×၁ ကော်လံ |
| ၁။ | နိုင်ငံခြားကုန်ပစ္စည်းကြော်ငြာ၊ ပြည်ပလေကြောင်းလိုင်းကြော်ငြာ၊ ပြည်ပဟိုတယ်ကြော်ငြာ | USD 50 | ၃၀၀၀ိ/- | USD 50 | ၃၀၀၀ိ/- |
| ၂။ | ကုန်အမှတ်တံဆိပ်/မူပိုင်ခွင့်နှင့်ပတ်သက်သော ကြော်ငြာ | USD 100 | ၅၀၀၀ိ/- | USD 100 | ၅၀၀၀ိ/- |
| ၃။ | ပြည်တွင်းလေကြောင်းလိုင်း၊ နိုင်ငံသားပိုင်ဟိုတယ်၊ နိုင်ငံခြားခရီးသွားကြော်ငြာများ | ၂၀၀၀ိ/- | ၁၅၀၀ိ/- | ၁၇၀၀ိ/- | ၁၃၀၀ိ/- |

ပြည်တွင်းသတင်း

# ဆင်ကျုံးတောရကျောင်းတိုက် ဦးစီးပဓာန နာယက နိုင်ငံတော်သြဝါဒါစရိယဆရာတော်ဘဝနတ်ထံပျံလွန်တော်မူ

**နေပြည်တော် မတ် ၆**

မန္တလေးတိုင်းဒေသကြီး ရမည်းသင်းမြို့နယ် ဆင်ကျုံးတောရကျောင်းတိုက် ဦးစီးပဓာန နာယက နိုင်ငံတော်သြဝါဒါစရိယ ဆရာတော် (အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက) ဘဒ္ဒန္တကောသလ္လဆရာတော်ကြီးသည် သက်တော် (၉၇) နှစ်၊ သိက္ခာတော်(၇၆) ဝါအရ ၁၃၇၆ ခုနှစ် တပေါင်းလဆန်း ၁၅ ရက်၊ (၄-၃-၂၀၁၅) ဗုဒ္ဓဟူးနေ့ မွန်းလွဲ ၂ နာရီ ၁၅ မိနစ်တွင် ဘဝနတ်ပျံလွန်တော်မူကြောင်း သာသနာရေးဦးစီးဌာနမှ သတင်းရရှိသည်။

(မြန်မာ့အလင်း)

## နိုင်ငံတော်သြဝါဒါစရိယဆရာတော် မန္တလေးတိုင်းဒေသကြီး ရမည်းသင်းမြို့ ဆင်ကျုံးတောရကျောင်းတိုက် ဦးစီးပဓာနနာယကဆရာတော် ဘဒ္ဒန္တကောသလ္လ (အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက)၏ ထေရုပ္ပတ္တိအကျဉ်း



**ဖွားမြင်တော်မူခြင်း**

ဆရာတော်လောင်းလျာသည် မန္တလေးတိုင်းဒေသကြီး ရမည်းသင်းမြို့နယ် ဥသျှစ်ကုန်းရွာ ခမည်းတော် ဦးပန်းလှိုင်-မယ်တော်ဒေါ်ငွေမယ်တို့မှ ၁၂၈၀ ခုနှစ် ပြာသိုလဆန်း ၆ ရက်၊ တနင်္လာနေ့တွင် ဖွားမြင်တော်မူသော သားရတနာဖြစ်ပါသည်။

**ရှင်ရဟန်းအဖြစ်သို့ ရောက်ရှိတော်မူခြင်း**

ဆရာတော်လောင်းလျာသည် ဥသျှစ်ကုန်းပရိယတ္တိစာသင်တိုက် ပဓာနနာယက ဆရာတော် ဘဒ္ဒန္တကုမာရာဘိဝံသကို ဥပဇ္ဈာယ်ပြု၍ မိဘနှစ်ပါးတို့၏ ပစ္စယာနုဂ္ဂဟဖြင့် ရှင်သာမဏေအဖြစ်သို့ ရောက်ရှိခဲ့ပါသည်။ ၁၂၉၉ ခုနှစ် တပေါင်းလပြည့်ကျော် ၄ ရက်၊ စနေနေ့တွင် ဥသျှစ်ကုန်း ခဏ္ဍသိမ်၌ မြင့်မြတ်သော ရဟန်းအဖြစ်သို့ ရောက်ရှိတော်မူခဲ့ပါသည်။

**ပရိယတ္တိစာပေသင်ယူဆည်းပူးတော်မူခြင်း**

ဆရာတော်လောင်းလျာသည် မန္တလေးတိုင်းဒေသကြီး ရမည်းသင်းမြို့နယ် ဥသျှစ်ကုန်းပရိယတ္တိစာသင်တိုက် ဆရာတော်ဦးကုမာရာဘိဝံသ၊ သထုံမြို့ ကျောက်လုံးကြီး ပရိယတ္တိစာသင်တိုက် ဆရာတော်ဦးရာဇိန္ဒ၊ ပဲခူးမြို့ မြို့မပရိယတ္တိစာသင်တိုက်ဆရာတော် ဘဒ္ဒန္တက္ကန္ဒာစာရ၊ စံပြသိမ်ကုန်းမုဠလိန္ဒာချောင် ဆရာတော်ဘဒ္ဒန္တသုန္ဒရ၊ ဇီးဖြူကုန်း ဂန္ထဓုရဆရာတော် ဦးဥက္ကံသ၊ ပျော်ဘွယ် ညောင်လွန့်တောရဆရာတော် ဦးသီလာစာရ၊ ရွှေညောင်ဖူး ရေကြည်တော်တောရ ဆရာတော်ဦးသောဘဏ၊ ဆင်ကျုံးတောရမူလဆရာတော် ဦးပညာနှင့် ယောဆရာတော် ဦးပညာဇောတ စသော စာချဆရာတော်များထံတွင် ပရိယတ္တိစာပေများကို ဆည်းပူးတော်မူခဲ့ပါသည်။

**သာသနာရေးအားပေးဆောင်ရွက်တော်မူခြင်း**

ဆရာတော်သည် ဆဋ္ဌသင်္ဂါယနာပါဠိဝိသောဓက၊ ဗုဒ္ဓဘာသာသီလရှင်၏ သာသနာ့ခွယ်ဝင်မှတ်တမ်းအမည် မှည့်ခေါ်စေနိုင်ခဲ့ခြင်း၊ ဆဋ္ဌသိင်္ဂီတိကာရက၊ နိုင်ငံတော် ဗဟိုသံဃဝန်ဆောင်၊ နိုင်ငံတော်သံဃမဟာနာယက တာဝန်နှင့် နိုင်ငံတော်သြဝါဒါစရိယ၊ ရွှေမြင်တင်တောင်တော်မြတ်နှင့်ရွှေမြင်တင်ဘုရားများ ဂေါပကအဖွဲ့၏ သြဝါဒါစရိယ၊ ဥသျှစ်ကုန်းပေါ်တော်မူဘုရား ဂေါပကအဖွဲ့၏ သြဝါဒါစရိယစသော သာသနာပြုတာဝန်များကို ဆောင်ရွက်တော်မူခဲ့ပါသည်။

**ဘွဲ့တံဆိပ်အလှူခံရရှိတော်မူခြင်း**

ဤသို့လျှင် ဗုဒ္ဓသာသနာတော်အကျိုးကို ထက်သန်သော လုံ့လဝီရိယတို့ဖြင့် သယ်ပိုးဆောင်ရွက်တော်မူခြင်းကြောင့် သာသနဓုရာဝဟဂုဏ်၊ ပိဋကတ္တယဆေကဂုဏ်၊ လဇ္ဇီပေသလသိက္ခာကာမဂုဏ် စသည်တို့နှင့် ပြည့်စုံတော်မူသော ဆရာတော်သည် ၁၉၉၂ ခုနှစ်တွင် နိုင်ငံတော်အစိုးရက **“အဂ္ဂမဟာပဏ္ဍိတ”** ဘွဲ့တံဆိပ်တော်ကိုလည်းကောင်း၊ ဗုဒ္ဓသာသနာတော် တိုးတက်ပြန့်ပွားရေးကို အထူးဆောင်ရွက်တော်မူခြင်း ဝိသိဋ္ဌဗုဒ္ဓသာသနာဝုဍ္ဍိကရဂုဏ်၊ ဗုဒ္ဓသာသနာတော်အကျိုးစီးပွားကို အထူးဆောင်ရွက်နိုင်ခြင်း ဝိသိဋ္ဌဗုဒ္ဓသာသနဟိတဓရဂုဏ်၊ ဗုဒ္ဓသာသနာတော်ကို အထူးစောင့်ရှောက်တော်မူခြင်း ဝိသိဋ္ဌဗုဒ္ဓသာသနာနုရက္ခိတဂုဏ်၊ သံဃာတော်များကို ထူးခြားစွာ ကြီးကဲအုပ်ချုပ်နိုင်ခြင်း ဝိသိဋ္ဌမဟာနာယကဂုဏ်၊ ထူးကဲသော ဝိသိဋ္ဌသီလ၊ သမာဓိ၊ ပညာဂုဏ်တို့နှင့် ပြည့်စုံတော်မူခြင်းကြောင့် (၂၀၀၆) ခုနှစ်တွင် **(အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက)** ဘွဲ့တံဆိပ်တော်ကိုလည်းကောင်း အလှူခံရရှိတော်မူခဲ့ပါသည်။

**ဘဝနတ်ထံပျံလွန်တော်မူခြင်း**

ဆရာတော်ကြီးသည် သာသနာတော်အကျိုးသယ်ပိုးဆောင်ရွက်တော်မူရင်း သက်တော် (၉၇)နှစ်၊ သိက္ခာတော် (၇၆) ဝါအရ ၁၃၇၆ ခုနှစ် တပေါင်းလဆန်း ၁၅ ရက်၊ (၄-၃-၂၀၁၅)ဗုဒ္ဓဟူးနေ့ မွန်းလွဲ ၂ နာရီ ၁၅ မိနစ်က ဘဝနတ်ထံပျံလွန်တော်မူကြောင်း သာသနာရေးဦးစီးဌာနမှ သတင်းရရှိသည်။

(မြန်မာ့အလင်း)

# မန်ဆူဘုရားကြီးကျောင်း ပရိယတ္တိစာသင်တိုက် ဦးစီးပဓာနနာယကဆရာတော် ဘဝနတ်ထံပျံလွန်တော်မူ

**နေပြည်တော် မတ် ၆**

ရှမ်းပြည်နယ် လားရှိုးမြို့နယ် မန်ဆူဘုရားကြီးကျောင်း ပရိယတ္တိစာသင်တိုက် ဦးစီးပဓာနနာယက ဆရာတော် (အဘိဓဇမဟာရဋ္ဌဂုရု) ဘဒ္ဒန္တကောဏ္ဍည ဆရာတော်ကြီးသည် သက်တော် (၈၂ နှစ်)၊ သိက္ခာတော် (၆၂)ဝါအရ ၁၃၇၆ ခုနှစ် တပေါင်းလဆန်း ၁၄ ရက်၊ (၃-၃-၂၀၁၅) အင်္ဂါနေ့ ည ၈ နာရီ ၁၅ မိနစ်တွင် ဘဝနတ်ထံပျံလွန်တော်မူကြောင်း သာသနာရေးဦးစီးဌာနမှ သတင်းရရှိသည်။

(မြန်မာ့အလင်း)

## ရှမ်းပြည်နယ် လားရှိုးမြို့ မန်ဆူဘုရားကြီးကျောင်း ပရိယတ္တိစာသင်တိုက် ဦးစီးပဓာနနာယကဆရာတော် ဘဒ္ဒန္တကောဏ္ဍည (အဘိဓဇမဟာရဋ္ဌဂုရု)၏ ထေရုပ္ပတ္တိအကျဉ်း



**ဖွားမြင်တော်မူခြင်း**

ဆရာတော်လောင်းလျာသည် မန္တလေးတိုင်းဒေသကြီး မလှိုင်မြို့နယ် ငါးတောင်ပုံကျေးရွာ၊ ခမည်းတော်ဦးမုန်း-မယ်တော် ဒေါ်ပြည့်မုံတို့မှ ၁၂၉၅ ခုနှစ် တော်သလင်းလဆန်း ၉ ရက်နေ့တွင် ဖွားမြင်တော်မူသော သားရတနာဖြစ်ပါသည်။

**ရှင်ရဟန်းအဖြစ်သို့ ရောက်ရှိတော်မူခြင်း**

ဆရာတော်လောင်းလျာသည် ၁၃၀၅ ခုနှစ် မန္တလေးတိုင်းဒေသကြီး မလှိုင်မြို့နယ်တံခွန်တိုင်ကျောင်း ဆရာတော် ဘဒ္ဒန္တဇာဂရကို ဥပဇ္ဈာယ်ပြု၍ မိဘနှစ်ပါးတို့၏ ပစ္စယာနုဂ္ဂဟဖြင့် ရှင်သာမဏေအဖြစ်သို့ ရောက်ရှိခဲ့ပါသည်။ ၁၃၁၅ ခုနှစ်တွင် မန္တလေးတိုင်းဒေသကြီး မလှိုင်မြို့နယ် ရတနာဦးကျောင်း ခဏ္ဍသိမ်၌ ရတနာဦးကျောင်းဆရာတော် ဘဒ္ဒန္တကုမာရကို ဥပဇ္ဈာယ်ပြု၍ မိဘနှစ်ပါး၏ ပစ္စယာနုဂ္ဂဟကိုခံယူကာ မြင့်မြတ်သော ရဟန်းအဖြစ်သို့ ရောက်ရှိတော်မူခဲ့ပါသည်။

**ပရိယတ္တိစာပေသင်ယူဆည်းပူးတော်မူခြင်း**

ဆရာတော်လောင်းလျာသည် မန္တလေးတိုင်းဒေသကြီး မလှိုင်မြို့နယ် ငါးတောင်ပုံကျေးရွာ ရွာဦးကျောင်း ဆရာတော် ဘဒ္ဒန္တနိပုန၊ မလှိုင်မြို့ အမှတ်( ၉)ရပ်ကွက် တံခွန်တိုင်ကျောင်းဆရာတော် ဘဒ္ဒန္တဇာဂရ၊ မလှိုင်မြို့နယ် ကံကြီးကျေးရွာ သီရိသောမာရုံကျောင်း ဆရာတော် ဘဒ္ဒန္တစန္ဒဇောတိ၊ လေးမျက်နှာကျောင်းဆရာတော် ဘဒ္ဒန္တစန္ဒိမာ၊ မန္တလေးမြို့ မစိုးရိမ်ကျောင်းတိုက် ပါဠိနယူပဒေသကျောင်းဆရာတော် ဘဒ္ဒန္တဝိသုဒ္ဓါဘိဝံသနှင့် စာချဆရာတော်များ၊ မဟာဝိသုဒ္ဓါရုံတိုက်သစ် သံတော်ဆင့်ကျောင်းဆရာတော် ဘဒ္ဒန္တဝါသဝါဘိဝံသနှင့် စာချဆရာတော်များ၊ မဟာဝေယန်ဘုံသာကျောင်းတိုက် ဆရာတော် ဘဒ္ဒန္တကလျာဏာ ဘိဝံသနှင့် စာချဆရာတော်များ၊ ရမည်းသင်းမြို့နယ် ညောင်လွန့်တောရ ကမ္မဋ္ဌာနာစရိယကျောင်းဆရာတော် ဘဒ္ဒန္တသီဟဗလနှင့် စာချဆရာတော်များထံတွင် ပရိယတ္တိစာပေများကို ဆည်းပူးတော်မူခဲ့ပါသည်။

**သာသနာရေးအားပေးဆောင်ရွက်တော်မူခြင်း**

ဆရာတော်သည် သံဃာ့အဖွဲ့အစည်းအဆင့်ဆင့်တွင် မြို့နယ်ဝိနည်းဓိုရ်၊ မြို့နယ်သံဃနာယကအဖွဲ့ဥက္ကဋ္ဌအဖြစ်ဖြင့်လည်းကောင်း၊ ပထမပြန်စာမေးပွဲတွင် ကြီးကြပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဆရာတော်အဖြစ်လည်းကောင်း၊ ဓမ္မာစရိယတန်းစာမေးပွဲတွင် ကြီးကြပ်ရေးအဖွဲ့အတွင်းရေးမှူး ဥက္ကဋ္ဌ ဆရာတော်အဖြစ် လည်းကောင်း ဆောင်ရွက်တော်မူခဲ့ပြီး လားရှိုးမြို့ ကျောင်းထိုင်ဘုန်းကြီး သင်တန်းကျောင်းနှင့် မန်ဆူဘုရားကြီး စေတီတော်ဂေါပကအဖွဲ့တို့၏ သြဝါဒါစရိယဆရာတော်အဖြစ် လည်းကောင်း၊ ရှမ်းပြည်နယ်(မြောက်ပိုင်း) ပြည်နယ်သံဃနာယကအဖွဲ့ ဒုတိယဥက္ကဋ္ဌ ဆရာတော်အဖြစ် လည်းကောင်း သာသနာပြုတာဝန်များကို ဆောင်ရွက်တော်မူခဲ့ပါသည်။

**ဘွဲ့တံဆိပ်အလှူခံရရှိတော်မူခြင်း**

ဤသို့လျှင် ဆရာတော်သည် ဗုဒ္ဓသာသနာတော်အကျိုးကို ထက်သန်သော လုံ့လဝီရိယတို့ဖြင့် သယ်ပိုးဆောင်ရွက်တော်မူသော သာသနဓုရာဝဟဂုဏ်၊ အဂ္ဂမဟာပဏ္ဍိတ လဒ္ဓလဠနဂုဏ်၊ ရတ္တညူမဟာနာယကဂုဏ်၊ ပိဋကတ္တယဆေကဂုဏ်၊ လဇ္ဇီပေသလသိက္ခာကာမဂုဏ် စသည်တို့နှင့် ပြည့်စုံတော်မူသော ဆရာတော်သည် နိုင်ငံတော်အစိုးရက ဆက်ကပ်လှူဒါန်းသော **“အဘိဓဇမဟာရဋ္ဌဂုရု”** ဘွဲ့တံဆိပ်တော်မြတ်ကို ၁၃၇၆ (၂၀၁၅) ခုနှစ်တွင် အလှူခံရရှိတော်မူခဲ့ပါသည်။

**ဘဝနတ်ထံပျံလွန်တော်မူခြင်း**

ဆရာတော်ကြီးသည် သာသနာတော်အကျိုးသယ်ပိုးဆောင်ရွက်တော်မူရင်း သက်တော် (၈၂)နှစ်၊ သိက္ခာတော် (၆၂)ဝါအရ ၁၃၇၆ ခုနှစ် တပေါင်းလဆန်း ၁၄ ရက်၊ (၃-၃-၂၀၁၅) အင်္ဂါနေ့ ည ၈ နာရီ ၁၅ မိနစ်တွင် ဘဝနတ်ထံပျံလွန်တော်မူကြောင်း သာသနာရေးဦးစီးဌာနမှ သတင်းရရှိသည်။

(မြန်မာ့အလင်း)

# ပင်မသပိတ်မှောက်အဖွဲ့မှ ကျောင်းသား ကျောင်းသူအချို့ လက်ပံတန်းမြို့မဈေးရှေ့၌ ဆူပူဆန္ဒပြသဖြင့် ခေါ်ယူဆွေးနွေးလျက်ရှိ

**လက်ပံတန်း မတ် ၆**

လက်ပံတန်းမြို့ အောင်မြေဗိမာန်ဘုန်းတော်ကြီးကျောင်းအနီးရှိ ဓာတ်အားပေးစက်ရုံလမ်းဆုံ၌ ထိုင်သပိတ်ပြုလုပ်နေသော အဖွဲ့သည် ယနေ့အထိ ဆက်လက်ပြုလုပ်လျက်ရှိရာမှ ကျောင်းသားကျောင်းသူအချို့သည် လက်ပံတန်းမြို့မဈေးရှေ့သို့ သွားရောက်ပြီး ဆူပူဆန္ဒပြသဖြင့် ခေါ်ယူဆွေးနွေးလျက်ရှိသည်။

ထိုင်သပိတ်မှောက် အဖွဲ့မှ ကျောင်းသား(၄)ဦးနှင့် ကျောင်းသူ (၁)ဦး ပေါင်း (၅)ဦးသည် ယနေ့နံနက် ၉ နာရီခန့်က လက်ပံတန်းမြို့ မြို့မဈေးသို့သွားရောက်ပြီး လက်ကိုင်ဆိုင်းဘုတ်၊ အလံနှင့် လက်ကိုင်အသံချဲ့စက်များကိုင်ဆောင်ပြီး ခွင့်ပြုချက်ရယူခြင်းမရှိဘဲ ဆူပူဆန္ဒပြမှုပြုလုပ်ရာ လက်ပံတန်းမြို့မရဲစခန်းမှ တပ်ဖွဲ့ဝင်များက ညှိနှိုင်းပြောဆိုသော်လည်း မရရှိသဖြင့် **(ယာပုံ)** သာယာဝတီမြို့မရဲစခန်းသို့ခေါ်ဆောင်ပြီး ဆွေးနွေးလျက်ရှိကြောင်း သိရသည်။

အဆိုပါ ထိုင်သပိတ်အဖွဲ့ရှိ မြင်းခြံတက္ကသိုလ်မှ ကျောင်းသူ မယုသင်းနိုင်အား ၎င်း၏ဖခင်ဖြစ်သူ ဦးလှိုင်ဝင်းက တာဝန်ရှိသူများနှင့် တွေ့ဆုံပြောဆိုပြီး ယနေ့မွန်းလွဲ ၁၂ နာရီခွဲခန့်တွင် ပြန်လည်ခေါ်ဆောင်သွားကြောင်းနှင့် ပင်မသပိတ်မှောက်အဖွဲ့မှ သံဃာ(၅)ပါး၊ ကျား (၃၀)၊ မ (၁၉) ဦး စုစုပေါင်း (၅၄)ဦးသည် ထိုင်သပိတ်ပြုလုပ်လျက်ရှိပြီး သံဃာ (၄) ပါး၊ ကျား(၃)ဦး၊ မ(၇)ဦး စုစုပေါင်း (၁၄)ဦးမှာ လက်ပံတန်းမြို့အောင်မြေဗိမာန် ဘုန်းကြီးကျောင်းတွင် အခြေပြုလျက်ရှိကြောင်းလည်း သိရသည်။

(၀၀၉)

ဓာတ်ပုံ-လူနတ်ချမ်းသာ



ပြည်တွင်းသတင်း

# ကြက်ငှက်တုပ်ကွေးရောဂါဖြစ်ပွားမှု ထိန်းချုပ်နိုင်ရေးဆောင်ရွက်လျက်ရှိ

**နေပြည်တော် မတ် ၆**

ကြက်ငှက်တုပ်ကွေးရောဂါဖြစ်ပွားမှုထိန်းချုပ်ရေးနှင့် ကူးစက်ပျံ့နှံ့မှုမရှိစေရေးအတွက် ညှိနှိုင်းအစည်းအဝေးကို ယနေ့နံနက် ၉ နာရီတွင် နေပြည်တော် ကျန်းမာရေးဝန်ကြီးဌာန အမျိုးသား ကျန်းမာရေးကော်မတီ အစည်းအဝေးခန်းမ၌ ကျင်းပသည်။



အဆိုပါ အစည်းအဝေးတွင် ကျန်းမာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာသန်းအောင်က သဘာပတိအဖြစ် ဆောင်ရွက်ပြီး ဒုတိယဝန်ကြီး ဒေါက်တာဒေါ်သိန်းသိန်းဌေးနှင့် ဌာနဆိုင်ရာအသီးသီးမှ တာဝန်ရှိပုဂ္ဂိုလ်များ၊ ကျန်းမာရေးဝန်ကြီးဌာနမှ ညွှန်ကြားရေးမှူးချုပ်များ၊ ဒုတိယညွှန်ကြားရေးမှူးချုပ်များ၊ ဆေးပညာဌာနနှင့် ကလေးဆေးပညာဌာနတို့မှ ပါမောက္ခ/ဌာနမှူးများ၊ ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

အစည်းအဝေးတွင် သဘာပတိက ကူးစက်မြန်ရောဂါများဖြစ်သည့် ဆားစ် ရောဂါ၊ ကြက်ငှက်တုပ်ကွေးရောဂါ (H5N1)၊(H7N9)၊ ကမ္ဘာ့လူတုပ်ကွေးရောဂါ Pandemic H1N1 (၂၀၀၉)၊ အရှေ့အလယ်ပိုင်းဒေသကူးစက်မြန် အဆုတ်ရောင်ရောဂါ (MERS Co-V)၊ အီဘိုလာဗိုင်းရပ်စ်ရောဂါများကို နိုင်ငံတွင်း ကူးစက်ဝင်ရောက်မှု မရှိစေရေးနှင့် ကူးစက်ဝင်ရောက်ပါကလည်း စောစီးစွာ သိရှိတုံ့ပြန်ဆောင်ရွက်နိုင်ရေး၊ ရောဂါထိန်းချုပ်ခြင်းလုပ်ငန်းများကို ကျန်းမာရေးဝန်ကြီးဌာနအနေဖြင့် ဆောင်ရွက်လျက်ရှိကြောင်း၊ မြန်မာနိုင်ငံ၌ ကြက်ငှက်တုပ်ကွေးရောဂါ (H5N1) နှင့်ပတ်သက်၍ ရောဂါကုသကာကွယ် နှိမ်နင်းရေးလုပ်ငန်းများကို ဆောင်ရွက်နိုင်ရန်အတွက် ကြက်ငှက်တုပ်ကွေးရောဂါနှင့် ကမ္ဘာ့လူတုပ်ကွေးရောဂါကာကွယ်နှိမ်နင်းရေး အမျိုးသားအဆင့် မဟာဗျူဟာစီမံချက်ကို ရေးဆွဲအကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိကြောင်း၊ မြန်မာနိုင်ငံ၌ မွေးမြူရေးကြက်ခြံများ၌ ကြက်ငှက်တုပ်ကွေးရောဂါ ဖြစ်ပွားခဲ့မှုများနှင့်ပတ်သက်၍ ကျန်းမာရေးဝန်ကြီးဌာနမှ ကာကွယ်ထိန်းချုပ်ရေးလုပ်ငန်းများကို မွေးမြူရေးနှင့်ကုသရေးဦးစီးဌာနနှင့် ပူးပေါင်းဆောင်ရွက်ခဲ့ကြောင်း။

စစ်ကိုင်းတိုင်းဒေသကြီး မုံရွာမြို့နယ် ကြက်၊ ငုံးမွေးမြူရေးဇုန်၌ ကြက်ငှက်တုပ်ကွေးရောဂါ ဖြစ်ပွားနေမှုနှင့်ပတ်သက်၍ ကျန်းမာရေးဝန်ကြီးဌာနသည် တိုင်းဒေသကြီးအစိုးရအဖွဲ့၊ မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနနှင့် အခြားနှီးနွှယ်ဌာနများ ပူးပေါင်းပြီး အမျိုးသားရေးအသွင်ဖြင့် ဆောင်ရွက်လျက်ရှိကြောင်း၊ ထိုသို့ဆောင်ရွက်ရာတွင် ရောဂါဖြစ်ပွားနေသော ကြက်ငှက်များကို ကိုင်တွယ်သူများတွင် ရောဂါဖြစ်ပွားမှုအခြေအနေစောင့်ကြပ်ကြည့်ရှုခြင်းလုပ်ငန်းဆောင်ရွက်ခဲ့ရာ အဖျားလူနာလေးဦး တွေ့ရှိခဲ့ပြီး ဓာတ်ခွဲစမ်းသပ်စစ်ဆေးချက်အရ (H5N1) ရောဂါပိုးမတွေ့ရှိကြောင်း။

လိုအပ်သော ဆေးကုသမှုများ ပေးခဲ့ကြောင်း၊ ယခုအခါ အိန္ဒိယနိုင်ငံ၌ (H1N1) လူတုပ်ကွေးရောဂါဖြစ်ပွားသူ ၃၀၀၀၀ နှင့် သေဆုံးသူ ၉၀၀ ကျော်ရှိရာ မုံရွာမြို့၌ လက်ရှိဖြစ်နေသော(H5N1)ကြက်ငှက်တုပ်ကွေးရောဂါနှင့် ပေါင်းစပ်၍ အသွင်ပြောင်းသွားပါက ရောဂါကူးစက်မှု မြန်ဆန်ပြင်းထန်သော ကမ္ဘာ့လူတုပ်ကွေးကပ်ရောဂါဖြစ်ပေါ်နိုင်သောကြောင့် ရောဂါ စောင့်ကြပ်ကြည့်ရှုခြင်းလုပ်ငန်းများကို ပိုမိုအားဖြည့်ဆောင်ရွက်ရန် လိုအပ်ကြောင်း၊ ပြည်သူ့ကျန်းမာရေးပြဿနာများဖြစ်သော ကြက်ငှက်တုပ်ကွေးရောဂါအပါအဝင် ကူးစက်မြန်ရောဂါများ ကုသကာကွယ် ထိန်းချုပ်ခြင်းလုပ်ငန်းများကို ဆောင်ရွက်ရာတွင် နှီးနွှယ်ဌာနများအားလုံး သတင်းအချက်အလက်ဖလှယ်ခြင်း၊ ပူးပေါင်းဆောင်ရွက်ခြင်း လုပ်ငန်းများကို ယခုထက်ပိုမိုပြီး အားဖြည့်ဆောင်ရွက်သွားရန် လိုအပ်ကြောင်း ပြောကြားခဲ့သည်။

ဆက်လက်၍ ကျန်းမာရေးဦးစီးဌာန၊ ဒုတိယညွှန်ကြားရေးမှူးချုပ် (ရောဂါနှိမ်နင်းရေး) ဒေါက်တာစိုးလွင်ငြိမ်းက ကြက်ငှက်တုပ်ကွေးရောဂါကာကွယ်နှိမ်နင်းရေးဆောင်ရွက်ထားရှိမှုနှင့် ဆက်လက်ဆောင်ရွက်မည့်လုပ်ငန်းများနှင့်ပတ်သက်၍ အသေးစိတ် ရှင်းလင်းတင်ပြသည်။

ထို့နောက် တက်ရောက်လာသောဌာနဆိုင်ရာအကြီးအကဲများမှ ကြက်ငှက်တုပ်ကွေးရောဂါကာကွယ်ထိန်းချုပ်ရေးအတွက် ဝန်ကြီးဌာနအလိုက် ပူးပေါင်းဆောင်ရွက်သွားမည့်လုပ်ငန်းစဉ်များအား ဆွေးနွေးခဲ့ကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

## မော်တော်ယာဉ်အိုယာဉ်ဟောင်း အပ်နှံ၍အစားထိုး ယာဉ်ဝယ်ယူတင်သွင်းသူများအား ထပ်မံအသိပေးခြင်း

**နေပြည်တော် မတ် ၆**

ပြည်သူများမော်တော်ယာဉ် အသုံးပြုရာတွင် အဆင်ပြေစေရန် ၁၉-၉-၂၀၁၁ ရက်မှစ၍ ယာဉ်အိုယာဉ်ဟောင်းအပ်နှံလျှင် အစားထိုးယာဉ်ဝယ်ယူတင်သွင်းခြင်းအား ဆောင်ရွက်ပေးလျက်ရှိသည်။

ယာဉ်အိုယာဉ်ဟောင်းများအဖြစ် အပ်နှံဆောင်ရွက်ရာတွင် မော်တော်ယာဉ်မှတ်ပုံတင်သက်တမ်း၊ ထုတ်လုပ်သည့်ခုနှစ်များ၊ သတ်မှတ်ကာလကျော်လွန်သည့်ယာဉ်များသာ အပ်နှံလက်ခံဆောင်ရွက်ပေးသည်။

အစားထိုးတင်သွင်းယာဉ်များ မှတ်ပုံတင်ရာတွင် ပြည်ပတင်သွင်း ယာဉ်မှတ်ပုံတင်ခအား ရာခိုင်နှုန်းများ သတ်မှတ်၍ လျှော့ပေါ့ဆောင်ရွက်ပေးသည်။

“စ”အက္ခရာမှ “ပ” အက္ခရာအထိ အပ်နှံယာဉ်များအား ၄၀ ရာခိုင်နှုန်း၊ “ဗ” အက္ခရာမှ “၂က” အက္ခရာအထိ ယာဉ်များ၊ လေးလံယာဉ်များအား ၆၀ ရာခိုင်နှုန်း၊ ရာသက်ပန် Taxi ယာဉ်များအဖြစ်တင်သွင်းလျှင် ၈၀ ရာခိုင်နှုန်းထုတ်လုပ်သည့်ခုနှစ် ပုံစံနှစ် ၂၀ ကျော် မည်သည့်အက္ခရာမဆို ယာဉ်များ၊ စက်မှုဇုန်များမှထုတ်လုပ်ယာဉ်များ၊ သုံးဘီးယာဉ် (သုံးဘီးဆိုင်ကယ်မပါ) များ ၂၀ ရာခိုင်နှုန်း၊ သုံးဘီးယာဉ်အပ်နှံပြီး သုံးဘီးယာဉ်တင်သွင်းလျှင် ၄၀ ရာခိုင်နှုန်း၊ ယာဉ်တိုက်မှု၊ ယာဉ်တိမ်းမှောက်မှု၊ မီးလောင်မှု ၊ သဘာဝဘေးဒဏ်ကြောင့် ထိခိုက်ပျက်စီးယာဉ်များ အန္တရာယ်ကင်းရှင်းစွာ မောင်းနှင်နိုင်ခြင်းမရှိတော့သဖြင့် အပ်နှံလျှင် ၁၀ ရာခိုင်နှုန်းစသည်ဖြင့် အစားထိုးဝယ်ယူတင်သွင်းသည့် ယာဉ်၏ပြည်ပတင်သွင်းယာဉ်မှတ်ပုံတင်ခအား လျှော့ချပေးသည်။

ယာဉ်ဟောင်းအပ်နှံမည့်ယာဉ်များလည်း အထိုက်အလျောက်လျော့နည်းသွားပြီဖြစ်ရာ ပြည်ပတင်သွင်းယာဉ်မှတ်ပုံတင်ခအား ရာခိုင်နှုန်းအလိုက် လျှော့ပေါ့ပေးခြင်းအား ၃၁-၁၂-၂၀၁၄ ရက် အထိဆောင်ရွက်သည့် ယာဉ်များကိုသာ လျှော့ပေါ့ပေးမည်ဖြစ်ပြီး အဆိုပါရက်အထိ အပ်နှံသည့်ယာဉ်ပိုင်ရှင်များ အစားထိုးယာဉ်ဝယ်ယူတင်သွင်းရာတွင် နစ်နာမှုမရှိစေရန် ရာခိုင်နှုန်းလျှော့ပေါ့ခြင်းအား ၃၁-၃-၂၀၁၅ ရက်အထိ စိစစ်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်းနှင့် ၁-၁-၂၀၁၅ ရက်မှ စ၍ အပ်နှံယာဉ်များအား ရာခိုင်နှုန်းလျှော့ပေါ့ပေးခြင်းမပြုတော့ကြောင်းကို ၂၁-၁၁-၂၀၁၄ ရက်ထုတ် နိုင်ငံပိုင်သတင်းစာများတွင်လည်း အသိပေးကြေညာထားပြီးဖြစ်သည်။

သို့ပါ၍ ၃၁-၁၂-၂၀၁၄ ရက်အထိ အပ်နှံခဲ့သည့် ယာဉ်များသာ ရာခိုင်နှုန်းလျှော့ပေါ့ပေးခြင်းတွင် အကျုံးဝင်မည်ဖြစ်ပါသဖြင့် အစားထိုးဝယ်ယူတင်သွင်းသူများသည် ၃၁-၃-၂၀၁၅ ရက်မတိုင်မီ ယာဉ်မှတ်ပုံတင်လုပ်ငန်းဆောင်ရွက်မှုသာ သတ်မှတ်ရာခိုင်နှုန်းလျှော့ပေါ့ခြင်းအား ရရှိမည်ဖြစ်သည်။

ယာဉ်ဟောင်းအပ်နှံ၍ ဝယ်ယူတင်သွင်းခြင်းများအားလည်းကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနက ဆက်လက်ဆောင်ရွက်ပေးလျက်ရှိသည်။ သို့သော်လည်း ပြည်ပတင်သွင်းယာဉ်မှတ်ပုံတင်ခရာခိုင်နှုန်းလျှော့ပေါ့ခြင်းအား ခွင့်ပြုပေးခြင်း မရှိတော့ပါ။

သို့ပါ၍ ၃၁-၁၂-၂၀၁၄ ရက်အထိ အပ်နှံယာဉ်များ အစားထိုးဝယ်ယူတင်သွင်းခြင်းတွင် ရာခိုင်နှုန်းလျှော့ချပေးခြင်းအား ၂၀၁၅ ခုနှစ်မတ်လကုန်အထိသာအကျုံးဝင်ပါသဖြင့် ၃၁-၃-၂၀၁၅ ရက်မတိုင်မီ ကနဦး ယာဉ်မှတ်ပုံတင်ခြင်းအား အမြန်ဆုံး ဆောင်ရွက်သွားပါရန် ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနမှ ထပ်မံအသိပေးနှိုးဆော်ထားကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

## ရိုးသားကြိုးစားသော နိုင်ငံ့ဝန်ထမ်းများအား ဆန္ဒပြမှုဖြင့် အနိုင်မကျင့်ရေးဆန္ဒဖော်ထုတ်

**သံတွဲ မတ် ၆**

ရိုးသားကြိုးစားသော နိုင်ငံ့ဝန်ထမ်းများအား ဆန္ဒပြမှုဖြင့် အနိုင်မကျင့်ရေးဆန္ဒဖော်ထုတ်ပွဲကို မတ် ၅ ရက် နံနက် ၁၁ နာရီက သံတွဲခရိုင် တောင်ကုတ်မြို့၌ တည်ငြိမ်အေးချမ်းမှုကို လိုလားသော ပြည်သူများက ခွင့်ပြုချက်ရယူပြီး လူအင်အား ၁၀၀၀ ခန့်ဖြင့် တောင်ကုတ်မြို့ ဗောဓါရာမကျောင်းရှေ့မှစ၍ ညောင်တန်းလမ်း၊ ဦးဥတ္တမလမ်းမှ ဖောင်တော်ဦးဘုရားထိ ငြိမ်းချမ်းစွာစီတန်းလှည့်လည်၍ ကြွေးကြော်သံများဖြင့် ပိုစတာများကိုင်ဆောင် ဆန္ဒဖော်ထုတ်ခဲ့ကြကြောင်း သိရသည်။



ဆန္ဒဖော်ထုတ်ရာတွင် မိမိကိုယ်ရေးကိုယ်တာကိစ္စကို--- မြို့လူထုပြဿနာမဖြစ်ရေး၊ တည်ငြိမ်အေးချမ်းသောတောင်ကုတ်မြို့ကို လူတစ်စုကြောင့် မပျက်ပြားစေရေး၊ မကြာခဏဆန္ဒပြမှု --- (အလိုမရှိ) ဟူသော ကြွေးကြော်သံများ ကြွေးကြော်၍လည်းကောင်း၊ ရိုးသားကြိုးစားသော နိုင်ငံ့ဝန်ထမ်းများကို ဆန္ဒပြမှုဖြင့် အနိုင်မကျင့်ပါနဲ့၊ ဒီမိုကရေစီအခွင့်အရေးကို အလွဲသုံးစားမလုပ်ပါနဲ့၊ မိမိကိုယ်ကျိုးအတွက် မြို့နယ်တည်ငြိမ်မှုကို မပျက်ပြားပါစေနဲ့၊ ပုဂ္ဂိုလ်ရေးပြဿနာကို မြို့ပြဿနာမလုပ်ပါနဲ့၊ ပြည်သူကို လိမ်ညာလှည့်ဖြားစည်းရုံးသူကို အလိုမရှိ၊ ဒီမိုကရေစီအရေခြုံ၍ ပြည်သူ့ဝန်ထမ်းများအား အနိုင်ကျင့်မှု ရှုတ်ချဆန္ဒပြဟူသော ပိုစတာများကို ကိုင်ဆောင်၍လည်းကောင်း ဆန္ဒဖော်ထုတ်ကြကြောင်း သိရသည်။

**(မြို့နယ် ပြန်/ဆက်)**

## တက္ကသိုလ်ဝင်စာမေးပွဲ ဖြေဆိုခွင့်ကတ်များ ထုတ်ပေးလျက်ရှိ

**လှိုင်ကော် မတ် ၆**

၂၀၁၄-၂၀၁၅ ပညာသင်နှစ် တက္ကသိုလ်ဝင် စာမေးပွဲဖြေဆိုခွင့်ကတ်များကို အခြေခံပညာဦးစီးဌာနမှ သတ်မှတ်ထားသည့် ရက်အတိုင်း ထုတ်ပေးလျက်ရှိရာ လှိုင်ကော်မြို့ပေါ် စာစစ်ဌာန အမှတ်(၁)အခြေခံပညာအထက်တန်းကျောင်း၊ အမှတ်(၂)အခြေခံပညာအထက်တန်းကျောင်း၊ အမှတ်(၃)အခြေခံပညာအထက်တန်းကျောင်း၊ အမှတ်(၄)အခြေခံပညာအထက်တန်းကျောင်းနှင့် အထကခွဲကျောင်းများ၌ ပိတ်ရက်မရှိ ထုတ်ပေးလျက်ရှိကြောင်း သိရသည်။



၂၀၁၅ ပညာသင်နှစ်တွင် တက္ကသိုလ်ဝင်တန်း ဖြေဆိုကြမည့် ကျောင်းသား ကျောင်းသူများ စာစစ်ဌာနအလိုက် လှိုင်ကော်အမှတ်(၁) စာစစ်ဌာန၌ ကျောင်းတွင်းပြင်ပ ၈၉၃ ဦး၊ လှိုင်ကော်အမှတ်(၂) စာစစ်ဌာန၌ ကျောင်းတွင်း ပြင်ပ ၈၄၃ ဦး၊ လှိုင်ကော် အမှတ်(၃) စာစစ်ဌာန၌ ကျောင်းတွင်းပြင်ပ ၅၆၈ ဦး၊ ထခွဲ(၅) စာစစ်ဌာန ကျောင်းတွင်းပြင်ပ ၄၆၂ ဦး၊ အလက (၂) စာစစ်ဌာနကျောင်းတွင်းပြင်ပ ၁၂၇ ဦးနှင့် အထကလှိုင်လင်လေးစာစစ်ဌာန၌ ကျောင်းတွင်း ၁၉၈၅ ဦး၊ ပြင်ပဖြေဆိုသူ ၁၀၃၈ ဦး ဖြေဆိုကြမည်ဖြစ်သည်။ အဆိုပါ ကတ်ထုတ်နေစဉ်တွင် လှိုင်ကော်မြို့နယ်ပညာရေးမှူး ဦးတိုးလှနှင့်အဖွဲ့က လိုက်လံကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။

**ရဲနောင်(လှိုင်ကော်)**

ပြည်တွင်းသတင်း

# ရခိုင်ပြည်နယ် ဘူးသီးတောင်မြို့နယ်နှင့် မောင်တောမြို့နယ်တို့၌ ဓားပြတိုက်မှုကျူးလွန်သူများကို ဖမ်းဆီးအရေးယူ

**နေပြည်တော် မတ် ၆**

၂၀၁၅ ခုနှစ် ဖေဖော်ဝါရီ ၁၅ ရက် ည ၀၀း၃၀ နာရီခန့်က ရခိုင်ပြည်နယ် ဘူးသီးတောင်မြို့နယ် ကျီးနှုတ်သီးကျေးရွာနေ ဘာဆာမျှာ၏ နေအိမ်နှင့် အဒူကော်နီ၏ နေအိမ်တို့သို့ လူတစ်စုက ဓားပြတိုက်စဉ် အိမ်ရှင်မိသားစုများက ပြန်လည်ခုခံခဲ့ရာ ဓားပြတိုက်သည့်အဖွဲ့က သေနတ်ဖြင့် ပစ်ခတ်ခဲ့သောကြောင့် အဒူကော်နီ၏သား ရာဟာမောက်အူလာနှင့် အန်နီမူလာတို့ သေဆုံးခဲ့ပြီး ရော်ဟီမူလာနှင့် အလုပ်သမားဖြစ်သူ အဒူမော်နာတို့တွင် ဒဏ်ရာများ အသီးသီးရရှိခဲ့သည်။

ဖြစ်စဉ်နှင့်ပတ်သက်၍ အရေးယူပေးရန် အဒူကော်နီက တိုင်တန်းခဲ့ရာ ဘူးသီးတောင်မြို့နယ် တောင်ဘဇာ နယ်မြေရဲစခန်း (ပ)၁၀/ ၂၀၁၅ ပြစ်မှုပုဒ်မ ၃၉၆ ဖြင့် အမှုဖွင့်လှစ်ကာ ပြစ်မှုကျူးလွန်သူများအား ဖမ်းဆီးရမိရေး စုံစမ်းဆောင်ရွက်ခဲ့သည်။

ယင်းသို့ စုံစမ်းနေစဉ် ဖေဖော်ဝါရီ ၁၆ ရက်ည ၁၀ နာရီ မိနစ် ၅၀ တွင် ရခိုင်ပြည်နယ် မောင်တောမြို့နယ် ငန်းချောင်းကျေးရွာ၌ နေအိမ်သို့ ဓားပြတိုက် ရန် ချဉ်းကပ်လာသူများကို တွေ့ရှိသဖြင့် အိမ်ရှင်ဖြစ်သူက အော်ဟစ် အကူအညီတောင်းရာ နယ်မြေအတွင်းလှည့်ကင်းဆောင်ရွက်နေသော ငန်းချောင်းရဲကင်းစခန်းမှ တပ်ဖွဲ့ဝင်များ၊ ငါးခူရနယ်မြေရဲစခန်းမှ တပ်ဖွဲ့ဝင်များနှင့် ကျေးရွာနေပြည်သူများက ဝိုင်းဝန်းဖမ်းဆီးခဲ့သည်။ ပြစ်မှုကျူးလွန်သူများအနက် နူရ်အာလောင်(ခ)နိုရာလောင် (၅၅ နှစ်)ကို အသေ ဖမ်းဆီးရမိခဲ့ပြီး ရှော်ဘီအူလ္လာ(ခ)အိုဖာနာတာ(ခ)အိုဖော်နွန်ဒေါ်(၂၈)နှစ်ကို ပြောင်းရှည်လုပ်သေနတ်တစ်လက်နှင့်အတူ ဖမ်းဆီးရမိခဲ့သောကြောင့် ငါးခူရနယ်မြေရဲစခန်း (ပ) ၆/၂၀၁၅ ပြစ်မှုပုဒ်မ ၃၉၇ ဖြင့် အမှုဖွင့်စစ်ဆေးခဲ့သည်။



စစ်ဆေး ဖော်ထုတ်ချက်အရ ထွက်ပြေးသွားသည့် ကျန်ပြစ်မှုကျူးလွန်သူများမှာ အာလီဂျူဟတ်(၂၅ နှစ်)၊ ဟန်ဇာဒူလာ(ခ) အန်ဆော့အူလ္လာ(၂၇ နှစ်)၊ ဟိုမာရုံ(ခ)ဟိုမာရော်ယာရှိတ်(၂၇ နှစ်)၊ မာမတ်ရော်ဖိတ်(၄၀ နှစ်)၊ ရော်မူလာ (၄၅ နှစ်)၊ ဟာလာဆော်လိမ်(၃၀ နှစ်)၊ အဒူရော်ဇော်(၂၅ နှစ်)၊ မာရှုတော်ကာမာ(ခ) ကျောင်းဆရာကာမာ(၃၅ နှစ်)၊ နူရာမောက်(ခ)ဖွေဇာလောင်(၂၀ နှစ်)နှင့် မာမွတ်အာလောင်(၄၅ နှစ်)တို့ ဖြစ်ကြောင်း သိရှိရသည်။ ထွက်ပြေးတိမ်းရှောင်နေသည့် ပြစ်မှုကျူးလွန်သူများအား ဖမ်းဆီးရမိရေးအတွက် အမှတ်(၂) နယ်ခြားစောင့်ရဲတပ်ဖွဲ့ခွဲမှ တပ်ဖွဲ့ဝင်များက လိုက်လံစုံစမ်းဖမ်းဆီးရာ အာလီဂျူဟတ်အား ကျောက်ပြင်ဆိပ်အရှေ့ ကျေးရွာ၌လည်းကောင်း၊ ဟန်ဇာဒူလာ(ခ) အန်ဆော့အူလ္လာအား မျောတောင်ကျေးရွာ၌လည်းကောင်း၊ ဟိုမာရုံ(ခ) ဟိုမာရော်ယာရှိတ်အား နတ်မြစ်ဘေးရှိ ပုစွန်ကန်အနီးမှလည်းကောင်း ဖမ်းဆီးရမိခဲ့သည်။

ဆက်လက် စစ်ဆေးချက်အရ အဆိုပါ ဓားပြအဖွဲ့ခေါင်းဆောင်များမှာ ရှော်ဘီအူလ္လာ(ခ)အိုဖာနာတာ(ခ)အိုဖော်နွန်ဒေါ်နှင့် မာမတ်ရော်ဖိတ်တို့ဖြစ်ပြီး ၄င်းတို့ ၁၂ ဦး အဖွဲ့သည် ဘင်္ဂလားဒေ့ရှ်နိုင်ငံ မူဆိုနီဒုက္ခသည်စခန်း၌ နေထိုင်သူများဖြစ်ကြောင်း၊ ဖေဖော်ဝါရီ ၁၅ ရက် နံနက်ပိုင်းက ကျီးနှုတ်သီးကျေးရွာနေ အဒူကော်နီ၏ နေအိမ်နှင့် ဘာဆာမျှာတို့၏နေအိမ်များကို ဓားပြတိုက်ခဲ့ကြောင်း၊ ဓားပြတိုက်မှုကျူးလွန်ပြီးနောက် အဆိုပါဓားပြ ၁၂ ဦး အဖွဲ့သည် မေယုတောင်တန်းကိုကျော်ဖြတ်ကာ မူဆိုနီဒုက္ခသည်စခန်းသို့ ပြန်လာစဉ် ဖေဖော်ဝါရီ ၁၆ ရက် ည ၈ နာရီက မောင်တောမြို့နယ် ငန်းချောင်းကျေးရွာအနီးသို့ ရောက်ရှိရပ်နားခဲ့ပြီး ည ၁၀ နာရီခွဲတွင် ငန်းချောင်းကျေးရွာတွင် ထပ်မံဓားပြတိုက်ရန် ချဉ်းကပ်စဉ် ရဲတပ်ဖွဲ့ဝင်များနှင့် ကျေးရွာနေပြည်သူများက ဝိုင်းဝန်းဖမ်းဆီးသဖြင့် ကျန်လူများ ထွက်ပြေးသွားခဲ့ကြောင်း စစ်ဆေးပေါ်ပေါက်ခဲ့သည်။

အဆိုပါ ဘူးသီးတောင်မြို့နယ် ကျေးနှုတ်သီးကျေးရွာနှင့်မောင်တောမြို့နယ် ငန်းချောင်းကျေးရွာတို့၌ ဖြစ်ပွားခဲ့သည့် ဓားပြတိုက်မှုဖြစ်စဉ်များမှ ပြစ်မှုကျူးလွန်သူ ၁၂ ဦးအနက် ငါးဦးကို ပြစ်မှုကျူးလွန်စဉ် ကိုင်ဆောင်အသုံးပြုခဲ့သည့် လက်နက်များနှင့်အတူ ဖမ်းဆီးအရေးယူနိုင်ခဲ့ပြီး ထွက်ပြေးတိမ်းရှောင်နေသည့် မာမတ်ရော်ဖိတ်ပါ ခုနစ်ဦးတို့ကို ဖမ်းဆီးရမိရေးအတွက် နယ်ခြားစောင့်ရဲတပ်ဖွဲ့က ဆက်လက်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**ကိုရဲ**

# လမ်းဘေးကွမ်းယာဆိုင် လမ်းကြိတ်စက်အတိုက်ခံရ

**ရန်ကုန် မတ် ၆**

ရန်ကုန်တိုင်းဒေသကြီး သန်လျင်မြို့နယ် အောင်မင်္ဂလာရပ်ကွက်တွင် မတ် ၆ ရက် နံနက် ၁၁ နာရီခွဲက လမ်းကြိတ်စက်ယာဉ်တစ်စီး အရှိန်မထိန်းနိုင်ဘဲ ကွမ်းယာဆိုင်တစ်ဆိုင်ကို ဝင်တိုက်မှုဖြစ်ပွားခဲ့သည်။



ဖြစ်စဉ်မှာ သန်လျင်စည်ပင်ဝန်ထမ်း ယာဉ်မောင်း ဇော်မျိုးအောင်သည် အောင်မင်္ဂလာရပ်ကွက် အောင်မြင့်မိုရ်လမ်းအတိုင်း အရှေ့မှ အနောက်သို့ နံပါတ်မပါ SAKAI အမျိုးအစား လမ်းကြိတ်စက်(အစိမ်းရောင်)ကို မောင်းနှင်လာစဉ် ဗိုလ်ချုပ်နေဝင်းလမ်းထိပ်အရောက် အရှိန်လွန်ကာ လမ်းယာဘက်ရှိ ကွမ်းယာဆိုင်ကို ဝင်တိုက်မိသဖြင့် ကွမ်းယာဆိုင်လဲကျပြိုပျက်သွားပြီး ကွမ်းယာရောင်းသူ ဦးထွန်းဝေ(၅၅ နှစ်) အမှတ်(၆) ဦးလှထွန်းလွင် အနောက်လမ်း သောက်တော်တွင်းရပ်ကွက် သန်လျင်မြို့တွင် ဒဏ်ရာရရှိပြီး သန်လျင်ဆေးရုံ၌ အတွင်းလူနာ(မစိုးရိမ်ရ)အဖြစ်ဖြင့် တင်ပို့ကုသခဲ့သည်။

ယာဉ်ကိုမဆင်မခြင်မောင်းနှင်သူ ယာဉ်မောင်း ဇော်မျိုးအောင်အား သန်လျင်မြို့မရဲစခန်းက အမှုဖွင့် အရေးယူထားကြောင်း သိရသည်။

**တညင်သား**

# နေအိမ်မီးဖိုမီးကြွင်းမီးကျန်မှတစ်ဆင့် မီးလောင်မှုဖြစ်ပွား

**နေပြည်တော် မတ် ၆**

မတ် ၄ ရက် ညနေ ၄ နာရီ ၃၅ မိနစ်က မကွေးတိုင်းဒေသကြီး ဆောမြို့ သီရိပုပဲကုန်းရပ်ကွက်၌ မီးလောင်မှုဖြစ်ပွားကြောင်း သတင်းအရ ဆောမြို့မရဲစခန်းမှ တပ်ဖွဲ့ဝင်များ၊ မြို့နယ်မီးသတ်တပ်ဖွဲ့မှ မီးသတ်တပ်ဖွဲ့ဝင်များနှင့် မီးသတ်ယာဉ်နှစ်စီး၊ ရပ်ကွက်အုပ်ချုပ်ရေး အဖွဲ့ဝင်များနှင့် ရပ်ကွက်နေပြည်သူများက ဝိုင်းဝန်းငြိမ်းသတ်ခဲ့ရာ ညနေ ၄ နာရီ မိနစ် ၄၀ တွင် မီးငြိမ်းသွားခဲ့သည်။ စစ်ဆေးချက်အရ အဆိုပါရပ်ကွက်နေ ဟန်ဝင်းနောင်( ၄၅ နှစ်)၏ နေအိမ်မီးဖိုမီးကြွင်းမီးကျန်မှတစ်ဆင့် မီးစတင်လောင်ကျွမ်းခဲ့ခြင်းဖြစ်ကြောင်း သိရပြီး မီးလောင်မှုကြောင့် လူထိခိုက်ဒဏ်ရာ ရရှိမှုမရှိဘဲ သုံးပင်ပတ်လည် သက်ငယ်မိုး၊ ဝါးထရံကာ၊ ဝါးကြမ်းခင်းနေအိမ်တစ်လုံး မီးလောင်ဆုံးရှုံးခဲ့သောကြောင့် ဟန်ဝင်းနောင်ကို ဆောမြို့မရဲစခန်းက အမှုဖွင့် အရေးယူထားကြောင်း သိရသည်။

**ကိုရဲ**

# ဝန်းသိုမြို့နယ်၌ မူးယစ်ဆေးဝါးများနှင့် ဆက်စပ်ပစ္စည်းများ ဖမ်းဆီးရမိ

**ဝန်းသို မတ် ၆**

စစ်ကိုင်းတိုင်းဒေသကြီး ကသာခရိုင် ဝန်းသိုမြို့နယ် ရဲစခန်းအရှေ့မြောက်ဘက် ၂၂ မိုင်ခန့်အကွာရှိ မကျီးပင်ကျေးရွာ၌ မတ် ၆ ရက် နံနက်က မူးယစ်ဆေးဝါးများနှင့် ဆက်စပ်ပစ္စည်းများ ဖမ်းဆီးရမိခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ မတ် ၆ ရက် နံနက် ၇ နာရီ ၁၀ မိနစ်က ဝန်းသိုမြို့နယ် နမ်းခမ်း နယ်မြေရဲကင်းစခန်းမှူး ဒုရဲအုပ်သန်းဝေဦးနှင့်အဖွဲ့သည် မူးယစ်ဆေးဝါးသတင်းအရ သက်သေများနှင့်အတူ ဝန်းသိုမြို့နယ် မကျီးပင်ကျေးရွာနေဝင်းဘို၏ နေအိမ်ကို ဝင်ရောက်ရှာဖွေရာ ဝင်းဘို၏ GLABOLATE စာတန်းပါ အစိမ်းနုရောင် အနွေးထည်အင်္ကျီဘယ်ဘက်အိပ်ကပ်အတွင်းမှ ငွေရောင်ခဲပြားနှစ်ရွက်၊ ကြော်ငြာစာတန်းပါ စက္ကူအသေးတစ်ရွက်၊ THAILAND စာတန်းပါ အဝါရောင်ဂက်စ်မီးခြစ်တစ်လုံး၊ ၄င်း၏နေအိမ်ခေါင်းရင်း ၄ှက်ပျောပင်ကြားရှိ ကြွပ်ကြွပ်အိတ်အဖြူတစ်လုံးအတွင်းမှ ပင်နီဆီလင်ပုလင်းအတွင်းထည့်လျက် ဘိန်းဖြူဟုယူဆရသော ဖြူဝါရောင်အမှုန့် ၀ ဒသမ ၃ ဂရမ်ခန့်ပါ တစ်ပုလင်း(အဖုံးအနက်ရောင်တိပ်ပတ်လျက်)၊ ပင်နီဆီလင်ပုလင်းဖြင့်ထည့်လျက် ဘိန်းဖြူဟုယူဆရသော ဖြူဝါရောင်အမှုန့် ၀ ဒသမ ၂၅ ဂရမ်ခန့်ပါ တစ်ပုလင်း(အဖုံးအနက်ရောက်တိပ်ပတ်လျက်) စုစုပေါင်း ဘိန်းဖြူအလေးချိန် ၀ ဒသမ ၅၅ ဂရမ်ခန့် ကာလတန်ဖိုးငွေကျပ် ၅၅၀၀၀ ခန့်နှင့် ဆက်စပ်ပစ္စည်းတို့ကို သက်သေများရှေ့၌ ရှာဖွေတွေ့ရှိသိမ်းဆည်းရမိခဲ့သဖြင့် ၄င်းတို့နှစ်ဦးကို ဝန်းသိုမြို့မရဲစခန်းက အမှုဖွင့်ခဲ့ပြီး ဒုရဲအုပ်သန်းဝေဦးက စစ်ဆေးဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**ဦးရဲ(ကသာ)**

**တစ်ဦးတည်း ဖြစ်ပါကြောင်း**

မြစ်ကြီးနားမြို့၊ အင်ဂျန်ဒုံရပ်ကွက်၊ နယ်မြေ(၇)နေ ဦးဖလားဖုန်၏သမီး မဖလားဆားရ် ၁/မကန(နိုင်)၁၆၀၂၂၉နှင့် မဖလားဂင်ဆားရ်သည် တစ်ဦးတည်း ဖြစ်ပါကြောင်း။

**ပျောက်ဆုံးကြောင်း**

ကျွန်တော် ဦးကောင်းစံ ၁၂/စခန(နိုင်)၀၄၉၀၉၁၏ D.S.D (112/14) လက်မှတ် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၂၅၀၀၇၄၆၇၂

**ဒီကရီကိုအတည်ပြုလုပ်ရန်အမိန့်မထုတ်သင့်ကြောင်း ထုချေစေရန် အကြောင်းကြားစာ**
**(တရားမကျင့်ထုံးကိုဥပဒေအမိန့်-၂၁၊ နည်းဥပဒေ-၂၂)**
**မြောက်ဥက္ကလာပမြို့နယ်တရားရုံးတော်၌**
**၂၀၁၄ခုနှစ် တရားမကြီးမှုအမှတ်-၁၂၃ နှင့်ဆက်နွှယ်သည့်**
**၂၀၁၅ ခုနှစ် တရားမဇာရီမှုအမှတ်-၂**

၁။ဦးခင်မောင်သန်း **နှင့်** ဒေါ်မြသန်း
၂။ဒေါ်မြင့်မြင့်ရီ
အမှတ်(၃၀၄)၊ သုမိတ္တာ ၉လမ်း၊ (၁)ရပ်ကွက်၊ မြောက်ဥက္ကလာပ မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး

**ဒီကရီအနိုင်ရသူများ** **တရားရှုံး**

အထက်ပါအမှုမှ တရားရှုံး ဒေါ်မြသန်း(ယခုနေရပ်လိပ်စာမသိသူ) သိစေရမည်။

၂၀၁၄ ခုနှစ် တရားမကြီးမှုအမှတ်-၁၂၃တွင် ကျရှိသည့် ဒီကရီကိုအတည်ပြုရန် ဤရုံးတော်တွင် တရားနိုင်များက လျှောက်ထားသည်ဖြစ်၍ မည်သည့်အကြောင်းကြောင့် အတည်ပြုလုပ်စေရန် အမိန့်မထုတ်သင့်ကြောင်း၊ အကြောင်းတစ်ခုခုရှိလျှင် ပြ၍ချေဆိုရန် သင်ကိုယ်တိုင်ဖြစ်စေ၊ ရုံးတော်အခွင့်အမိန့်အရရှေ့နေဖြင့်ဖြစ်စေ၊ ၂၀၁၅ ခုနှစ် မတ် ၁၇ရက် (၁၃၇၆ ခုနှစ် တပေါင်းလပြည့်ကျော် ၁၃ရက်) မွန်းမတည့်မီ ၁၀ နာရီတွင် ဤရုံးတော်သို့ လာရောက်စေ။

၂၀၁၅ ခုနှစ် ဖေဖော်ဝါရီ ၃ ရက်တွင် ဤရုံးတံဆိပ်ခတ်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

**(ဇော်ငွေး)**
**တွဲဖက်မြို့နယ်တရားသူကြီး**
**မြောက်ဥက္ကလာပမြို့နယ်တရားရုံး**

**လှိုင်သာယာမြေ(၃)ကွက်ရောင်းရန်**

၁။ ၄၅ ပေ×ပေ ၆၀-ဂုတ်ကွက်
(၃)ထိပ်မှတ်တိုင်-သိန်း ၈၀၀
၂။ ၄၅ ပေ×ပေ ၆၀-ထောင့်ကွက်
တံတားဖြူမှတ်တိုင်-သိန်း ၈၀၀
၃။ ပေ၂၀×ပေ ၆၀-ထောင့်ကွက်
လမ်းမကြီးနီး (၅)ထိပ်မှတ်တိုင်-သိန်း ၄၀၀
**ဖုန်း- ၀၉-၇၃၂၃၉၇၃၅၊ ၀၉-၇၉၉၂၄၇၇၆၁၊ ၀၉-၇၉၉၂၄၇၇၆၀**

**အများသိစေရန်ကြော်ငြာခြင်း**

လားရှိုးမြို့၊ ရပ်ကွက်(၄)၊ နယ်မြေ(၁၁)၊ အိမ်အမှတ်(၅၃)ခေတ္တာလမ်းနေ (ဦးထင်ပေါင်)-ဒေါ်ကျန်ချုံကျောင်းတို့၏သား ဦးစီရှိန်း ၁၃/လရန(နိုင်)၀၇၂၈၀၃ သည် ဇနီးဒေါ်သီတာကျော် ၉/မတရ(နိုင်)၀၂၄၇၅၀ အား ကိုယ်ထိလက်ရောက် ရိုက်နှက်စော်ကားခြင်း၊ စိတ်ဆင်းရဲအောင် အမျိုးမျိုးပြုမူဆောင်ရွက်ခြင်းများ ပြုလုပ်ပါသောကြောင့် ၆-၃-၂၀၁၅ ရက်မှစတင်၍ ခင်ပွန်းအဖြစ်မသက်ဆိုင်တော့ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဒေါ်သီတာကျော်**
**၉/မတရ(နိုင်)၀၂၄၇၅၀**

**ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့**
**(အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း)**

၁။ ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့၏ ၂၀၁၄-၂၀၁၅ရက် ဘဏ္ဍာရေးနှစ်အတွင်း တိုက်ကြီး-ဥတို-ချောင်းသုံးခွ-အဖျောက်လမ်းပေါ်ရှိ တံတားများတည်ဆောက်ရေးအတွက် ကုမ္ပဏီများအား ဖိတ်ခေါ်အပ်ပါသည်။
(က) မိုင်တိုင် ၃/၇ နှင့် ၄/၀ ကြားရှိ ဒုံဗျိုက်တံတားအရှည် ၂၆၀ ပေ
(ခ) မိုင်တိုင် ၁၁/၀ နှင့် ၁၁/၁ ကြားရှိ အင်းလန်တံတားအရှည် ၂၂၀ ပေ
၂။ တံတားအမျိုးအစားမှာ (၂)လမ်းသွား RC ကွန်ကရစ်တံတားဖြစ်ပြီး အနည်းဆုံး ခံနိုင်ဝန်မှာတန်(၆၀)ဖြစ်ပါသည်။
၃။ တံတားများဆောက်လုပ်ရေးနှင့်စပ်လျဉ်း၍ နည်းပညာ၊ စံချိန်စံညွှန်း အဆိုပြုလွှာ (TECHNICAL PROPOSAL)နှင့် ဈေးနှုန်းအဆိုပြုလွှာ(FINANCIAL PROPOSAL)တို့အား တံတားတစ်ခုချင်းစီအလိုက် သီးခြားစီချိပ်ပိတ်၍ ၁၃-၃-၂၀၁၅ရက် ၁၆း၃၀နာရီ နောက်ဆုံးထားပြီး ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့ရုံးသို့ မှတ်တမ်းတင်၍ တင်သွင်းရပါမည်။
၄။ သတ်မှတ်ထားသော နည်းပညာ၊ စံချိန်စံညွှန်းနှင့် ကိုက်ညီသည့်ကုမ္ပဏီများ၏ အဆိုပြုလွှာများအား အများရှေ့မှောက်၌ဖွင့်ဖောက်၍ တင်ဒါအောင်မြင်သည့် ကုမ္ပဏီများအား ရွေးချယ်ပါမည်။ လျှောက်လွှာတင်သွင်းရာတွင် တံတားတစ်စင်းချင်းစီအတွက် စိတ်ဝင်စားကြေး ကျပ်သိန်း(၁၀၀)ပေးသွင်းရမည်ဖြစ်ပြီး တင်ဒါအောင်မြင်ခြင်းမရှိပါက စိတ်ဝင်စားကြေးအား ပြန်လည်ထုတ်ပေးပါမည်။ တင်ဒါလျှောက်လွှာနှင့် စည်းကမ်းချက်များအား ရုံးချိန်အတွင်း လာရောက်ဝယ်ယူနိုင်ပါသည်။
၅။ တင်ဒါဖွင့်ဖောက်မည့်ရက်အား ဆက်သွယ်အကြောင်းကြားမည်ဖြစ်ပါသည်။

**တင်ဒါခေါ်ယူစိစစ်ရေးအဖွဲ့**

# ဘွိုင်လာဥပဒေကြမ်း

**ယမန်နေ့မှအဆက်**

(ဂ) အသုံးပြုခွင့်လက်မှတ်သက်တမ်းကို လျှော့ထားသည့် ကာလအပိုင်းအခြားအောက်လျှော့နည်း၍ သတ်မှတ်ခြင်း။
(ဃ) ပိုင်ရှင်လျှောက်ထားသော ခွင့်ပြုဖိအားကို သတ်မှတ်ပေးရန် ငြင်းဆိုခြင်း။
(င) အသုံးပြုခွင့်လက်မှတ် သို့မဟုတ် ယာယီအသုံးပြုခွင့်လက်မှတ်ကိုရုပ်သိမ်းခြင်း။
(စ) အသုံးပြုခွင့်လက်မှတ်တွင်ပါရှိသည့် ခွင့်ပြုဖိအား သို့မဟုတ် သက်တမ်းကိုလျှော့ချခြင်း။
(ဆ) ပုဒ်မ ၂၂၊ ပုဒ်မခွဲ(ခ)အရ လျှောက်ထားချက်ကို ဆောင်ရွက်ပေးရန်ငြင်းဆိုခြင်း။
(ဇ) ရေနွေးငွေ့ပိုက်၊ ရေသွင်းပိုက်တစ်ခုခုကိုဖြစ်စေ၊ ယင်းရေနွေးငွေ့ပိုက်၊ ရေသွင်းပိုက်တစ်ခုခုတွင် တပ်ဆင်ထားသော ဖိအားခံအစိတ်အပိုင်း၊ ဘွိုင်လာတွင်တပ်ဆင်ထားသော ဖိအားခံအစိတ်အပိုင်းတစ်ခုခုကိုဖြစ်စေ ပြုပြင်စေခြင်း၊ ပြောင်းလဲစေခြင်း၊ ဖြည့်စွက်စေခြင်း၊ အသစ်လဲစေခြင်း။
(ဈ) ရေနွေးငွေ့ပိုက်၊ ရေသွင်းပိုက်တစ်ခုခုကိုဖြစ်စေ၊ ယင်းရေနွေးငွေ့ပိုက်၊ ရေသွင်းပိုက်တစ်ခုခုတွင် တပ်ဆင်ထားသော ဖိအားခံအစိတ်အပိုင်း၊ ဘွိုင်လာတွင်တပ်ဆင်ထားသော ဖိအားခံအစိတ်အပိုင်း တစ်ခုခုကိုဖြစ်စေ ပြုပြင်ခွင့်၊ ပြောင်းလဲခွင့်၊ ဖြည့်စွက်ခွင့်၊အသစ်လဲခွင့်ပြုရန် လျှောက်ထားချက်ကိုငြင်းဆိုခြင်း။
(ည) ဘွိုင်လာထုတ်လုပ်ခွင့်ကို ငြင်းဆိုခြင်း သို့မဟုတ် ရုပ်သိမ်းခြင်း။
(ဋ) ဘွိုင်လာပြုပြင်သူလက်မှတ်ကို ထုတ်ပေးရန် ငြင်းဆိုခြင်း။
(ဌ) ဘွိုင်လာပြုပြင်သူလက်မှတ်ကိုရုပ်သိမ်းခြင်း။
(ဍ) ဘွိုင်လာကိုင်တွယ်သူလက်မှတ်ကို ထုတ်ပေးရန်ငြင်းဆိုခြင်း။
(ဎ) ဘွိုင်လာကိုင်တွယ်သူလက်မှတ်ကိုရုပ်သိမ်းခြင်း။

၅၅။ အယူခံအဖွဲ့၏ဆုံးဖြတ်ချက်သည် အပြီးအပြတ်ဖြစ်စေရမည်။

၅၆။ အယူခံအဖွဲ့၏ဆုံးဖြတ်ချက်ကို သက်ဆိုင်ရာပိုင်ရှင် သို့မဟုတ် ထုတ်လုပ်သူ သို့မဟုတ် ပြုပြင်သူ သို့မဟုတ် ကိုင်တွယ်သူထံ စာဖြင့်အကြောင်းကြားရမည်။

**အခန်း(၁၃)**
**တားမြစ်ချက်**

၅၇။ မည်သူမျှ ပုဒ်မ ၂၁ အရ ထွင်းထားသည့် မှတ်ပုံတင်အမှတ်ကို ပြင်ဆင်ခြင်း၊ ပြောင်းလဲခြင်း၊ ဖျက်ခြင်း၊ ပုံသဏ္ဌာန်ပျက်စီးအောင်ပြုလုပ်ခြင်း၊ မမြင်နိုင်စေရန်ပြုလုပ်ခြင်း၊ မူလအခြေအနေပျက်စီးရန် တစ်နည်းနည်းဖြင့် လုပ်ဆောင်ခြင်းမပြုလုပ်ရ။

၅၈။ မည်သူမျှဘွိုင်လာပြုပြင်သူလက်မှတ်မရှိဘဲ မည်သည့်ဘွိုင်လာကိုမျှ မပြုပြင်ရ။

၅၉။ မည်သူမျှ ဘွိုင်လာကိုင်တွယ်သူလက်မှတ်မရှိဘဲ မည်သည့်ဘွိုင်လာကိုမျှ ကိုင်တွယ်ထိန်းသိမ်းခြင်း မပြုရ။

၆၀။ မည်သူမျှ ခွင့်ပြုဖိအားထက်ကျော်လွန်စေရန် အန္တရာယ်ကင်းဖိအားထိန်းအဆို့ရှင်ကို မိမိဆန္ဒအလျောက်ဖြစ်စေ၊ ပိုင်ရှင်မှ တာဝန်ပေးအပ်ချက်အရဖြစ်စေ ပြုပြင်ပြောင်းလဲခြင်းမပြုလုပ်ရ။

၆၁။ မည်သူမျှ တည်ဆဲဥပဒေများကိုလည်းကောင်း၊ ဝန်ကြီးဌာနက အခါအားလျော်စွာ ထုတ်ပြန်ထားသော အမိန့်နှင့်ညွှန်ကြားချက်များကို လည်းကောင်း ဖောက်ဖျက်ကျူးလွန်ခြင်း မပြုရ။

**အခန်း(၁၄)**
**ပြစ်မှုနှင့်ပြစ်ဒဏ်**

၆၂။ ပိုင်ရှင်သည် ပုဒ်မ ၁၅၊ ပုဒ်မ ၁၆၊ ပုဒ်မ ၁၇ ပါ ပြဋ္ဌာန်းချက်တစ်ရပ်ရပ်ကို ဖောက်ဖျက်ကျူးလွန်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ငွေဒဏ်အနည်းဆုံး ကျပ်တစ်သိန်း၊ အများဆုံးကျပ်နှစ်သိန်းကျခံစေရမည်။

၆၃။ ပိုင်ရှင်သည် ပုဒ်မ ၁၉၊ ပုဒ်မခွဲ(က)၊ ပုဒ်မ ၂၀ ပါ ပြဋ္ဌာန်းချက်တစ်ရပ်ရပ်ကို ဖောက်ဖျက်ကျူးလွန်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ငွေဒဏ်အနည်းဆုံးကျပ်ငါးသိန်း၊ အများဆုံး ကျပ်တစ်ဆယ်သိန်း ကျခံစေရမည်။ ပြစ်ဒဏ်ချမှတ်ခံရပြီးနောက် ပြစ်မှုကို ဆက်လက်၍ ကျူးလွန်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ကျူးလွန်သောရက်များအတွက် တစ်ရက်လျှင် ငွေဒဏ်ကျပ်တစ်သိန်းစီ ကျခံစေရမည်။

၆၄။ ပိုင်ရှင်သည်ပုဒ်မ ၁၈၊ ပုဒ်မ ၁၉၊ ပုဒ်မခွဲ(ခ)နှင့် ပုဒ်မခွဲ(ဂ)၊ ပုဒ်မ ၂၁၊ ပုဒ်မ ၂၄၊ ပုဒ်မခွဲ(က)ပါ ပြဋ္ဌာန်းချက်တစ်ရပ်ရပ်ကို ဖောက်ဖျက်ကျူးလွန်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ငွေဒဏ်အနည်းဆုံးကျပ်ငါးသိန်း၊ အများဆုံးကျပ်တစ်ဆယ်သိန်းကျခံစေရမည်။

၆၅။ ပိုင်ရှင်သည် ပုဒ်မ ၂၄၊ ပုဒ်မခွဲ (ခ) ပါ ပြဋ္ဌာန်းချက်ကို ဖောက်ဖျက်ကျူးလွန်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ငွေဒဏ်အနည်းဆုံး ကျပ်တစ်သိန်း၊ အများဆုံးကျပ်နှစ်သိန်းကျခံစေရမည်။

၆၆။ မည်သူမဆိုပုဒ်မ ၅၇ ပါ ပြဋ္ဌာန်းချက်ကို ဖောက်ဖျက်ကျူးလွန်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင်ဖြစ်စေ၊ ဖောက်ဖျက်ကျူးလွန်ရန် အားထုတ်ကြောင်း သို့မဟုတ် အားပေးကူညီကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင်ဖြစ်စေ ထောင်ဒဏ်အနည်းဆုံး တစ်နှစ်၊ အများဆုံးနှစ်နှစ် သို့မဟုတ် ငွေဒဏ် အနည်းဆုံး ကျပ်ငါးသိန်း၊ အများဆုံးကျပ်တစ်ဆယ်သိန်း သို့မဟုတ် ဒဏ်နှစ်ရပ်လုံးကျခံစေရမည်။

၆၇။ မည်သူမဆို ပုဒ်မ ၅၈ ပါ ပြဋ္ဌာန်းချက်ကို ဖောက်ဖျက်ကျူးလွန်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ငွေဒဏ်အနည်းဆုံး ကျပ်ငါးသိန်း၊ အများဆုံး ကျပ်တစ်ဆယ်သိန်း ကျခံစေရမည်။

၆၈။ ဘွိုင်လာပြုပြင်သူသည် ပုဒ်မ ၂၈၊ ပုဒ်မခွဲ(ခ) ပါ ပြဋ္ဌာန်းချက်ကို ဖောက်ဖျက်ကျူးလွန်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ငွေဒဏ်အနည်းဆုံး ကျပ်ငါးသိန်း၊ အများဆုံး ကျပ်တစ်ဆယ်သိန်း ကျခံစေရမည်။

၆၉။ မည်သူမဆို ပုဒ်မ ၅၉ ပါ ပြဋ္ဌာန်းချက်ကို ဖောက်ဖျက်ကျူးလွန်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ငွေဒဏ် အနည်းဆုံး ကျပ်တစ်သိန်း၊ အများဆုံး ကျပ်နှစ်သိန်း ကျခံစေရမည်။

၇၀။ မည်သူမဆိုပုဒ်မ ၁၉၊ ပုဒ်မခွဲ(ခ) နှင့် ပုဒ်မ ၆၀ ပါ ပြဋ္ဌာန်းချက်ကို ဖောက်ဖျက်ကျူးလွန်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင်ဖြစ်စေ၊ ဖောက်ဖျက်ကျူးလွန်ရန် အားထုတ်ကြောင်း သို့မဟုတ် အားပေးကူညီကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင်ဖြစ်စေ ငွေဒဏ်အနည်းဆုံးကျပ်ငါးသိန်း၊ အများဆုံးကျပ်တစ်ဆယ်သိန်း ကျခံစေရမည်။

၇၁။ ဘွိုင်လာကိုင်တွယ်သူသည် ပုဒ်မ ၃၀၊ ပုဒ်မခွဲ (ခ)နှင့် ပုဒ်မ ၃၁ ပါ ပြဋ္ဌာန်းချက်တစ်ရပ်ရပ်ကို ဖောက်ဖျက်ကျူးလွန်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ငွေဒဏ်အနည်းဆုံးကျပ်တစ်သိန်း၊ အများဆုံး ကျပ်နှစ်သိန်း ကျခံစေရမည်။

**အခန်း(၁၅)**
**ကင်းလွတ်ခွင့်**

၇၂။ ဝန်ကြီးဌာနသည် သတ်မှတ်ချက်များနှင့် ညီညွတ်သော အောက်ပါတို့ကို ဤဥပဒေအရ ဆောင်ရွက်ရခြင်းမှကင်းလွတ်ခွင့်ပြုနိုင်သည်-
(က) အဆောက်အအုံတွင်အပူငွေ့ပေးရန်၊ ရေနွေးပေးရန် အသုံးပြုသောဘွိုင်လာ။
(ခ) အမိန့်ကြော်ငြာစာထုတ်ပြန်၍ ကင်းလွတ်ခွင့်ပြုသော ဘွိုင်လာ၊ ရေနွေးငွေ့ပိုက်၊ ရေသွင်းပိုက်။

၇၃။ အောက်ပါတို့သည်ဤဥပဒေပါ ပြဋ္ဌာန်းချက်များနှင့် မသက်ဆိုင်စေရ-
(က) မီးသင်္ဘော သို့မဟုတ် မည်သည့်သင်္ဘောတွင်မဆို တပ်ဆင်အသုံးပြုသည့်ဘွိုင်လာ၊ ရေနွေးငွေ့ပိုက်၊ ရေသွင်းပိုက်။
(ခ) နိုင်ငံတော် ကာကွယ်ရေး၊ လုံခြုံရေးနှင့်သက်ဆိုင်သော စက်ရုံ၊ အလုပ်ရုံ၊ ဌာနများရှိ ဘွိုင်လာ၊ ရေနွေးငွေ့ပိုက်၊ ရေသွင်းပိုက်။
(ဂ) မြန်မာ့မီးရထားပိုင် ဘွိုင်လာ၊ ရေနွေးငွေ့ပိုက်၊ ရေသွင်းပိုက်။

**အခန်း(၁၆)**
**အထွေထွေ**

၇၄။ ဤဥပဒေပါပြဋ္ဌာန်းချက်များကို ဆောင်ရွက်နိုင်ရန်အလို့ငှာ ဝန်ကြီးဌာနသည်-
(က) လိုအပ်သောနည်းဥပဒေ၊ စည်းမျဉ်း သို့မဟုတ် စည်းကမ်းများကို ပြည်ထောင်စုအစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် ထုတ်ပြန်နိုင်သည်။
( ခ) လိုအပ်သော အမိန့်ကြော်ငြာစာ၊ အမိန့်၊ ညွှန်ကြားချက်နှင့် လုပ်ထုံးလုပ်နည်းများကို ထုတ်ပြန်နိုင်သည်။

၇၅။ ၁၉၈၄ ခုနှစ်၊ ပြည်သူ့လွှတ်တော် ဥပဒေအမှတ်(၃) ဘွိုင်လာဥပဒေကို ဤဥပဒေဖြင့် ရုပ်သိမ်းလိုက်သည်။

**ပြည်သူအများ လေ့လာသိရှိအကြံပြုနိုင်ရန် ဖော်ပြခြင်းဖြစ်ပါသည်။**



## သစ်တောသစ်ပင်များ တောင်ယာခုတ်ခြင်း၊ မီးရှို့ခြင်းများ ဖြစ်ပေါ်နေ

**သရက် မတ် ၆**

မကွေးတိုင်းဒေသကြီး သရက်ခရိုင် သရက်မြို့နယ် မြောက်ကျွတ်ကျေးရွာအုပ်စု စမ်းမကြီးကျေးရွာနှင့် အုတ်ပုံကျေးရွာ ကျေးရွာချင်းဆက် လမ်းဘေးရွာအနီးပတ်ဝန်းကျင်တွင် တောင်ယာခုတ်ခြင်း၊ တောင်ယာမီးရှို့ခြင်း၊ တောမီးရှို့ခြင်းတို့ကြောင့် သစ်တောသစ်ပင်များ ပျက်စီးဆုံးရှုံးကာ သဘာဝတောတောင် ရေမြေသယံဇာတများကို ခြိမ်းခြောက်လာနေကြောင်း သိရသည်။

သစ်တောသစ်ပင်များကို အသိပညာနည်းပါးသည့် ကျေးရွာတောင်သူတချို့က ထင်းအဖြစ်အသုံးပြုရန်အတွက်လည်းကောင်း၊ အဆောက်အအုံ ဆောက်လုပ်အသုံးပြုရန်အတွက် လည်းကောင်း၊ မီးသွေးဖုတ်ရန်အတွက်လည်းကောင်း ခုတ်ထွင် ရှင်းလင်းနေခြင်းဖြစ်ပြီး တောင်ယာခုတ်ခြင်း၊ မီးရှို့ခြင်းများ များပြားလာပါက ရာသီဥတု၏ ပြောင်းလဲတုံ့ပြန်မှုဒဏ်ကို ခံရတော့မည်ဖြစ်သည်။ အောက်ဆီဂျင် ဓာတ်ငွေ့ထုတ်ခြင်း၊ ကာဗွန်ဒိုင်အောက်ဆိုက်စုပ်ယူခြင်း၊ ရေငွေ့စုပ်ယူ၍ မိုးအဖြစ် ပြန်လည်ရွာသွန်းခြင်းတို့ကို သစ်တောသစ်ပင် သဘာဝပတ်ဝန်းကျင်က အကျိုးပြုလျက်ရှိကြောင်း ဒေသခံမြို့မိမြို့ဖတစ်ဦးက ပြောသည်။

သက်ဆိုင်ရာမြို့နယ်၊ ရပ်၊ ကျေးအုပ်ချုပ်ရေးမှူးများနှင့် ခရိုင်/မြို့နယ်အဆင့် သစ်တောဦးစီးဌာနမှ တာဝန်ရှိသူများနှင့် တောအုပ်၊ တောခေါင်းနယ်မြေ တာဝန်ခံများက စောင့်ကြည့်ရန်လိုအပ်ပြီး အသိပညာပေးဟောပြောပွဲများ ပြုလုပ်ရန်လိုကြောင်း၊ ထိုသို့ထိန်းသိမ်းစောင့်ရှောက်မှုများ မပြုလုပ်နိုင်ပါက မိုးခေါင်ရေရှား၍ သဘာဝပတ်ဝန်းကျင်ကို ဆိုးရွားစွာထိခိုက်လာမည်ကို စိုးရိမ်ကြောင့်ကြမှုများ ရှိနေကြောင်း ဒေသခံပြည်သူများထံမှ သိရသည်။ **ပေါက်ကလေး(သရက်)**

## အုတ်တံတိုင်းပြိုကျပြီး ဆော့နေသောကလေးသုံးဦးအားပိမိ

**ကသာ မတ် ၆**

စစ်ကိုင်းတိုင်းဒေသကြီး ကသာခရိုင် ကသာမြို့ ရဲစခန်းတောင်ဘက် တစ်မိုင်ခန့်အကွာ အမှတ် (၁၀) ရပ်ကွက်ရှိ ဘုန်းတော်ကြီးကျောင်းမှ အုတ်တံတိုင်းပြိုကျပြီး ဆော့နေသော ကလေးငယ်သုံးဦးအားပိမိကာ တစ်ဦးသေ၊ နှစ်ဦးဒဏ်ရာများရရှိခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ မတ် ၄ ရက် ညနေ ၅ နာရီခွဲက ဒုရဲအုပ် သိန်းမြင့်ထွန်းသည် ရဲစခန်းတွင် တာဝန်မှူးတာဝန်ဆောင်ရွက်နေစဉ် အမှတ်(၁၀) အုပ်ချုပ်ရေးမှူး ဦးထွန်းခိုင်မှ ၄င်းရပ်ကွက်ရှိ “မြိုင်” ဘုန်းကြီးကျောင်း၌ ညနေ ၄ နာရီ မိနစ် ၂၀ ခန့်က တံခါးနှင့်တွဲလျက် အုတ်တံတိုင်း၌ ကလေးများ ဆော့ကစားနေစဉ် အုတ်တံတိုင်းပြိုကျပြီး ကလေးငယ်သုံးဦး အုတ်တံတိုင်းပိ၍ ကသာပြည်သူ့ဆေးရုံ၌ တက်ရောက်ကုသနေကြောင်း သတင်းပို့သဖြင့် သွားရောက်ကြည့်ရှု စစ်ဆေးခဲ့ကြသည်။

အဆိုပါဖြစ်စဉ်ကြောင့် ဇာနည်ကျော်(၈နှစ်) ရပ်ကွက်(၁၀) ကသာမြို့နေသူတွင် ဒဏ်ရာများရရှိ၍ သေဆုံးကာ မှတ်ကြီး(၁၂နှစ်) ရပ်ကွက်(၁၀) ကသာနှင့် ကိုရင်ဩဘာသ(၁၂နှစ်) မြိုင်ဘုန်းတော်ကြီးကျောင်း ရပ်ကွက် (၁၀)ကသာတို့တွင် ဒဏ်ရာများရရှိသွားကြောင်း တွေ့ရသည်။ အဆိုပါအမှုကို ကသာမြို့မရဲစခန်းမှ သေမှုသေခင်းဖြင့် စစ်ဆေးလျက်ရှိကြောင်း သိရသည်။

**ဦးရဲ(ကသာ)**

## ဘုရားဖူးယာဉ်တိမ်းမှောက်

**မိုးညှင်း မတ် ၆**

ကချင်ပြည်နယ် မိုးညှင်းမြို့နယ် နန်းမားကျေးရွာမှ အင်းတော်ကြီး ရွှေမဥ္ဇူရေလယ်ဘုရား ဗုဒ္ဓပူဇနိယ ပွဲတော်သို့ ယာဉ်မောင်းသက်ပိုင်ကျော်(ခ)ဇေယျာထူး ရေကျော်ရပ် နန်းမားကျေးရွာ မောင်းနှင်သော ယာဉ်အမှတ်SD/----- တုံဖုံးကား အပြာရောင်သည် အင်းတော်ကြီး နန့်မွန်းတောင်ထိပ်အဆင်း မြေနီဖြတ်လမ်းမိုင် (၁၃/၀)နှင့် (၁၃/၁) အကြား အရောက်တွင် ဘရိတ်ပေါက်၍ အရှိန်မထိန်းနိုင်ဘဲ လမ်းယာဘက်ခြမ်းသို့ ထိုးကျတိမ်းမှောက်ခဲ့သည့် ဖြစ်စဉ် မတ် ၂ ရက်ညနေ ၃ နာရီက ဖြစ်ပွားခဲ့သည်။

အဆိုပါ တုံဖုံးကားပေါ်တွင် မိုးညှင်းမြို့နယ် နန်းမားဒေသမှ ခရီးသည် ၅၀ ကျော်လိုက်ပါခဲ့ပြီး ယာဉ်တိမ်းမှောက်မှုကြောင့်အမျိုးသား ၁၅ ဦး၊ အမျိုးသမီး ၂၉ ဦး စုစုပေါင်း၄၄ ဦးဒဏ်ရာရရှိကာ အမျိုးသားနှစ်ဦး၊ အမျိုးသမီးလေးဦး စုစုပေါင်း ခြောက်ဦး သေဆုံးခဲ့ကြောင်း သိရသည်။

အဆိုပါဖြစ်စဉ်နှင့် စပ်လျဉ်း၍ ယာဉ်မောင်းမှာထွက်ပြေးတိမ်းရှောင်လျက်ရှိပြီး လုံးတုံနယ်မြေရဲစခန်းမှူး ရဲအုပ်ရဲထွန်းက တရားလိုပြုလုပ်တိုင်တန်း၍ ဥပဒေအရအမှုဖွင့်ကာ ဒုရဲအုပ်ဘုန်းမြင့်ထူးက စစ်ဆေးဆောင်ရွက်လျက်ရှိကြောင်း သိရသည်။ **ကေဆိုင်းနော်(ဖားကန့်)**

သစ်ပင်စိုက်လျှင် တို့ဝန်းကျင် စိမ်းစိုလှပ ကြည်နူးရ

ပြည်တွင်းသတင်း



# ရန်ကုန်မြို့ရှိ ပန်းခြံ ၅၉ ခုကို သကြံန်အပြီး အခမဲ့ဝင်ခွင့်ပေးမည်

**ရန်ကုန် မတ် ၆**

ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီက တာဝန်ယူဆောင်ရွက်လျက်ရှိသော ပန်းခြံ ၆၃ ခုရှိသည့်အနက် ၅၉ ခုကို အခမဲ့ဝင်ခွင့်ပေးသွားမည် ဖြစ်ကြောင်း ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ ပန်းဥယျာဉ်နှင့် အားကစားကွင်းများဌာနမှ တာဝန်ရှိသူတစ်ဦးက ပြောသည်။

"ရန်ကုန်မြို့တော်သူ မြို့တော်သားများ စိတ်လက်အပန်းဖြေအနားယူနိုင်ရန်ရည်ရွယ်ပြီး ပန်းဥယျာဉ်နှင့် အားကစားကွင်းများဌာနက တာဝန်ယူဆောင်ရွက်နေတဲ့ ပန်းခြံ ၆၃ ခုရှိတဲ့အနက် ၅၉ ခုကို သကြံန်အပြီးမှာ အခမဲ့ဝင်ခွင့်ပေးသွားမှာဖြစ်ပါတယ်။ ပြည်သူများစိတ်ချမ်းမြေ့စွာ အပန်းဖြေအနားယူနိုင်အောင် စီစဉ်ဆောင်ရွက်နေပါတယ်" ဟု အဆိုပါတာဝန်ရှိသူက ပြောသည်။

သို့ရာတွင် ပြည်သူ့ဥယျာဉ်နှင့် ပြည်သူ့ရင်ပြင်၊ မြကျွန်းသာအပန်းဖြေဥယျာဉ်၊ မြိုင်ဟေဝန်ပန်းဥယျာဉ်နှင့် အာဇာနည်ဗိမာန်တို့ကိုသာ လေလံစနစ်ဖြင့် ဆက်လက်လုပ်ကိုင်ခွင့်ပြုသွားမည်ဖြစ်ကြောင်း သိရသည်။

ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီအနေဖြင့် ပန်းခြံများကို အခမဲ့ဝင်ခွင့်ပေးနိုင်ရန် စီစဉ်ဆောင်ရွက်နေသကဲ့သို့ တစ်ဖက်မှလည်း ပန်းခြံများကို မွမ်းမံပြင်ဆင်ခြင်း၊ အဆင့်မြှင့်တင်ခြင်း လုပ်ငန်းများ ဘဏ္ဍာနှစ်အလိုက်ဆောင်ရွက်လျက်ရှိသည်။

လာမည့် ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်အတွင်း မွမ်းမံပြင်ဆင်မည့် ပန်းခြံရှစ်ခုနှင့်အဆင့်မြှင့်တင်မည့် ပန်းခြံငါးခုအပါအဝင် ရန်ကုန်မြို့ရှိပန်းခြံများ သန့်ရှင်းသာယာလှပရေးဆောင်ရွက်ရန် ငွေကျပ် ၃ ဒသမ ၈၂ ဘီလီယံ လျာထားဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

ယခုအခါ ရန်ကုန်မြို့လယ်ရှိ မဟာဗန္ဓုလပန်းခြံသည်ပင် အခမဲ့ဝင်ခွင့်ပြုထားပြီဖြစ်သဖြင့် ရန်ကုန်မြို့ပြည်သူများသာမက ပြည်ပခရီးသွားဧည့်သည်များပင်လျှင် ဝင်ရောက်ကြည့်ရှုလေ့လာအပန်းဖြေအနားယူလျက်ရှိသည်ကို တွေ့ရသည်။

**သတင်း-ကြံတိုင်းအောင်**
**ဓာတ်ပုံ-သက္က**

# စလင်းမြို့နယ် ကျေးရွာအချို့တွင် သောက်သုံးရေအတွက် အခက်အခဲဖြစ်



**စလင်း မတ် ၆**

မကွေးတိုင်းဒေသကြီးတွင် မိုးခေါင်ခဲ့မှုများကြောင့် နွေစပါးစိုက်ပျိုးမှုများကိုပင် ဆည်ရေမရရှိသဖြင့် ရပ်နားထားရပြီး လူအများအသုံးပြုသော ကျေးရွာသောက်သုံးရေကန်များတွင် ဖေဖော်ဝါရီလကုန်လောက်မှစတင်ပြီး သောက်သုံးရေပြတ်လပ်မှုများဖြစ်ပေါ်နေသောကြောင့် အကူအညီများလိုအပ်နေကြောင်း သိရသည်။

ထိုသို့ သောက်သုံးရေပြတ်လပ်မှုဖြစ်ပေါ်နေသော ကျေးရွာများမှ ပြည်သူများကို စလင်းမြို့ပေါ်ရှိ အလှူရှင်များက ကိုယ်တိုင်သောက်သုံးရေလှူဒါန်းခြင်းများ ပြုလုပ်လျက်ရှိသလို လူမှုရေးအဖွဲ့အစည်းများနှင့် အုပ်ချုပ်ရေးဌာနများမှ တာဝန်ရှိသူများက မိုင် ၃၀ လောက်ဝေးသော ကျေးရွာများသို့ ကိုယ်တိုင်သွားရောက်လှူဒါန်းမှုများ ပြုလုပ်လျက်ရှိကြောင်း သိရသည်။

ထိုသို့ လိုအပ်ချက်များရှိသော ဒေသများကို နိုင်ငံတော်အစီအစဉ်ဖြင့် ရေတွင်းရေကန်များတူးဖော်ပေးလျက်ရှိရာ အချို့နေရာများ၌ ရေတွင်းတစ်တွင်းကို ပေပေါင်း ၄၅၀ မှ ၅၅၀ အထိ တူးပြီးခါမှ ရေမထွက်သောကြောင့် ထပ်မံတူးကြရသောကုမ္ပဏီလည်းရှိနေသည့်အတွက် ရေရရှိမှု များကြန့်ကြာရကြောင်းလည်း သိရသည်။

ရေလှူဒါန်းချင်သူများအနေဖြင့် သောက်သုံးရေပြတ်လပ်သော ကျေးရွာတစ်ရွာအတွက် နှစ်ရက်စာသောက်သုံးရေအတွက် အနည်းဆုံးကုန်ကျငွေကျပ် ၁၈၀၀၀ ခန့်ကုန်ကျပြီး ရေတွင်းမတူးနိုင်သေးသော ကျေးရွာများအတွက် သောက်သုံးရေ အကူအညီလိုအပ်လျက်ရှိကြောင်းလည်း သိရသည်။

**ဇင်လင်းထက်**

# ရွေးကောက်ပွဲဆိုင်ရာ လုံခြုံရေးအသိပညာပေးသင်တန်း ဖျာပုံ၌ဖွင့်



**ဖျာပုံ မတ် ၆**

၂၀၁၅ ခုနှစ်ရွေးကောက်ပွဲတွင် ရဲတပ်ဖွဲ့ဝင်များ လုံခြုံရေးတာဝန်ထမ်းဆောင်ရာ၌ လွယ်ကူချောမွေ့စေရေးအတွက် ရွေးကောက်ပွဲဆိုင်ရာ အသိပညာပေးသင်တန်းဖွင့်ပွဲကို မတ် ၂ ရက်နံနက် ၉ နာရီက ဖျာပုံခရိုင် ရဲတပ်ဖွဲ့မှူးရုံး၌ ကျင်းပသည်။

အဆိုပါသင်တန်းဖွင့်ပွဲတွင် ခရိုင်ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးကြီး လွင်မောင်သိန်း၊ ခရိုင်ကော်မရှင်ဥက္ကဋ္ဌ ဦးအုန်းဟန်၊ ခရိုင်ဥပဒေအရာရှိ ဦးစန်းအောင်၊ မြို့နယ်ကော်မရှင်ဥက္ကဋ္ဌ ဦးကျော်ငြိမ်းတို့က ရွေးကောက်ပွဲဆိုင်ရာဥပဒေများ၊ လုပ်ငန်းစဉ်များကို ရှင်းလင်းဆွေးနွေးရာ တက်ရောက်လာကြသူများကလည်း သိလိုသည်များ ပြန်လည်ရှင်းလင်းဆွေးနွေးခဲ့ကြသည်။

**သူဇာနွယ်(ဖျာပုံ)**

# တရားမဝင်စက်သုံးဆီဆိုင်များ ဖယ်ရှားပေးစေလို

**ဖျာပုံ မတ် ၆**

ဧရာဝတီတိုင်းဒေသကြီး ဖျာပုံခရိုင် ဖျာပုံမြို့ရပ်ကွက်များအတွင်း တရားမဝင်ဆီဆိုင်များ ရောင်းချနေသည်ကို တွေ့ရှိနေရပြီး ယခု (၂)ရပ်ကွက် ကမ်းနားလမ်းတွင် ရောင်းချနေသည့် စက်သုံးဆီဆိုင်များကို ပြည်သူများက မီးဘေးအန္တရာယ် စိုးရိမ်နေ၍ ဌာနဆိုင်ရာ တာဝန်ရှိသူများကို တင်ပြထားပြီးဖြစ်ကြောင်း သိရသည်။

ယခုအချိန်တွင် ဖျာပုံမြို့နှင့် အနယ်နယ်အရပ်ရပ်မှ ခရီးသွားပြည်သူများ အသုံးပြုနိုင်ရန်အတွက် မြို့အဝင်အထွက် အဝေးပြေးကားလမ်းမကြီးများဘေးတွင် ဒစ်ဂျစ်တယ်ဆီပန့်ဆိုင်ကြီးများကို ဖွင့်လှစ်ရောင်းချပေးနေပြီဖြစ်သဖြင့် မြို့အတွင်း မီးဘေးအန္တရာယ်စိုးရိမ်နေရသည့် တရားမဝင်စက်သုံးဆီဆိုင်များကို သက်ဆိုင်ရာ တာဝန်ရှိသူများက ထိထိရောက်ရောက်ဆောင်ရွက်ပေးရန် ပြည်သူများက လိုလားလျက်ရှိကြောင်း သိရသည်။

**(၀၇၁)**

# ဆွမ်းကြီးလောင်းလှူပွဲစည်ကားစွာကျင်းပ

**ညောင်တုန်း မတ် ၆**

နှစ်ပေါင်း ၁၅၀ နီးပါးတိုင်အောင် အစဉ်အလာမပျက် ကျင်းပမြဲဖြစ်သော ညောင်တုန်းမြို့ မြို့ဦးမြို့ထိပ်တွင်တည်ထားကိုးကွယ်ထားသော မြို့ကျက်သရေဆောင် သမိုင်းဝင်သုံးပါးကပ်ကျော် ဆုတောင်းပြည့်မိုးဟုတ်စေတီတော်မြတ်ကြီး၏ (၁၄၉) ကြိမ်မြောက်ဗုဒ္ဓပူဇနိယပွဲတော်နှင့် တပေါင်းလဆွမ်းကြီးလောင်းလှူပွဲကို စေတီတော်ရင်ပြင်၌ မတ် ၄ ရက်(တပေါင်းလပြည့်နေ့)က စည်းကားစွာ ကျင်းပသည်။

အဆိုပါအခမ်းအနားတွင် စေတနာရှင်အလှူရှင်များက ပင့်သံဃာ ၂၂၇ ပါး၊ သီလရှင်အပါး ၃၀ စုစုပေါင်း ၂၅၇ ပါးတို့အား လှူဖွယ်ဝတ္ထုပစ္စည်းမျိုးစုံကို လောင်းလှူခဲ့ကြကြောင်း သိရသည်။

မိုးဟုတ်စေတီတော်မြတ်၏ ဗုဒ္ဓပူဇနိယပွဲတော်နှင့် ဆွမ်းကြီးလောင်းလှူပွဲတော်တွင် အသံမစဲမဟာပဋ္ဌာန်းရွတ်ဆိုပွဲများ၊ တရားပွဲများပါ ကျင်းပခဲ့သည့်အပြင် ဆွမ်းကြီးလောင်းလှူပွဲအပြီးတွင် ရေစက်ချအမျှပေးဝေခဲ့ကြောင်း သိရသည်။

**နေလင်း(ညောင်တုန်း)**

# ဓမ္မစကူးလ်ဆရာဖြစ် သင်တန်းဆင်း

**ချောင်းဦး မတ် ၆**

စစ်ကိုင်းတိုင်းဒေသကြီး မုံရွာခရိုင် ချောင်းဦးမြို့ မဟာဓမ္မာရုံကျောင်းတိုက်အတွင်းရှိ ရာပြည့်ဗိမာန်တော်ခန်းမ၌ ဓမ္မစကူးလ်ဖောင်ဒေးရှင်း (၂၈၂)ကြိမ်မြောက် ဆရာဖြစ်သင်တန်းဆင်းပွဲကို ဖေဖော်ဝါရီ ၄ ရက်က ကျင်းပကြောင်း သိရသည်။

ဓမ္မစကူးလ်ဖောင်ဒေးရှင်း (၂၈၂)ကြိမ်မြောက် ဆရာဖြစ်သင်တန်းဆင်းပွဲတွင် ဓမ္မစကူးလ်ဖောင်ဒေးရှင်းနာယက မုံရွာမြို့ ရန်ကင်းကျောင်းတိုက်ဆရာတော် ဘဒ္ဒန္တပညာဝံသက ဩဝါဒကထာချီးမြှင့်ပြီး၊ အတွင်းရေးမှူး ဆရာတော်ဘဒ္ဒန္တဉာဏဝံသက ဓမ္မစကူးလ်နှင့် ပတ်သက်သည်များကို ရှင်းလင်းဆွေးနွေးကာ ချောင်းဦးမြို့ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးစောလှထွန်းက သာသနာရေးဆိုင်ရာများ လျှောက်ထားတင်ပြခဲ့သည်။

အဆိုပါ သင်တန်းတက်ရောက်ကြသည့် သံဃာတော်ငါးပါး၊ သင်တန်းသား ၁၃ ဦး၊ သင်တန်းသူ ၄၂ ဦးစုစုပေါင်း ၆၀ တို့ကို သင်တန်းဆင်းလက်မှတ်များ ပေးအပ်ချီးမြှင့်ခဲ့ကြောင်း သိရသည်။

**အိအိစိုး(ချောင်းဦး)**

# တန့်ယန်းမြို့တွင်းလမ်းမကြီး အဆင့်မြှင့်တင်

**တန့်ယန်း မတ် ၆**

ရှမ်းပြည်နယ်(မြောက်ပိုင်း) တန့်ယန်းမြို့နယ်တွင် လားရှိုး-တန့်ယန်း-ပန်ဆန်းလမ်းမကြီးပေါ်ရှိ တန့်ယန်းမြို့တွင်း လမ်းမကြီးဖြစ်သည့် ဗိုလ်ချုပ်လမ်းအား မြို့နယ်ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်းမှ တာဝန်ယူ၍ ကတ္တရာထပ်ပိုးလွှာခင်းကာ အဆင့်မြှင့်တင်ဆောင်ရွက်ပေးလျက်ရှိသည်။

အဆိုပါ ဗိုလ်ချုပ်လမ်းသည် ယခင်က ၁၂ ပေလမ်းအကျယ်သာရှိခဲ့ပြီး ယခု ၁၈ ပေလမ်းအကျယ်သို့ ကတ္တရာထပ်ပိုးလွှာခင်းပေးနေရာ ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ်အတွင်း ခွင့်ပြုငွေကျပ် ၁၀၉ သန်းဖြင့် အရှည် ပေ ခုနစ်ဖာလုံကို မြို့နယ်ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်းမှ လက်ထောက်အင်ဂျင်နီယာ (မြို့ပြ) ဦးဝင်းမောင်နှင့် ဝန်ထမ်းများက ဆောင်ရွက်ပေးလျက်ရှိကြောင်းနှင့် ငါးဖာလုံကျန်ရှိနေသေးကြောင်း သိရသည်။

**မင်းလွင်ဦး**

# မိဘမဲ့ကလေးများကို သာသနာ့ဘောင်အတွင်းသွတ်သွင်း

**မြင်းမူ မတ် ၆**

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေးဦးစီးဌာန ဒိုးပင်အောင် ကံသာလူမျိုးစုံပရဟိတလူငယ်ဖွံ့ဖြိုးရေးကျောင်း မန္တလေးတိုင်းဒေသကြီး ပြင်ဦးလွင်မြို့နယ်ရှိ မိဘမဲ့ကလေး ၁၀၈ ဦးကို ပြင်ဦးလွင်မြို့နေ အလှူ့ဒါယကာ ဦးကျော်ဇော၊ အလှူ့ဒါယိကာမ ဒေါ်သန်းဌေး သမီး မနွေးနွေးမိသားစုတို့က သာသနာ့ဘောင်အတွင်း သွတ်သွင်းရှင်ပြုအလှူတော်မင်္ဂလာပွဲကို မတ် ၄ ရက်က ကျင်းပခဲ့ကြောင်း သိရသည်။

**(၀၇၉)**

သစ်တောသစ်ပင် တို့ချစ်ခင် နှစ်စဉ်စိုက်ပျိုး အလှတိုး

ပြည်တွင်းသတင်း

# အာဆီယံပြတင်းတစ်ပေါက်စနစ် မြန်မာနိုင်ငံတွင် အကောင်အထည်ဖော် ဆောင်ရွက်မည်

သတင်း-မောင်မောင်မြင့်ဆွေ
ဓာတ်ပုံ-ခင်ဇွန်ဇာလင်း



**ရန်ကုန် မတ် ၆**

နိုင်ငံတကာ ကုန်သွယ်မှုအဝန်းအဝိုင်းအတွင်းသို့ ဝင်ရောက်လာသည့် မြန်မာနိုင်ငံအနေဖြင့် ကုန်သွယ်မှုလုပ်ငန်းများ ပူးပေါင်းဆောင်ရွက်ရာတွင် အခြားအာဆီယံနိုင်ငံများနည်းတူ လုပ်နိုင်ရန်လိုအပ်လာသည်။ အာဆီယံနိုင်ငံအချို့တွင် အာဆီယံပြတင်းတစ်ပေါက်စနစ်ကို အကောင်အထည်ဖော် ဆောင်ရွက်နေပြီဖြစ်ရာ မြန်မာနိုင်ငံတွင်လည်း လုပ်ကိုင်နိုင်ရေးအတွက် (၁၄)ကြိမ်မြောက် အာဆီယံပြတင်းတစ်ပေါက်စနစ် ဦးဆောင်ကော်မတီအစည်းအဝေးကို ရန်ကုန်မြို့ ဆီဒိုးနားဟိုတယ် မင်းတုန်းခန်းမ၌ မတ် ၄ ရက်မှ ၆ ရက်အထိ ကျင်းပလျက်ရှိသည်။

အာဆီယံအဖွဲ့ဝင် နိုင်ငံများမှ ကိုယ်စားလှယ်များ ပါဝင်ဆွေးနွေးလျက်ရှိသည့် ယခုအစည်းအဝေးကို တက်ရောက်လာသည့် အကောက်ခွန်ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးထွန်းသိန်းက "ပြတင်းတစ်ပေါက်စနစ်ဆိုတာဟာ အာဆီယံဒေသတွင်း ကုန်ပစ္စည်းစီးဆင်းမှု မြင့်တက်လာစေရန် အကောက်ခွန်နဲ့ အခြားဆက်စပ်နေသော စာရွက်စာတမ်း၊ အချက်အလက်တွေ ဆောင်ရွက်တဲ့ လုပ်ငန်းစဉ်ကို ပိုမိုကောင်းမွန်အောင်ဆောင်ရွက်ခြင်းကြောင့် ကုန်သွယ်မှုလျင်မြန်လွယ်ကူ ချောမွေ့စေရေးကို မြှင့်တင်နိုင်တဲ့စနစ်တစ်ခု ဖြစ်ပါတယ်" ဟု ပြောသည်။

အာဆီယံ ပြတင်းတစ်ပေါက်စနစ်သည် အာဆီယံဒေသအား ယှဉ်ပြိုင်နိုင်စွမ်းကင်းမဲ့သည့် တစ်ခုတည်းသော ဈေးကွက်နှင့် ကုန်ထုတ်လုပ်မှုအခြေခံဒေသကြီး ဖြစ်လာစေရန် တီထွင်ထားသော ကြိုးစားအားထုတ်မှုတစ်ခုဖြစ်သည်။ ကုန်သွယ်မှု၊ အကောက်ခွန်ရှင်းလင်းမှုများကို တစ်နေရာတည်း၌ အချိန်တိုအတွင်း တစ်ပြိုင်နက်ပြီးစီးဆောင်ရွက်နိုင်သည့် စနစ်လည်းဖြစ်သည်။

အာဆီယံခေါင်းဆောင်များက ၂၀၁၅ ခုနှစ်တွင် အာဆီယံစီးပွားရေးအသိုက်အဝန်း (AEC) ထူထောင်ရန် ကတိကဝတ်ပြုခဲ့ပြီးဖြစ်ရာ ထိုသို့ထူထောင်ရာတွင် နိုင်ငံတော်ပြတင်းတစ်ပေါက်စနစ်များ၊ အာဆီယံပြတင်းတစ်ပေါက် စနစ်များကို အကောင်အထည်ဖော်ခြင်းနှင့် ထူထောင်ခြင်းတို့သည် အရေးကြီးသော လုပ်ငန်းများပင်ဖြစ်သည်။

မြန်မာနိုင်ငံတွင် နိုင်ငံတော်ပြတင်းတစ်ပေါက်စနစ်နှင့် အာဆီယံပြတင်းတစ်ပေါက် စနစ်များကို အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် ထိရောက်အောင်မြင်စွာ လုပ်ကိုင်နိုင်ရန်အတွက် မြန်မာအကောက်ခွန်အနေဖြင့် ပြီးပြည့်စုံသည့် ပြုပြင်ပြောင်းလဲခြင်းနှင့် ခေတ်မီစေရေး ဆောင်ရွက်ရာတွင် ကုန်ပစ္စည်းအလိုအလျောက်ရှင်းလင်းရေးစနစ်သစ်ကို အသုံးပြုရန် ဂျပန်အကောက်ခွန်က အဆိုပြုခဲ့သည်။

ဂျပန်နိုင်ငံအစိုးရက အကူအညီပေးကာ ငွေကြေးနှင့် နည်းပညာအကူအညီတို့ဖြင့် ကုန်ပစ္စည်းအလိုအလျောက် ရှင်းလင်းမှုစနစ်နှင့် မြန်မာ အကောက်ခွန်စနစ်တို့ အကောင်အထည်ဖော် ဆောင်ရွက်နေပြီဖြစ်သည်။ လက်ရှိအချိန်တွင် ယခု မတ်လအတွင်း အသေးစိတ်အစီအစဉ် ဒီဇိုင်းများ အပြီးသတ်ရေးဆွဲပြီး ယခုနှစ် ပထမလေးလပတ်အတွင်း စမ်းသပ်ရန်ရှိနေရာ ၂၀၁၆ ခုနှစ် ပထမလေးလပတ်အတွင်း စတင်အသုံးပြုရန် စီစဉ်ထားသည်။

ကုန်သွယ်မှု လွယ်ကူချောမွေ့စေရေး ဆောင်ရွက်ရာတွင် ကုန်ပစ္စည်းအလိုအလျောက် ရှင်းလင်းရေးစနစ် (MACCS)အား စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာန၏ လိုင်စင်ထုတ်ပေးထားသောစနစ်၊ Port EDI စနစ်တို့နှင့် ချိတ်ဆက် ဆောင်ရွက်သွားမည်ဖြစ်သည်။ တစ်ဖန် အစားအသောက်နှင့် ဆေးဝါးအဖွဲ့အစည်း၊ တိရစ္ဆာန်သားငါးနှင့် အပင် ပိုးမွှားကာကွယ်ရေးအဖွဲ့အစည်းများ ပါဝင်သော အစိုးရအဖွဲ့အစည်းများနှင့်လည်း ချိတ်ဆက်ဆောင်ရွက်သွားမည်ဖြစ်သည်။

ဂျပန်နိုင်ငံက ယခုနှစ်စနစ်များကို ကူညီပေးရာတွင် ပထမဆုံးသော ဗီယက်နမ်နိုင်ငံကို အကူအညီပေးခဲ့ပြီး ယခင်အတွေ့အကြုံများကို ရယူကာ မြန်မာနိုင်ငံကို ဆက်လက်အကူအညီပေးခြင်းဖြစ်သည်။ ကုန်သွယ်မှုပြုလုပ်ရာတွင် အကောက်ခွန်ရှင်းလင်းရေးလုပ်ငန်းများ ကြာမြင့်မှုကြောင့် ကုန်ပစ္စည်းများမှာ တစ်ရက်ကြာတိုင်း အခွန် တစ်ရာခိုင်နှုန်းပေးနေရပြီး ကမ္ဘာ့ကုန်သွယ်မှု၏ ၂၀ ရာခိုင်နှုန်းမှာ ဆိပ်ကမ်းကုန်ပစ္စည်းများ ရှင်းလင်းရေးကိစ္စရပ်များ ကြာမြင့်လျက်ရှိနေသည်။

ယခုအာဆီယံပြတင်းတစ်ပေါက် ကုန်သွယ်မှုစနစ်ကြောင့် ဆိပ်ကမ်းရောက် ကွန်တိန်နာတစ်လုံး ထုတ်ယူမှုမှာ မိနစ် ၃၀ ခန့်သာ ကြာမြင့်တော့မည့် အနေအထားသို့ ရောက်ရှိလာအောင်ဆောင်ရွက်နေခြင်းဖြစ်သည်။ အာဆီယံဒေသတွင်း နိုင်ငံများတွင် စင်ကာပူ၊ ထိုင်း၊ အင်ဒိုနီးရှား၊ မလေးရှား၊ ဗီယက်နမ်နှင့် ဖိလစ်ပိုင်နိုင်ငံများမှာ အာဆီယံပြတင်းပေါက်စနစ်ကို အကောင်အထည်ဖော် ဆောင်ရွက်နေပြီဖြစ်သည့် နိုင်ငံများဖြစ်သည်။

ဘရူနိုင်းနိုင်ငံမှာ ယင်းစနစ်ကို တစ်ဝက်တစ်ပျက် အကောင်အထည်ဖော်ဆောင်ရွက်နေပြီး လာအိုနိုင်ငံမှာလည်း အပြည့်အဝအကောင်အထည်ဖော်နိုင်ရေး ကြိုးစားလျက်ရှိသည်။ မြန်မာနှင့် ကမ္ဘောဒီးယားနိုင်ငံတို့မှာ မကြာမီ အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရေး ကြိုးစားနေခြင်းဖြစ်သည်။

**(မြန်မာ့အလင်း)**

---



## ကလေးမြို့ မရဲစခန်း မီးဘေးကြိုတင်ကာကွယ်ရေး သရုပ်ပြလေ့ကျင့်

**ကလေး မတ် ၆**

စစ်ကိုင်းတိုင်းဒေသကြီး ကလေးမြို့နယ် ရဲစခန်းတွင် မီးဘေးအန္တရာယ်ကျရောက်ပါက စနစ်တကျကာကွယ်နိုင်ရေးအတွက် ကြိုတင်သရုပ်ပြလေ့ကျင့်မှုကို မတ် ၄ ရက်က ရဲစခန်းမီးဘေးလုံခြုံရေး ကြိုတင်ကာကွယ်ရေး အစီအမံများကို မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူး ကြည်သိန်း၊ စခန်းမှူး ဒုရဲမှူးကျော်ကျော်တို့ကဦးစီး၍ ရဲတပ်ဖွဲ့ ၄၀ ဖြင့် ဆောင်ရွက်ခဲ့ကြသည်။ **သျှင်နေမင်း**

---

## ကျေးလက် တိရစ္ဆာန်ကျန်းမာရေးလုပ်သား (မွမ်းမံ)သင်တန်းဖွင့်

**မြို့သစ် မတ် ၆**

မွေးမြူရေး၊ ရေလုပ်ငန်းနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးဝန်ကြီးဌာန မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနက တိုင်းဒေသကြီးအစိုးရအဖွဲ့၏ ဦးဆောင်မှုဖြင့် ကြီးမှူး၍ ကျေးလက်တိရစ္ဆာန်ကျန်းမာရေးလုပ်သားမွမ်းမံသင်တန်းကို မြို့နယ်မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနရုံး အစည်းအဝေးခန်းမ၌ မတ် ၂ ရက်က ဖွင့်လှစ်ခဲ့သည်။

အခမ်းအနားတွင် မြို့နယ်အုပ်ချုပ်ရေးမှူး ဦးဗိုလ်အောင်မောင်မောင်က သင်တန်းဖွင့်အမှာစကားပြောကြားပြီး မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါက်တာရဲနန္ဒက တက်ရောက်လာသော သင်တန်းသားများကို တိရစ္ဆာန်များ ဆေးကုသမှုနှင့်ပတ်သက်၍ လိုက်နာကျင့်သုံး ဆောင်ရွက်ရမည့် စည်းမျဉ်းစည်းကမ်းများ၊ ကျေးလက်ဒေသတွင် တစ်ပိုင်တစ်နိုင် မွေးမြူသူများ၏ တိရစ္ဆာန်များ ကျန်းမာရေးစောင့်ရှောက်ခြင်းဝန်ဆောင်မှုများကို နယ်မြေခံတိရစ္ဆာန်ဆေးကုဆရာဝန်များ ကြီးကြပ်မှုဖြင့် ကျေးလက်ဒေသတိရစ္ဆာန်ကျန်းမာရေး လုပ်သားကောင်းများ ဖြစ်နိုင်ရေး ကြိုးစားဆည်းပူးလေ့လာကြရန် မှာကြားဆွေးနွေးခဲ့သည်။ **ဇော်ဇော်(မြို့သစ်)**

---

## အခြေခံသင်တန်းများနှင့် သပြေညိုစာကြည့်တိုက်ဖွင့်ပွဲ ကျင်းပ

**ရန်ကုန် မတ် ၆**

ရန်ကုန်မြောက်ပိုင်းခရိုင် မင်္ဂလာဒုံမြို့နယ် ထောက်ကြန့်မြို့ ရန်ကုန်-ပဲခူးလမ်းရှိ သပြေညိုပညာဒါန အကျိုးဆောင်အသင်း မင်္ဂလာခန်းမ၌ မတ် ၂ ရက်က သပြေညိုပညာဒါန အကျိုးတော်ဆောင်အသင်းက ကြီးမှူး၍ နွေရာသီကျောင်းသားလူငယ်များအတွက် ဒုတိယအကြိမ် အခြေခံကွန်ပျူတာ၊ အင်္ဂလိပ်စကားပြော၊ စာဖတ်ရှုန်မြှင့်တင်ရေးသင်တန်းများနှင့် သပြေညိုစာကြည့်တိုက်ဖွင့်ပွဲ အခမ်းအနားကျင်းပခဲ့သည်။ **ခင်ဇော်(မင်္ဂလာ)**

---

## ဆင်များရှင်ဆုတောင်းပြည့်စေတီတော် ဆွမ်းဆန်စိမ်းလောင်းလှူပွဲကျင်းပ

**တန့်ယန်း မတ် ၆**

ရှမ်းပြည်နယ်(မြောက်ပိုင်း) တန့်ယန်းမြို့ရှိ ဆင်များရှင် ဆုတောင်းပြည့်စေတီတော်မြတ်ကြီး၏ နှစ်စဉ်ကျင်းပမြဲဖြစ်သော တပေါင်းလပြည့်နေ့ ဆွမ်းဆန်စိမ်းလောင်းလှူပွဲကို မတ်လ ၄ ရက်က ဆင်းများရှင်ဆုတောင်းပြည့်စေတီကုန်းတော်မြတ်၌ ကျင်းပသည်။

အဆိုပါ ဆွမ်းဆန်စိမ်းလောင်းလှူပွဲတွင် တန့်ယန်းမြို့ပေါ်ရှိ ကျောင်းတိုက်များမှ ဆရာတော်၊ သံဃာတော်အရှင်သူမြတ်များအား (၂၇)ကြိမ်မြောက်အဖြစ် စုပေါင်း၍ လောင်းလှူကြရာ နယ်မြေခံတပ်နယ်မှ ဗိုလ်မှူးကြီးကျော်စွာဝင်းနှင့်အရာရှိကြီးများ၊ မိသားစုများ၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးသက်နိုင်နှင့် ဌာနဆိုင်ရာ ဝန်ထမ်းများ၊ အသင်းအဖွဲ့တို့မှ တာဝန်ရှိသူများနှင့် အဖွဲ့ဝင်များ၊ စေတနာရှင် မိဘပြည်သူများက စုပေါင်းလောင်းလှူခဲ့ကြကြောင်း သိရသည်။ **မင်းလွင်ဦး**

---

## အိုင်လျားတောင်ကျေးရွာ အလက(ခွဲ) ဆောက်လုပ်မှုလုပ်ငန်း ဘဏ္ဍာနှစ်ကုန်ဆုံးချိန်ရောက်သော်လည်း ပြီးစီးမှုမရှိသေး

**ကျောက်ပန်းတောင်း မတ် ၆**

ပညာရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးအတွက် နိုင်ငံတော်အစိုးရသစ်လက်ထပ်တွင် နိုင်ငံတော်ဘဏ္ဍာငွေမှ ဝန်ကြီးဌာနအလိုက် ခွဲဝေခွင့်ပြုရန်ပုံငွေဖြင့် လည်းကောင်း၊ တိုင်းဒေသကြီးနှင့် ပြည်နယ်အစိုးရအဖွဲ့များမှ ခွင့်ပြုရန်ပုံငွေဖြင့် လည်းကောင်း၊ သင်ကြားရေးဝန်ထမ်းများ တိုးမြှင့်ခန့်ထားခြင်း၊ ကျောင်းများ ဥပဓိရုပ်ကောင်းမွန်အောင်ပြုပြင်ခြင်းနှင့် ကျောင်းဆောင်သစ်များ တိုးချဲ့ဆောက်လုပ်ခြင်းများကို နေရာဒေသ လိုအပ်ချက်များအရ ဖြည့်ဆည်းဆောင်ရွက်ပေးလျက်ရှိရာ မန္တလေးတိုင်းဒေသကြီး ကျောက်ပန်းတောင်းမြို့နယ်တွင် ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ်အတွင်း ပညာရေးဝန်ကြီးဌာန၏ ခွင့်ပြုရန်ပုံငွေကျပ် ၂၉၁ ဒသမ ၆ သန်းဖြင့် ကျောင်းခုနစ် ကျောင်းတွင် ကျောင်းဆောင်သစ်များ တိုးချဲ့ဆောက်လုပ်ခွင့်ရရှိကြောင်း သိရသည်။

ကျောင်းဆောင်သစ် စုစုပေါင်း ခုနစ်ဆောင် ဆောက်လုပ်ခွင့်ရရှိခဲ့ပြီး ကျောင်းဆောင်သစ် ခြောက်ဆောင်မှာလုပ်ငန်းများအားလုံးပြီးစီးခဲ့ပြီဖြစ်သော်လည်း အိုင်လျားတောင်ကျေးရွာအုပ်စု အိုင်လျားတောင်ကျေးရွာ အခြေခံပညာအလယ်တန်းကျောင်း(ခွဲ)တွင် ဆောက်လုပ်ခွင့်ရရှိသော ပေ(၉၀×၃၀)ရှိ RC တစ်ထပ် ကျောင်းဆောင်မှာ တိုင်ထောင်၊ သွပ်မိုးပြီး အဆင့်သာရှိပြီး လုပ်ငန်းပြီးပြတ်မှု မရှိသေးကြောင်း သိရသည်။

အဆိုပါကျောင်းဆောင်သစ်မှာ နိုင်ငံတော်အစီအစဉ်ဖြင့် ဝန်ကြီးဌာန ရန်ပုံငွေမှ ဆောက်လုပ်သည့် လုပ်ငန်းဖြစ်သဖြင့် ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ်အတွင်း လုပ်ငန်းပြီးပြတ်ဆောင်ရွက်ရမည် ဖြစ်သော်လည်း ဘဏ္ဍာနှစ် ကုန်ဆုံးချိန်ရောက်သည်အထိ ပြီးပြတ်နိုင်ခြင်းမရှိဘဲ တာဝန်ယူ ဆောက်လုပ်သည့် ကုမ္ပဏီမှာလည်း လာရောက်ဆက်သွယ်ခြင်းမရှိသဖြင့် ကျေးရွာပြည်သူများမှာ စိုးရိမ်ပူပန်နေကြပြီး ကျောင်းဆောင်သစ်ကြီးအမြန်ပြီးစီးရေး ဆန္ဒရှိနေကြကြောင်း သိရသည်။

**နေအောင်(iprd)**



ဆောင်းပါး

# ကုသိုလ်တရားထက် အကုသိုလ်တရားပိုများ

ဦးသန်းထွန်း(ဥပဒေ)

ယခုလအတွင်း ထူးခြားသည်မှာ နေ့စဉ်ထုတ်သတင်းစာ၊ ဂျာနယ်၊ စာစောင်များတွင် များသောအားဖြင့် မြန်မာပြည်အရပ်ရပ်ရှိ သမိုင်းဝင် တန်ခိုးကြီးဘုရားများ၌ ဘုရားပွဲများ ခြိမ့်ခြိမ့်သဲ ကျင်းပနေကြကြောင်း၊ နေ့တိုင်းလိုလို ဖတ်ရှုနေရပေသည်။ ဤတွင်စာရေးသူငယ်စဉ်က ကြားဖူးခဲ့သော အထက်ဖော်ပြပါ "တစ်နှစ်တစ်ခါ ငရဲရွာ၊ လူ့ရွာဘုရားပွဲ"ဟူသော အဆုံးအမလင်္ကာလေးကို ပြေး၍သတိရမိပါသည်။ အဆိုပါ လင်္ကာလေးသည် လယ်တီ ဆရာတော်ဘုရားကြီး ရေးသားခဲ့သော သတိပေးစာသားလေး ဖြစ်ပေသည်။ မြန်မာပြည်မှာ ရှေးနှစ်ပေါင်းများစွာကပင် မြို့ရွာ နယ်ပယ် အသီးအသီးတွင် သမိုင်းဝင်ဘုရားစေတီများရော၊ သမိုင်းမဝင်သော ဘုရားစေတီများတွင်ပါ သဒ္ဓါတရားထက်သန်ကြပေသော မြန်မာလူမျိုး ဗုဒ္ဓဘာသာဝင်များသည် ဘုရားပွဲများ ပြုလုပ်ခဲ့ကြသည်ကို အားလုံးအသိပင်ဖြစ်သည်။

စာရေးသူကိုယ်တိုင်သည်လည်း ငယ်စဉ်က ဘုရားပွဲများရှိလျှင် ကလေးတို့သဘာဝအတိုင်း အငြိမ့်ပွဲများ၊ ဇာတ်ပွဲများပါလျှင် ပျော်ပျော်ပါးပါး သွားကြည့်ခဲ့ပါသည်။ ဘုရားပွဲဆို၍ ဘုရားမှာပြသော ဇာတ်ပွဲများ၊ အငြိမ့်ပွဲများ၊ ပျော်ပွဲရွှင်ပွဲများကိုသာ သွားကြည့်ပြီး ပွဲဈေးများတွင် ပျော်ပျော်ပါးပါးစားသောက်ကာ ပြန်သွားကြသူသာများပါသည်။ ဘုရားပေါ်တက်ပြီး ဘုရားရှိခိုးခြင်း၊ တရားဘာဝနာပွားခြင်း၊ ပရိတ်ရွတ်ခြင်း၊ ပဋ္ဌာန်းရွတ်ခြင်း ပြုလုပ်နိုင်သူ(သို့မဟုတ်) တရားဖြင့် ဘုရားကို ပူဇော်ရမှန်းသိသူ မရှိသလောက်ပင် ရှားပါးကြောင်း တွေ့ရပေသည်။

အကယ်၍ထိုသို့ဘုရားကိုတရားဖြင့် ပူဇော်ရမှန်းသိပါလျှင်လည်း ဘုရားပတ်ဝန်းကျင်မှာ အငြိမ့်ပွဲတွေ၊ ဇာတ်ပွဲတွေ၊ ရုပ်ရှင်တွေက အသံဗလံတွေ ဆူညံနေသဖြင့် တရားဖြင့် ပူဇော်ခွင့်မရရှိနိုင်တော့ပေ။

သို့ဖြစ်၍ အထက်ဖော်ပြပါ ဘုရားပွဲများတွင် ဇာတ်ပွဲအငြိမ့်ပွဲများဖြင့် ပူဇော်ခဲ့ကြသည်မှာ ရှေးနှစ်ပေါင်းများစွာကပင်ရှိခဲ့သောကြောင့် "လယ်တီဆရာတော်" ဘုရားကြီးတို့လက်ထက်ကပင် အထက်ဖော်ပြပါ သတိပေး လင်္ကာလေးဖြင့် ဆရာတော်ကြီးက ဆုံးမခဲ့ဟန်တူပေသည်။

စာရေးသူတို့ငယ်စဉ်ကလည်း အထက်အညာဒေသဘုရားပွဲတစ်ခုတွင် ဘုရားပွဲစပြီးနောက်ညတစ်ခု၌ ရန်ဖြစ်ပြီး လူသတ်မှုဖြစ်သောကြောင့် နောက်နှစ်ကစပြီး ဘုရားပွဲမှာ ဇာတ်ပွဲမထည့်ရတော့ကြောင်း ကြားသိခဲ့ရပေသည်။

သို့သော်လည်းပဲ ယခုနောက်ပိုင်းတွင်တော့ ဆက်လက်၍ ဘုရားပွဲများမှာ အနယ်နယ်အရပ်ရပ်မြို့နယ်တိုင်းမှ ဘုရားပွဲတိုင်းလိုလိုတွင် အငြိမ့်ပွဲ၊ ဇာတ်ပွဲ၊ ရှိုးပွဲ၊ စင်တင်တေးဂီတ စသည့်ကပွဲမျိုးစုံဖြင့် ဆက်လက်၍ ဘုရားကို ပူဇော်နေကြသည်ကို တွေ့ရှိနေရပေသည်။

ယခုလိုတပေါင်းလတွင် တပေါင်းပွဲတော်နှင့်အတူ ဘုရားပွဲများ အထူးများပြားနေသည်ကို တွေ့နိုင်ပေသည်။ ယခုတပေါင်းလတွင် ရန်ကုန်မြို့မှာဆိုရင် လေးဆူဓာတ်ပုံ ရွှေတိဂုံ စေတီတော်၏ တပေါင်းပွဲတော်၊ တနင်္သာရီတိုင်းဒေသကြီး၊ ထားဝယ်ခရိုင်၊ ကလိန်အောင်မြို့နယ်တွင် ကလိန်အောင်ဆုတောင်းပြည့်ဆံတော်ရှင်စေတီတော်၏ တပေါင်းပွဲတော်၊ ရှမ်းပြည်နယ် (မြောက်ပိုင်း) သီပေါမြို့နယ် ဘော်ကြိုကျေးရွာတွင်လည်း ဗုဒ္ဓပူဇနိယ တပေါင်းပွဲတော်တို့ကို ဇာတ်သဘင်များ၊ အငြိမ့်ပွဲများ၊ စင်တင်တေးဂီတများအပြင် အခြားပျော်ပွဲရွှင်ပွဲများဖြင့် ခြိမ့်ခြိမ့်သဲစည်ကားစွာ ကျင်းပကြကြောင်း သတင်းများတွင် ဖတ်ရှုနေရပေသည်။

မြန်မာပြည်မှ အထက်ဖော်ပြပါ ဗုဒ္ဓပူဇနိယဘုရားပွဲများနှင့် စပ်လျဉ်း၍ ဗုဒ္ဓဘာသာဝင်များ သတိထားနိုင်ကြရန် ဆရာကြီးဦးရွှေအောင်က "ထေရဝါဒအုတ်မြစ်" ကျမ်းစာ စာမျက်နှာ-၆၄ တွင် ယခုကဲ့သို့ လမ်းညွှန်ပြခဲ့ပေသည်။

"ဘုရား၊ တရား၊ သံဃာ" ဟူသော ရတနာသုံးပါးသည် ဤလောက၌ အပူဇော်ခံသက်သက်အနေဖြင့် ပွင့်ထွန်းပေါ်ပေါက်လာသည်မဟုတ်။ ဘုရားဟောတော်မူသည့်အတိုင်း ယုံကြည်စွာလိုက်နာကျင့်သုံး၍ အနိမ့်ဆုံးအနေဖြင့် ကလျာဏပုထုဇဉ်ဖြစ်သွားအောင်၊ ထို့ထက်စွမ်းနိုင်ပါက မဂ်ဖိုလ်ကိုရသွားအောင် ကျင့်ကြံအားထုတ်စေရန်အတွက်သာဖြစ်၏။ သို့မှသာ ဤလောက၌ ရတနာပုံသုံးပါးပွင့်ထွန်းပေါ်ပေါက်ရကျိုးနပ်ပေလိမ့်မည်။

ဆရာကြီး ဦးရွှေအောင်၏ အထက်ဖော်ပြပါ အဓိကညွှန်ပြချက်မှာ အပေါ်ယံ အာမိသပူဇာဖြင့်သာ စခန်းမသိမ်းကြဘဲဓမ္မပူဇာ၊ ဝိပဿနာတရားကိုပါ ဖြည့်ကျင့်ကြရန် တိုက်တွန်းထားခြင်းဖြစ်ပါ၏။ ယခုအချိန်၌ကား ဓမ္မပူဇာကိုရောက်ဖို့နေနေသာသာ၊ သူတော်ကောင်းများ လက်ခံနိုင်သော ရိုးရိုးအာမိသပူဇာပင် မကတော့ဘဲ တေးဂီတ၊ အက၊ အခုန်၊ ဇာတ်သဘင်၊ ပျော်ပွဲရွှင်ပွဲများက ဘုရားပွဲများတွင် နေရာအများဆုံးယူလာကြပေပြီ။ ပွဲလမ်းသဘင်ပါသော မည်သည့်ဘုရားပွဲမဆို အောက်ဖော်ပြပါဆိုးကျိုးများ အနည်းနှင့်အများဖြစ်ကြရသည်သာ ဖြစ်ပါ၏။

ဘုရားစေတီများ၏ ပတ်ဝန်းကျင်တွင် ကျင်ကြီး၊ ကျင်ငယ်၊ စားကြွင်း၊ စားကျန်များစွန့်ပစ်ကြခြင်း၊ မူးယစ်သောက်စားခိုက်ရန်ဖြစ်ပွားတတ်ခြင်း၊ ပွဲလမ်းသဘင်နှင့်အတူ ရန်ပုံငွေဆိုပြီး ပြုတတ်ကြသော တရားဝင် လောင်းကစားနှင့်တရားမဝင် လောင်းကစားများကြောင့် လူငယ်များ စာရိတ္တပျက်ပြားသည့်အပြင် ရပ်ကွက်အတွင်း သူခိုးပူခြင်း၊ ပွဲလမ်းသဘင်မှာ အချိန်ကုန်သဖြင့် ကျန်းမာရေး၊ စီးပွားရေးထိခိုက်ခြင်း၊ မရှိမဲ့ရှိမဲ့သဒ္ဓါ၊ သီလ၊ သုတ၊ စာဂ၊ ပညာ၊ ဟီရိဩတ္တပ္ပတည်းဟူသော သူတော်ကောင်းဥစ္စာများကိုလည်း ပွဲလမ်းသဘင်၊ အပျော်အပါးက တိုက်ခိုက်လုယက်သွားသဖြင့် ထိုရက်များအတွင်း လောင်းနေကျ ဆွမ်းတော်ကိုလည်း မလောင်းနိုင်တော့ခြင်း၊ ပို့နေကျဆွမ်းတော်ကိုလည်း မပို့နိုင်တော့ခြင်း၊ စိပ်နေကျ စိပ်ပုတီးလည်း ချိတ်ပုတီးဖြစ်သွားခြင်း၊ ရှိခိုးနေကျအိမ်က ဘုရားကိုလည်း ဦးလေးတောင်မချနိုင်တော့ခြင်း ညမိုးအလင်းပွဲတွေကြည့်ပြီး တစ်နေကုန်အိပ်သဖြင့် လုပ်ငန်းစစ်က ဇီးကွက်ဖြစ်နေရခြင်း၊ ပွဲလမ်းသဘင်ပြီး၍ တစ်လလောက်အတွင်းမှာပင် ထိုပွဲလမ်းသဘင်အကြောင်း သမ္ဖပ္ပလာပအကျိုးမရှိသော အပိန်အဖျင်းစကားများ ပြောမိနေတတ်ခြင်းစသော ဆိုးကျိုးများဖြစ်ကြသည်ကို ကြိုတင်သိမြင်ကြသော ဆရာတော်ကြီးများ အဆက်ဆက်က ထေရဝါဒဗုဒ္ဓဘာသာဝင်တို့၏ ဘာသာရေးတည်းဟူသော လည်ချောင်းဝမှ ပွဲလမ်းသဘင်တည်းဟူသော အရိုးစ တစ်မျိုးကို စွမ်းနိုင်သမျှဖယ်ရှားပေးတော်မူခဲ့ကြပါသည်။

ထို့ပြင် မြတ်စွာဘုရားကိုယ်တော်တိုင်မှ နစ္စ၊ ဂီတ၊ ဝါဒိတစသည့် သီချင်းဆိုခြင်း၊ တီးမှုတ်ခြင်း၊ ကခုန်ခြင်းစသည်တို့ကို ကိလေသာထကြွသောင်းကျန်းစေသောကြောင့် တားမြစ်ပညတ်ထားပြီး မပြုလုပ်သင့်ကြောင်း ဟောကြားထားသော်လည်း ယခုခေတ် ဘုရားပွဲတော်များတွင် အငြိမ့်ပွဲ၊ ဇာတ်ပွဲ၊ ရှိုးပွဲ၊ စင်တင်တေးဂီတစသည့် ပျော်ပွဲရွှင်ပွဲများဖြင့် ပူဇော်နေကြခြင်းသည် ဘုရားအလိုတော်ကျမှ ဟုတ်ပါလေစ။

"သုံးတတ်လျှင်ဆေး မသုံးတတ်လျှင်ဘေး" ဟူသောစကားအရ ပုထုဇဉ်များပီပီ ဆေးဖြစ်ဖို့ထက် ဘေးဖြစ်ဖို့ကများသည်ကတော့ သေချာပါသည်။ တစ်ခါက အထက်အညာဒေသမှာ ရွာတစ်ရွာတွင် ကိုးတောင်ပြည့်စေတီလေးတစ်ဆူရှိရာ ဘုရားပွဲတွင် ရွာသူရွာသားတို့က ဇာတ်ပွဲထည့်လိုကြသည်။ ကျောင်းထိုင်ဘုန်းကြီးက တရားပွဲသာထည့်လိုသည်။ ဇာတ်ပွဲဆိုလျှင် ထိန်းမနိုင်သိမ်းမရနှင့် ရွာနာမည်ပျက်မှာစိုး၍ တားမြစ်သည်။ ဘယ်လိုမှမရ၊ နောက်ဆုံး ရွာသားတို့၏ဆန္ဒအတိုင်း ဇာတ်ပွဲထည့်ရတော့သည်။

ဘုရားပွဲ၏ ပထမညမှာပင် မင်းသမီးကိုပိုးရင်းစကားများရန်ဖြစ်ကြသဖြင့် ရွာသားသုံးဆယ်ကျော် ခေါင်းကွဲကာ ရဲဌာနမှာ အချုပ်ခံကြရသည်။ သူ့စကားနားမထောင်၍ ဖြစ်ရသဖြင့် ကျောင်းထိုင်ဆရာတော်က နောင်မှတ်မိစေရန် အောက်ပါ ကဗျာလေးရေး၍ တစ်ရွာလုံးသို့ ကမ်းထားလိုက်ရသောဟူ၏။ ကဗျာလေးမှာ-

**ဘုရားလေးငယ်ငယ် ကိုးတောင်ပြည့်တယ်(တည်)**
**ငယ်သာငယ် တယ်တွယ်တဲ့ဘုရား**
**လူသုံးဆယ် ခေါင်းတွေကွဲတယ်၊ ရဲဌာနသွား။**

သို့ဖြစ်ပါ၍ "ယိုသူမရှက် မြင်သူရှက်"ဆိုသော စကားအတိုင်း ဘာသာသာသနာအကြောင်းပြု၍ ကုသိုလ်တရားတိုးပွားရမည့်အစား အကုသိုလ်တရားပွားများနေကြခြင်းအပေါ် အမြင်မတော်၍ တမင်ဖော်ကာ တင်ပြလိုက်ရခြင်းဖြစ်ပေသည်။

အခုရက်ပိုင်းအတွင်းမှာပဲ စာရေးသူတို့ရပ်ကွက်ထဲမှ ပေါ်တော်မူဘုရားမှာ နှစ်စဉ်ကတော့ ထုံးစံအတိုင်းဘုရားပွဲကို တစ်နှစ်တစ်ကြိမ်ပြုလုပ်ပါသည်။ အခု နောက်ပိုင်းမှာတော့ ပုံမှန်ဘုရားပွဲအပြင် ဘုရားကြီးရွှေချဖို့ဆိုတဲ့ခေါင်းစဉ်နဲ့ ဘုရားပွဲကို ရန်ပုံငွေပွဲဆိုကာ ခေါင်းစဉ်အသစ်တပ်ပြီး ပြုလုပ်နေပါသည်။ အဲဒီရန်ပုံငွေပွဲမှာ ဇာတ်ပွဲတို့၊ အငြိမ့်သဘင်တို့၊ စင်တင်တေးဂီတစသည်တို့အပြင် အခြားပျော်ပွဲရွှင်ပွဲမျိုးစုံနဲ့ ခြိမ့်ခြိမ့်သဲအောင် ဘုရားကိုပျော်ပွဲရွှင်ပွဲတွေနဲ့ ပူဇော်နေကြပါသည်။ တစ်ဆက်တည်းမှာပင် ၂၀-၃-၂၀၁၄ ရက်နေ့ထုတ် ကြေးမုံသတင်းစာနှင့် အခြားနေ့စဉ်ထုတ် သတင်းစာများတွင် ရွှေစက်တော်ဘုရားပွဲတော်အတွင်းရှိ ဘုရားဖူး တည်းခိုဆောင်များ၌ ၁၉-၃-၂၀၁၄ ရက်နေ့ နံနက် ၂ နာရီက မီးပေါ့ဆမှုကြောင့်မီးလောင်မှုဖြစ်ပွားရာ သီးသန့်တည်းခိုဆောင် သုံးခု၊ ရိုးရိုးတည်းခိုဆောင် ငါးလုံး၊ လုံခြုံရေးနှင့် အခြားအဆောင်လေးလုံးအပါအဝင် စတိုကြီးကြပ်ဆောင်နှစ်လုံးတို့ မီးလောင်ဆုံးရှုံးရကြောင်း ဖတ်ရှုလိုက်ရသည်။

ယခုလိုမျိုးတွေဖြစ်ပွားနေတာကတော့ တစ်မြို့နယ်ထဲတင်မကပါဘူး။ မိမိတို့ လက်လှမ်းမမီလို့ မသိနိုင်တာတွေလည်း အများကြီးရှိနေတဲ့အတွက် ရှေးကဆရာတော်ကြီးများဆုံးမခဲ့သလို **"တစ်နှစ်တစ်ခါ ငရဲရွာ၊ လူ့ရွာဘုရားပွဲ"** လို့ဆိုခဲ့တာ လွန်အံ့မထင်ဟုပင် ပြောရမလိုဖြစ်နေပါတော့သတည်း။ ။

■ "ဘုရား၊ တရား၊ သံဃာ" ဟူသော ရတနာသုံးပါးသည် ဤလောက၌ အပူဇော်ခံသက်သက်အနေဖြင့် ပွင့်ထွန်းပေါ်ပေါက်လာသည်မဟုတ်၊ ဘုရားဟောတော်မူသည့်အတိုင်း ယုံကြည်စွာ လိုက်နာကျင့်သုံး၍ အနိမ့်ဆုံးအနေဖြင့် ကလျာဏပုထုဇဉ်ဖြစ်သွားအောင်၊ ထို့ထက်စွမ်းနိုင်ပါက မဂ်ဖိုလ်ကိုရသွားအောင် ကျင့်ကြံအားထုတ်စေရန်အတွက်သာဖြစ်၏။

## မြို့ပြစီမံကိန်းအဖြစ် (၇)ထပ် ကွန်ဒိုတိုက်ခန်း အဆောက်အအုံဆောက်လုပ်လျက်ရှိ

**နေပြည်တော် မတ် ၆**

နေပြည်တော်ကောင်စီနယ်မြေ ပျဉ်းမနားမြို့ မောင်ခင်လမ်းနှင့် (၈) လမ်းထောင့်၌ မြို့ပြအိမ်ရာစီမံကိန်းအဖြစ် ပထမဦးဆုံး ကွန်ဒိုတိုက်ခန်း (၁၂) ခန်းပါ (၇)ထပ် အဆောက်အအုံကို ဇန်နဝါရီ ၂၀ ရက်က စတင်ဆောက်လုပ်လျက်ရှိရာ ယခုအခါ မြေညီထပ်အကြမ်းထည်ပြီးစီးသွားပြီဖြစ်ကြောင်း မြေပိုင်ရှင် ဦးခင်မောင်လေးရွှေထံမှ သိရသည်။ နေပြည်တော် စည်ပင်သာယာရေးကော်မတီခွင့်ပြုချက်ဖြင့် ပျဉ်းမနားမြို့၏ ပထမဦးဆုံး ကွန်ဒို(၇)ထပ်အဆောက်အအုံကို မြေပိုင်ရှင် ဦးခင်မောင်လေးရွှေနှင့် Three Friend ဆောက်လုပ်ရေးကုမ္ပဏီတို့က အကျိုးတူပူးပေါင်း ဆောက်လုပ်နေခြင်းဖြစ်ကြောင်း၊ (၇)ထပ် ကွန်ဒိုအဆောက်အအုံတွင် မြေညီထပ်အပါအဝင် အခန်း ၁၂ ခန်း တစ်ခန်းလျှင် အကျယ်အဝန်း စတုရန်းပေ ၁၁၀၀ တို့ဖြစ်ကာ ထိုအခန်းများတွင် စတိုးဆိုင်စသည့်ဆိုင်များ ဖွင့်လှစ်နိုင်မည်ဖြစ်ကြောင်း၊ (၇) ထပ်ကွန်ဒိုအဆောက်အအုံ ၅၀ ရာခိုင်နှုန်းဆောက်လုပ်ပြီးပါက ကွန်ဒိုတိုက်ခန်း ဝယ်ယူလိုသူများအနေဖြင့် ၅၀ ရာခိုင်နှုန်း စရန်ပေးချေဝယ်ယူနိုင်ကြောင်း သိရသည်။

ကိုကြီးကျော်(ပျဉ်းမနား)



## (၃၄)ကြိမ်မြောက် စူဠဘွဲ့နှင်းသဘင်ကျင်းပ

**တပ်ကုန်း မတ် ၆**

နေပြည်တော်ကောင်စီနယ်မြေ တပ်ကုန်းမြို့ အဂ္ဂမဟာဂန္ထဝါစက ပဏ္ဍိတနှင့် ဂန္ထဝါစကပဏ္ဍိတ ဘွဲ့တံဆိပ်တော်ရ ဆရာတော်နှစ်ပါး၊ သာသနဓဇဓမ္မာစရိယ ဘွဲ့တံဆိပ်တော်ရ ဆရာတော်နှစ်ပါးပူဇော်သည့် ဂုဏဝိသိဋ္ဌပူဇာသဘင်နှင့် (၃၄)ကြိမ်မြောက် စူဠဘွဲ့နှင်းသဘင်ကို မတ် ၁ ရက်က ဗုဒ္ဓသာသနာပြုဗိမာန်တော်ကြီး၌ ကျင်းပသည်။

အခမ်းအနားတွင် စာသင်တိုက်ကြီးကိုးတိုက်မှ စာအောင်သံဃာ ပထမကြီးအောင် ငါးပါး၊ ပထမလတ်အောင် ငါးပါးနှင့် ပထမငယ်အောင် ၁၄ ပါး စုစုပေါင်း စာအောင်သံဃာ ၂၄ ပါးတို့နှင့် ပင့်သံဃာများအား လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းကြပြီး မြို့နယ်သံဃနာယက ဒုတိယဥက္ကဋ္ဌ ရွှေအင်းရိပ်သာ ဆရာတော်က ရေစက်ချအမျှပေးဝေကြောင်း သိရသည်။

(ဝ၂၁)

အခွန်တာဝန်ကျေပွန်သူ ကျေးဇူးတင်ကြ တို့ပြည်သူက

ပြည်တွင်းသတင်း

# ရေးမြို့တွင် စတီးလ်နှင့် အလူမီနီယံလုပ်ငန်းများ တွင်ကျယ်လာ

**ရေး မတ် ၆**

မွန်ပြည်နယ် ရေးမြို့နယ်အတွင်း ဒေသဖွံ့ဖြိုးတိုးတက်လာမှုနှင့် လူနေမှုအဆင့်အတန်းမြင့်မားလာမှုကြောင့် အိမ်ရာအဆောက်အအုံများတွင် စတီးလ်နှင့် အလူမီနီယံများကို အသုံးပြုလာကြပြီး စတီးလ်သံပန်းလုပ်ငန်းများနှင့် အလူမီနီယံလုပ်ငန်းများကို လုပ်ကိုင်ကြသူများလည်း များပြားလာကြောင်း သိရသည်။

စတီးလ်သံပန်းနှင့် အလူမီနီယံလုပ်ငန်းလုပ်ကိုင်သူ ဦးငွေမိုးလှိုင်က “လူနေထိုင်မှုအဆင့်အတန်းတွေ မြင့်လာပြီး အိမ်နဲ့ဆိုင်တွေ အလှဆင်ရာမှာ စတီးလ်သံပန်းတွေ တပ်ဆင်ကြတာများလာတယ်။ လူနေအိမ်တွေ၊ ရုံးခန်းတွေနဲ့ ဘာသာရေးအဆောက်အအုံတွေ၊ မြို့တွင်းအထင်ကရနေရာတွေအပါအဝင် နေရာအများအပြားမှာ စတီးလ်သံပန်းတွေကို ပြောင်းသုံးလာတယ်။ ဒါကြောင့် ဒီလုပ်ငန်းကို ရင်းနှီးမြှုပ်နှံလုပ်ကိုင်ခဲ့တာပါ”ဟု ပြောသည်။

စတီးလ်သံပန်းများကို ဝင်းတံခါးများ၊ ဝရန်တာလက်ရန်းနှင့် လှေကားလက်ရန်းများတွင် အများဆုံးတပ်ဆင်အသုံးပြုကြပြီး ထိုင်ခုံများနှင့်စာအုပ်စင်များအဖြစ်လည်း ပြုလုပ်ကြကြောင်း သိရသည်။ စတီးလ်သံပန်းလုပ်ငန်းအတွက် အလုပ်သမားများကို အနိမ့်ဆုံးလုပ်ခလစာ ငွေကျပ် ၈၀၀၀၀ မှ ၁၅၀၀၀၀ ခန့်အထိ ကျွမ်းကျင်မှုအလိုက် ပေးရပြီး အလုပ်သမားငါးဦးဖြင့် လုပ်ကိုင်နေကြောင်း ၎င်းက ဆက်ပြောသည်။

စတီးလ်သံပန်းများကို အသုံးပြုခြင်းဖြင့် အချိန်တိုအတွင်း တပ်ဆင်တည်ဆောက်နိုင်သဖြင့် အချိန်ကုန်သက်သာခြင်း၊ လက်ခသက်သာခြင်း၊ ဒီဇိုင်းလှပသေသပ်ပြီး ရေရှည်ခိုင်ခံ့ခြင်းတို့ကြောင့် အသုံးပြုသူ များပြားလာခြင်းဖြစ်ကြောင်း သိရသည်။ ထို့အပြင် သစ်အသုံးပြုမှုကို လျှော့ချနိုင်သဖြင့် သဘာဝပတ်ဝန်းကျင်ကိုလည်း ထိန်းသိမ်းရာရောက်ကြောင်း ၎င်းက ဆက်လက်ပြောကြားသည်။

ရေးမြို့တွင် စတီးလ်သံပန်းနှင့် အလူမီနီယံလုပ်ငန်းများကို လုပ်ကိုင်ကြသော လုပ်ငန်းရှင်ဦးရေများလာသဖြင့် အပြိုင်အဆိုင်လုပ်ကိုင်နေရသော်လည်း လုပ်ငန်းအပ်နှံသော တစ်ဦးချင်းအိမ်ဆောက်သူများ၊ ဆောက်လုပ်ရေးလုပ်ငန်းများက ပုံမှန်ရှိနေသဖြင့် သံပန်းလုပ်ငန်းလုပ်ကိုင်သူများ အဆင်ပြေကြပြီး အလုပ်သမားများမှာလည်း ပုံမှန်ဝင်ငွေများ ရရှိလျက်ရှိကြောင်း သိရသည်။

**နေမျိုးထွဋ်(ရေး)**



# ကျပ်သိန်း ၃၀ ကျော်တန်ဖိုးရှိ မူးယစ်ဆေးဝါးများ ဖမ်းမိ

**ကသာ မတ် ၆**

ကသာခရိုင် ဝန်းသိုမြို့နယ် နမ်းခမ်းရွာ၌ တန်ဖိုးငွေကျပ်သိန်း ၃၀ ကျော်ရှိ မူးယစ်ဆေးဝါးများကို မတ် ၄ ရက်က ဖမ်းဆီးရမိခဲ့ကြောင်း သိရသည်။

နမ်းခမ်းရဲကင်းစခန်းမှူးနှင့် အဖွဲ့သည် သက်သေများနှင့်အတူ နမ်းခမ်းရွာ အောင်ဇာနည်ကုန်းရပ်ကွက်တွင် ဆိုင်ကယ်စီးလာသူတစ်ဦးအား မသင်္ကာသဖြင့် ရပ်တန့်စစ်ဆေးခဲ့ရာ ဆိုင်ကယ်စီးလာသူ မျိုးနိုင်၏ အင်္ကျီအိတ်အတွင်းမှ ဘိန်းဖြူဟု ယူဆရသော အမှုန့် ၁၇ ဒသမ ၂၂ ဂရမ်ပါ တစ်ထုပ်နှင့် ၁၃ ဒသမ ၆၈ ဂရမ်ပါ တစ်ထုပ်ကို ရှာဖွေတွေ့ရှိခဲ့ပြီး မျိုးနိုင်၏ အစစ်ခံချက်အရ လွန်ခဲ့သောနှစ်ရက်က ရှမ်းပြည်နယ် မဘိမ်းမြို့နယ်မှ ကိုစိုင်းဆိုသူထံမှ ငွေကျပ် ၃၀၉၀၀၀၀ ဖြင့် ဝယ်ယူခဲ့ကြောင်း သိရသဖြင့် ဝန်းသိုမြို့မရဲစခန်း၌ အမှုဖွင့်စစ်ဆေးလျက်ရှိကြောင်း သိရသည်။

**ဦးရဲ(ကသာ)**

# ကိုယ့်အားကိုယ်ကိုး ကျေးရွာချင်းဆက်လမ်း အလှူငွေလိုအပ်နေ

**ကျောက်တလုံးကြီး မတ် ၆**

ရှမ်းပြည်နယ် တောင်ကြီးခရိုင် ပင်တွန်ကျေးရွာအုပ်စု ထီခေါင်းကျေးရွာရှိ ထီခေါင်း-ထီခွ ကျေးရွာချင်းဆက် မြေသားလမ်းကို ကျောက်ချောလမ်းခင်းလျက်ရှိရာ သုံးပုံနှစ်ပုံခန့် ခင်းပြီးချိန်တွင် လမ်းဆက်လက်ခင်းရန် အလှူငွေလိုအပ်လျက်ရှိကြောင်း သိရသည်။

ထီခေါင်း-ထီခွမြေသားလမ်းသည် အရှည် ၂၈၉၂၃ ပေရှိပြီး ပေ ၁၈၉၉၀ ကို ကျောက်ချောခင်းခဲ့ပြီးဖြစ်ကာ လမ်းခင်းပြီးသည့် အပိုင်းအတွက် ကျေးရွာရန်ပုံငွေ ကျပ်သိန်း ၄၃၀ ကျော်ကုန်ကျခဲ့ကြောင်း၊ ကျန်ရှိသော လမ်းပိုင်း ၉၉၃၃ ပေကို ဆက်ခင်းရန်အတွက် အလှူငွေလိုအပ်နေသဖြင့် အကူအညီရဖို့ မျှော်လင့်ကြောင်း ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး အထောက်အကူပြုကော်မတီဥက္ကဋ္ဌ ဦးတိုးက ပြောသည်။ ယခုအချိန်အထိ ကျောက်ချောခင်းပြီးသောလမ်းပိုင်းတွင် မော်တော်ယာဉ်နှင့် ဆိုင်ကယ်များ ဖြတ်သန်းသွားလာနိုင်ပြီဖြစ်ရာ ထီခေါင်းနှင့် ထီခွကျေးရွာများသာမက အနီးရှိကျေးရွာများမှ ပြည်သူများအတွက်ပါ သွားလာမှုချောမွေ့အဆင်ပြေလျက်ရှိကြောင်း သိရသည်။

ခင်းပြီးသောလမ်းပိုင်းကို ဖေဖော်ဝါရီလကုန်ပိုင်းက ဖွင့်ပွဲကျင်းပခဲ့ပြီး ကျောက်တလုံးမြို့ အုပ်ချုပ်ရေးမှူး ဦးဇေယာမင်း၊ ပအိုဝ်းအမျိုးသားအဖွဲ့ချုပ်မှ ဦးအောင်သာနှင့် ပင်တွန်ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူး ဦးဝိဒူရတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးသည်။ ဖွင့်ပွဲတွင် ကျောက်တလုံးမြို့ အုပ်ချုပ်ရေးမှူး ဦးဇေယာမင်း၊ မြို့နယ်ရဲတပ်ဖွဲ့စခန်းမှူး ဦးအောင်မင်း၊ မြို့နယ်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှူး ဒေါ်ရွှေရွှေမြင့်၊ ရှမ်းပြည်နယ် လွှတ်တော်ကိုယ်စားလှယ် ဦးခွန်ဒီဂေါလ်နှင့် တာဝန်ရှိသူများက လမ်းဖြစ်မြောက်ရေးဆောင်ရွက်ခဲ့ပုံများ၊ လမ်းဆက်ခင်းရန် လိုအပ်ချက်များနှင့် ဒေသအတွင်း ဆောင်ရွက်နေသောဖွံ့ဖြိုးရေးလုပ်ငန်းများအကြောင်းကို ရှင်းလင်းပြောကြားခဲ့ကြောင်း သိရသည်။

**(မြို့နယ် ပြန်/ဆက်)**



# အမကကျောင်းဆောင် ပျက်စီးနေသဖြင့် ကျောင်းပိတ်ရက်အတွင်း ပြုပြင်ရန်လိုအပ်နေ

**ရေကြည် မတ် ၆**

ဧရာဝတီတိုင်းဒေသကြီး ပုသိမ်ခရိုင် ရေကြည်မြို့နယ် ဝါးရုံလဟာကျေးရွာအုပ်စု ကိုင်းတာကြီးကျေးရွာရှိ အမကကျောင်းဆောင် အုတ်နံရံများ ပဲ့ကြွေလျက်ရှိနေသဖြင့် ပြုပြင်ပေးရန် လိုအပ်နေကြောင်း သိရသည်။

မတ် ၂ ရက် နေ့လယ်ပိုင်းက ကျောင်းဆောင်အုတ်နံရံများ ပဲ့ကြွေကာ တံခါးပေါင်များမှာလည်း ခြစားနေသဖြင့် ကျောင်းသား ကျောင်းသူများအတွက် အလွန်အန္တရာယ်ရှိနေကြောင်း၊ ယခုအခါ နွေရာသီ ကျောင်းပိတ်ထားချိန်ဖြစ်သဖြင့် ကျောင်းပြန်မဖွင့်မီအတွင်း ကျောင်းဆောင်ကို ပြန်လည်ပြုပြင်ပေးစေလိုကြောင်း ဝါးရုံလဟာကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူး ဦးကိုဝင်းက ပြောသည်။ အဆိုပါ ကျေးရွာအမကကျောင်းဆောင်သည် သက်တမ်း ၃၈ နှစ်ရှိပြီဖြစ်ကြောင်း သိရသည်။

**မင်းဇော်ဦး(ရေကြည်)**

# ကျေးရွာချင်းဆက်ကျောက်ချောလမ်းခင်းမှုပြီးစီး

**ရေကြည် မတ် ၆**

ဧရာဝတီတိုင်းဒေသကြီး ပုသိမ်ခရိုင် ရေကြည်မြို့နယ်အတွင်းရှိ ငါးတဲစုကျေးရွာနှင့် ကွင်းကြီးကျေးရွာအုပ်စု စစ်တပင်ကျေးရွာအုပ်စုများသို့ ဆက်သွယ်သော ကျေးရွာချင်းဆက်ကျောက်ချောလမ်းကို မတ် ၄ ရက်က ခင်းပြီးကြောင်း သိရသည်။

“ဒီလမ်းပြီးစီးတဲ့အတွက် တန်ဖောင်းရိုး၊ ကြည်သာဦး၊ ငါးတဲစု၊ ကွင်းကြီး၊ စစ်တပင်ကျေးရွာတွေနဲ့ ငဝန်ရေကာတာအထိ သွားလာရေးချောမွေ့သွားပါတယ်။ အရင်တုန်းက ဒီလမ်းခရီးဟာ မိုးတွင်းဆိုရင် ရေနစ်မြုပ်ပြီး သွားလာရေးခက်ခဲတယ်။ အခုလမ်းပြီးစီးတဲ့အတွက် ဒေသခံတွေရဲ့ စီးပွားရေး၊ လူမှုရေး၊ ပညာရေး၊ ကျန်းမာရေးတွေအတွက် အဆင်ပြေစွာ သွားလာနိုင်တော့မှာဖြစ်ပါတယ်”ဟု ကွင်းကြီးကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူး ဦးမြင့်သိန်းက ပြောသည်။

အဆိုပါကျောက်ချောလမ်းကို ၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ် ဆင်းရဲနွမ်းပါးမှုလျှော့ချရေးရန်ပုံငွေ ကျပ် ၁၀၂ သိန်းဖြင့် အရှည်ပေ ၂၄၅၀ နှင့် ကျေးရွာများမှ ပြည်သူများ၏ ထည့်ဝင်ငွေများဖြင့် အရှည်ပေ ၅၀၀ ပူးပေါင်းဖော်လုပ်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

**မင်းဦး**



# လျှပ်စစ်အန္တရာယ်ကင်းရှင်းရေး ကွန်ကရစ်ဓာတ်တိုင်များ ပြောင်းလဲတပ်ဆင်ပြီး ဆားပစ်ကြိုးများမြှင့်တင်



**မိုးညှင်း မတ် ၆**

ကချင်ပြည်နယ် မိုးညှင်းမြို့နယ် အင်းတော်ကြီးဒေသ နန့်မွန်းကျေးရွာ၌ သစ်သားဓာတ်တိုင်များနေရာ၌ ကွန်ကရစ်ဓာတ်တိုင်များဖြင့် ပြောင်းလဲတပ်ဆင်ခဲ့ပြီး ဗျူဟာကားလမ်းမပေါ်ရှိ ကွန်ကရစ်ဓာတ်တိုင်များမှ ဆားဗစ်ကြိုးများကို ပေ ၂၀ အထိ မြှင့်တင်ခဲ့ကြောင်း သိရသည်။

ခရိုင်လျှပ်စစ်အင်ဂျင်နီယာ ဦးဝဏ္ဏဆွေနှင့် မြို့နယ်လျှပ်စစ်ဓာတ်အားဖြန့်ဖြူးရေးမှ တာဝန်ရှိသူဦးဝင်းမော်တို့၏ ကြီးကြပ်မှုဖြင့် လျှပ်စစ်ဝန်ထမ်းများက မတ် ၄ ရက်တွင် ဆောင်ရွက်ခဲ့ကြခြင်းဖြစ်သည်။ မြို့နယ်လျှပ်စစ်မှူး ဦးဝင်းမော်က“နန့်မွန်းကျေးရွာက လျှပ်စစ်ဓာတ်အားသုံးစွဲသူတွေ လျှပ်စစ်အန္တရာယ်ကင်းရှင်းစေဖို့အတွက် ဗျူဟာမော်တော်ကားလမ်းမပေါ်မှာရှိတဲ့ ကွန်ကရစ်ဓာတ်တိုင်တွေက လျှပ်စစ်ဓာတ်ကြိုးတွေကို ပေ ၂၀ အထိ မြှင့်တင်ပါတယ်။ ဒီလို ဓာတ်ကြိုးတွေကို ပေ ၂၀ မြှင့်တင်လိုက်တဲ့အတွက် ဖြတ်သန်းမောင်းနှင် သွားလာနေကြတဲ့ မော်တော်ယာဉ်ကြီးတွေကို လျှပ်စစ်အန္တရာယ်ကင်းရှင်စေသလို လျှပ်စစ်ဓာတ်အားပျောက်ဆုံးယူနစ်တွေကို လျော့နည်းသွားစေပါတယ်။ အိမ်သုံးမီတာနဲ့ ပင်မမိန်းကြိုးတွေကိုလည်း စနစ်တကျ စစ်ဆေးပြီး ဟောင်းနွမ်းဆွေးမြည့်နေရင် အသစ်လဲလှယ်ပါတယ်။ လျှပ်စစ်ဓာတ်ကြိုးတွေနဲ့ မလွတ်တဲ့ သစ်ပင်သစ်ကိုင်းတွေကိုလည်း ခုတ်ထွင်ပြီး လျှပ်စစ်ဓာတ်အားယူနစ်ပျောက်ဆုံးမှုကို နည်းသထက်နည်းအောင် ဆောင်ရွက်ပါတယ်။ လျှပ်စစ်မီးလွတ်တဲ့ ပင်မဓာတ်အားလိုင်းကြိုးတွေကို နေ့စဉ်စစ်ဆေးပြီး လိုအပ်တဲ့ ပြုပြင်မှုတွေကို ပြုလုပ်လျက်ရှိပါတယ်”ဟု ပြောသည်။

**(၁၄၉)**

ပြည်တွင်းသတင်း

## အမှိုက်ကင်းစင်လမ်းများ သတ်မှတ်

**ရေစကြို မတ် ၅**

မကွေးတိုင်းဒေသကြီး ရေစကြိုမြို့တွင် မြို့ပြသန့်ရှင်းသာယာလှပရေးအတွက် အမှိုက်ကင်းစင်လမ်းများ သတ်မှတ်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

အဓိကလမ်းမကြီးများဖြစ်သော ဗိုလ်ချုပ်လမ်းနှင့် မင်းကြီးလမ်းတို့ကို အမှိုက်ကင်းစင်လမ်းများ သတ်မှတ်၍ လမ်းဘေး ဝဲ၊ ယာတစ်လျှောက်ရှိ ဈေးဆိုင်ခန်းများ၊ ဆေးခန်းများ၊ စားသောက်ဆိုင်များ၊ လက်ဖက်ရည်ဆိုင်များ၊ ကားဂိတ်များ၊ လူနေအိမ်များတွင် နေ့စဉ်သိမ်း လပေးအမှိုက်ပုံး ၇၀ ကျော်ကို ထားရှိဆောင်ရွက်လျက်ရှိကြောင်း သိရသည်။ လပေးအမှိုက်ပုံးများကို ချထားရာတွင်လည်း လုပ်ငန်းအမျိုးအစားအလိုက် တစ်လလျှင် ငွေကျပ် ၁၀၀၀၊ ၁၅၀၀၊ ၂၀၀၀ သတ်မှတ်၍ စည်ပင်ဝန်ထမ်းများက နေ့စဉ်သိမ်းဆည်းပေးသည့်အတွက် အမှိုက်ပုံး ထားရှိသုံးစွဲကြသူများက ယခင်ကဲ့သို့ အမှိုက်ကန်ရှိရာသို့ သွားရောက်မပြစ်ရတော့၍ အချိန်ကုန်သက်သာခြင်း၊ မိမိနေထိုင်ရာဝန်းကျင်တွင် ပိုမိုသန့်ရှင်းလာခြင်းတို့ကြောင့် စည်ပင်သာယာရေးအဖွဲ့မှ အမှိုက်ကင်းစင်လမ်း သတ်မှတ်၍ လပေးအမှိုက်ပုံးများ ထားရှိဆောင်ရွက်ပေးမှုကို သဘောကျနှစ်သက်လျက်ရှိကြောင်း သုံးစွဲကြသူများက ပြောပြသည်။

မြို့နယ်စည်ပင်သာယာရေးကော်မတီနှင့် မြို့နယ်စည်ပင်သာယာရေးအဖွဲ့တို့ ပေါင်းစပ်ညှိနှိုင်း၍ မြို့ပြသန့်ရှင်းသာယာလှပဖွံ့ဖြိုးရေးအတွက် မြို့တွင်းလမ်းများ အဆင့်မြှင့်တင်ခင်းပေးခြင်း၊ လမ်းမီးတိုင်များ မီးပေးခြင်း၊ သောက်သုံးရေ ဖူလုံစွာရရှိရေး ဆောင်ရွက်ပေးခြင်း၊ အမှိုက်များစနစ်တကျ စွန့်ပစ်သည့် အလေ့အကျင့်များဖြစ်လာစေရန် အမှိုက်ကန်များ ထားရှိခြင်း၊ နေ့စဉ်အမှိုက်သိမ်းခြင်း၊ လမ်းဘေးဝဲယာ ပလက်ဖောင်းများ ဆေးသုတ်ခြင်း၊ လမ်းဘေး ဝဲ၊ ယာနှင့် လမ်းလယ်ကျွန်းများသည် ရာသီအလိုက် ပန်းပင်များ စိုက်ခြင်းတို့ကို ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

ယခုကဲ့သို့ အဓိကလမ်းမကြီး နှစ်လမ်းကို အမှိုက်ကင်းစင်လမ်းအဖြစ် သတ်မှတ်၍ လမ်းဘေး ဝဲ၊ယာများတွင် လပေးအမှိုက်ပုံးများထားရှိခြင်းကြောင့် ယခင်ကထက် သန့်ရှင်းသာယာလျက်ရှိသည်ကို မြင်တွေ့ရသည်။

**ဖေထွေးဇော်(ရေစကြို)**

## လျှပ်စစ်အန္တရာယ်ကင်းရှင်းစေရေး အိမ်တိုင်ရာရောက်ဟောပြော

**မိုးညှင်း မတ် ၆**

ကချင်ပြည်နယ် မိုးညှင်းမြို့နယ် အင်းတော်ကြီးဒေသ နန့်မွန်းကျေးရွာတွင် လျှပ်စစ်အန္တရာယ်ကင်းရှင်းစေရေးအတွက် မတ် ၄ ရက်က အသိပညာပေးဟောပြောခြင်းနှင့် လက်ကမ်းစာစောင်များ ဖြန့်ဝေခြင်းတို့ကို ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

ခရိုင်လျှပ်စစ်အင်ဂျင်နီယာ ဦးဝဏ္ဏဆွေ၊ မြို့နယ်လျှပ်စစ်မှူး ဦးဝင်းမော်နှင့် ဝန်ထမ်းများက လျှပ်စစ်အသုံးပြုသူများ သိရှိလိုက်နာရမည့် အချက်များနှင့် လျှပ်စစ်အန္တရာယ်ကင်းရှင်းရေး သတိပြုရန်အချက်များကို နန့်မွန်းကျေးရွာအတွင်းရှိ လျှပ်စစ်မီးသုံးစွဲကြသည့် အိမ်ထောင်စုများသို့ အိမ်တိုင်ရာရောက် သွားရောက်ကာ အသိပညာပေးဟောပြောခဲ့ပြီး လက်ကမ်းစာဆောင်များလည်း ဖြန့်ဝေပေးခဲ့သည်။

**နီတိုး(မော်လူး)**

## သံဖြူဇရပ်မြို့ဦးစေတီ ထီးတော်တင်လှူပွဲကျင်းပ

**သံဖြူဇရပ် မတ် ၆**

မွန်ပြည်နယ် သံဖြူဇရပ်မြို့အဝင် ကပ်တစ်တောင်ကုန်းပေါ်တွင် တည်ထားတော်မူသည့် ဥဇ္ဇတော် ၁၀၈ ပေရှိ ကျိုက်ဇေယျသုခမြို့ဦးစေတီ ရွှေထီးတော်နှင့် စိန်ဖူးတော်အသစ်တင်လှူပွဲကို မတ် ၄ ရက် (တပေါင်းလပြည့်နေ့)က စည်ကားသိုက်မြိုက်စွာ ကျင်းပခဲ့သည်။

ထီးတော်တင်လှူပွဲတွင် သံဖြူဇရပ်မြို့နယ် သံဃနာယကဥက္ကဋ္ဌ ဆရာတော်နှင့် သံဃာတော်များက စေတီရွှေထီးတော်နှင့် စိန်ဖူးတော်တို့ကို ဗုဒ္ဓါဘိသေကအနေကဇာတင်ပြီး ရွှေထီးတော်ကို တင်လှူပူဇော်ကြသည်။

ထို့နောက် ထီးတော်တင်လှူပွဲသို့ ကြွရောက်တော်မူကြသည့် ဆရာတော် သံဃာတော်များအား အလှူရှင်များက ဆွမ်းနှင့် လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းကြသည်။ ထီးတော်တင်ပွဲသို့ လာရောက်သောပရိသတ်များကိုလည်း မြို့နယ်အတွင်း ရှိ ဓမ္မဝေယျာဝစ္စအဖွဲ့များ၊ ပရဟိတအဖွဲ့များက စတုဒိသာများ ကျွေးမွေးလှူဒါန်းခဲ့ကြောင်း သိရသည်။

**ကျော်ဝင်း(iprd)**



## (၁၁) ကြိမ်မြောက် ရခိုင်သျှစ်သောင်းမြောက်ပွဲ (ခ) သဲပုံစေတီပွဲ ကျင်းပ

**စစ်တွေ မတ် ၆**

ရခိုင်ပြည်နယ် စစ်တွေမြို့ ပွိုင့်ကမ်းခြေ၌ (၁၁)ကြိမ်မြောက် ရခိုင်သျှစ်သောင်းမြောက်ပွဲ (ခ) သဲပုံစေတီပွဲကို မတ် ၄ ရက် မွန်းလွဲပိုင်းက စည်ကားသိုက်မြိုက်စွာ ကျင်းပခဲ့ပြီး အသင်းအဖွဲ့များအလိုက်၊ မိသားစုများအလိုက် သဲပုံစေတီများ ဆောက်တည်ခဲ့ကြကြောင်း သိရသည်။

သဲပုံစေတီပွဲတွင် ဒေသခံပြည်သူများက မြောက်ဦးမြို့ရှိ ရှေးဟောင်းအမွေအနှစ် စေတီပုထိုးများဖြစ်သော သျှစ်သောင်းဘုရားများ၊ ထုက္ကန်သိမ်၊ အံတော်သိမ်ဘုရားများနှင့် အခြားဒေသအသီးသီးမှ တန်ခိုးကြီးဘုရားစေတီများကို ပုံတူသဲပုံစေတီများ ဆောက်တည်၍ ကုသိုလ်ယူကြသည်။ စစ်တွေမြို့ ပန်းချီရွှေရခိုင်မိသားစုက နဂါးရုံဘုရားနှင့် ရှင်ဥပဂုတ္တမထေရ်မြတ်ရုပ်ပွားတော်ကိုလည်းကောင်း၊ သာကီမဏ္ဍိုင် ရခိုင်ယဉ်ကျေးမှုမြှင့်တင်ရေးအဖွဲ့ကလည်း ထုက္ကန်သိမ်ပုထိုးတော်ကြီးကို လည်းကောင်း တည်ဆောက်ပူဇော်ခဲ့ကြသည်။

အဆိုပါ ရခိုင်သျှစ်သောင်းမြောက်



ပွဲ(ခ) သဲပုံစေတီပွဲကို နှစ်စဉ်တပေါင်းလပြည့်နေ့တိုင်း ဒီရေကျချိန်၌ အဖွဲ့လိုက်၊ မိသားစုအလိုက် စုပေါင်းပြီး သဲပုံစေတီများကို တည်ဆောက်ကုသိုလ်ယူ၍ တံခွန်၊ ကုက္ကား၊ ပန်း၊ ဆီမီး၊ အမွှေးနံ့သာတိုင်များဖြင့် လှူဒါန်းပူဇော်ကြကြောင်းနှင့် အဆိုပါ သဲပုံစေတီပွဲသို့ ရပ်နီးရပ်ဝေးမှ ခရီးသွားပြည်သူများ၊ ကမ္ဘာ့လှည့်ခရီးသွားများပါ လာရောက်ကြည့်ရှုလေ့လာကြကြောင်း သိရသည်။

**ဇော်နိုင်ထွန်း(iprd)**

## ဆေးဝါးပစ္စည်း ကျပ်သိန်း ၁၀၀ ဖိုး လှူဒါန်း

**ပန်းတနော် မတ် ၆**

ဧရာဝတီတိုင်းဒေသကြီး ပန်းတနော်မြို့နယ် ဆေးရုံနှင့် တိုက်နယ်ဆေးရုံများသို့ ဆေးဝါးပစ္စည်းများ လှူဒါန်းပွဲကို မတ် ၄ ရက်က ပန်းတနော်မြို့နယ်ပြည်သူ့ဆေးရုံအစည်းအဝေးခန်းမ၌ ကျင်းပခဲ့ကြောင်း သိရသည်။

ဆေးဝါးများလှူဒါန်းပွဲတွင် အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးဝင်းသိန်းက အမှာစကားပြောကြားပြီး အလှူရှင် ဦးအောင်ထွန်း(အောင်သပြေဖယောင်းပုဆိုးကောဇောကုမ္ပဏီ)က လှူဒါန်းရခြင်း ရည်ရွယ်ချက်များကို ရှင်းလင်းပြောကြားသည်။ ဆက်လက်၍ ရင်ခေါင်းပိုင်းဆိုင်ရာ ခွဲစိတ်အထူးကုဆရာဝန်ကြီး ဒေါက်တာအောင်ဇော်မြင့်(ငြိမ်း)က အလှူရှင်မိသားစုမှ ကျေးရွာသားဖွားဆေးခန်းများတွင် ဆိုလာစနစ်ဖြင့် မီးလင်းနိုင်ရေး ဆက်လက်လှူဒါန်းမည့် အစီအစဉ်များကို ရှင်းလင်းပြောကြားသည်။ ထို့နောက် အလှူရှင် ဦးအောင်ထွန်းမိသားစုက ကျပ်သိန်း ၁၀၀ တန်ဖိုးရှိ ဆေးဝါးပစ္စည်းများကို ပေးအပ်လှူဒါန်းရာ မြို့နယ်ဆရာဝန်ကြီး ဒေါက်တာနေမင်းမျိုးထွန်းနှင့် တိုက်နယ်ဆရာဝန်များက လက်ခံရယူခဲ့သည်။

အလှူရှင်မိသားစုသည် ပန်းတနော်မြို့ သမိုင်းဝင်ရွှေမြင်တင်စေတီတော်မြတ်ကြီးအား ရွှေသင်္ကန်းဆက်ကပ်လှူဒါန်းနိုင်ရန် ထာဝရငွေပဒေသာပင်ငွေကျပ်သိန်း ၁၀၀၀ ကျော်လှူဒါန်းခြင်း၊ အဘိုး အဘွားများအား ပြုစုစောင့်ရှောက်ရန် အောင်သပြေဘိုးဘွားရိပ်သာအား ငွေကျပ် သိန်း ၂၀၀၀ ကျော် အကုန်အကျခံတည်ဆောက်လှူဒါန်းခြင်း၊ သက်ကြီးရွယ်အိုအဘိုး အဘွား ၂၀၀ ကျော်အား လစဉ်ထောက်ပံ့ငွေပေးလှူခြင်း၊ မြို့နယ်အတွင်းရှိ ကျောင်းတိုက်အသီးသီးမှ ဆရာတော် သံဃာတော်များအား ဗုဒ္ဓဂယာသို့ နှစ်စဉ်ပို့ဆောင်ခြင်း၊ အရေးပေါ်လူနာများအား ပန်းတနော်မြို့မှ ရန်ကုန်ပြည်သူ့ဆေးရုံကြီးသို့ ပို့ဆောင်ရန် ငွေကျပ် ၂၆၈ သိန်းတန် လူနာတင်ယာဉ် လှူဒါန်းခြင်း၊ ယနေ့လှူဒါန်းသည့် ဆေးဝါးများအပါအဝင် မြို့နယ်ဆေးရုံနှင့် တိုက်နယ်ဆေးရုံ သုံးရုံသို့ ဆေးဝါးပစ္စည်းများ ငွေကျပ် ၅၄၈ သိန်းဖိုးခန့် လှူဒါန်းခြင်းနှင့် ကျေးရွာသားဖွားခန်း ကိုးနေရာအတွက် ဆိုလာမီးစနစ် တပ်ဆင်ခြင်းတို့ကို ပြုလုပ်လှူဒါန်းပေးခဲ့ပြီးဖြစ်ကြောင်း သိရသည်။

**ခင်မောင်ဇော်မြင့်**

## မီးဘေးသင့်အိမ်ထောင်စုများအား ထောက်ပံ့ပစ္စည်းများပေးအပ်

**မြင်းခြံ မတ် ၅**

မြင်းခြံမြို့နယ် လေးအိမ်တန်းကျေးရွာအုပ်စု အင်ကြင်းပင်ကျေးရွာရှိ မီးဘေးသင့်အိမ်ထောင်စုများအား မြင်းခြံခရိုင်နှင့် မြို့နယ်အမျိုးသမီးရေးရာအဖွဲ့များမှ မတ် ၄ ရက်က စားသောက်ကုန်များအပါအဝင် ငွေနှင့် ပစ္စည်းများ ထောက်ပံ့ပေးအပ်ခဲ့ကြောင်း သိရသည်။

ခရိုင်အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌ ဒေါ်သန်းသန်းဝင်း၊ မြို့နယ်အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌ ဒေါ်နီနီဝင်းနှင့် ခရိုင်နှင့်မြို့နယ် အမျိုးသမီးရေးရာအဖွဲ့ဝင်များက မီးဘေးသင့်အိမ်ထောင်စုများမှ ပြည်သူများအား ကျေးရွာအုပ်ချုပ်ရေးမှူးရုံး၌ ခေါက်ဆွဲခြောက်ထုပ်များ၊ ကြက်ဥများ၊ စားသုံးဆီနှင့် သောက်ရေသန့်ဘူးများစသည့် ထောက်ပံ့ပစ္စည်းများ ပေးအပ်ခဲ့ပြီး မြင်းခြံခရိုင်အုပ်ချုပ်ရေးမှူး ဦးမြင့်သင်းအောင်၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးထွန်းသိန်းအောင်နှင့် မြို့နယ်ဖွံ့ဖြိုးတိုးတက်ရေးအထောက်အကူပြုအဖွဲ့ဝင်များကလည်း ဆန်တစ်အိတ်နှင့် ငွေကျပ် ၁၀၀၀၀ စီကို ထောက်ပံ့ပေးအပ်ခဲ့သည်။ ထို့အပြင် ပုဂ္ဂလိကစေတနာရှင် ပြည်သူများကလည်း အဝတ်အထည်များ၊ အသုံးအဆောင်ပစ္စည်းများ လာရောက်လှူဒါန်းခဲ့ကြောင်း သိရသည်။

ထို့နောက် ခရိုင်အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌ ဒေါ်သန်းသန်းဝင်း၊ မြို့နယ်အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌ ဒေါ်နီနီဝင်းနှင့် အမျိုးသမီးရေးရာအဖွဲ့ဝင်များက မီးဘေးသင့်အိမ်ထောင်စုများသို့ သွားရောက်ကြည့်ရှု၍ အားပေးစကား ပြောကြားခဲ့ကြောင်း သိရသည်။

**ဇော်မင်းနိုင်(မြင်းခြံ)**



# ပီအက်စ်ဂျီတို့ အမှတ်ပြည့်ရဦးမယ့် လီဂူး-၁ ပွဲစဉ်(၂၇)

**မိုးမြင့်လင်းလက်**

ဒီတစ်ပတ်ရဲ့ပြင်သစ်လီဂူး-၁ပွဲစဉ်(၂၇)ကို မတ် ၇ ရက်ညနဲ့ ၈ ရက်တွေမှာ ယှဉ်ပြိုင်ကစားကြမှာဖြစ်ပါတယ်။ ဒီပွဲစဉ်တွေမှာ တန်းစီဇယားထိပ်ဆုံးက လိုင်ယွန်ကို ကျော်ဖြတ်ဖို့ ကြိုးစားမယ့် ပီအက်စ်ဂျီ၊ ဥရောပဝင်ခွင့်အတွက် အမှတ်လိုအပ်နေတဲ့ မိုနာကိုတို့ရဲ့ အားထည့်မှုတွေကိုမြင်တွေ့အားပေးကြရဦးမှာ ဖြစ်ပါတယ်။

**ပီအက်စ်ဂျီနှင့်လန်းစ်**

ဒီနှစ်ဘောလုံးရာသီမှာ အိမ်ကွင်းရှုံးပွဲမရှိသေးတဲ့ ပီအက်စ်ဂျီတို့က တန်းဆင်းဇုန်အတွင်းက လန်းစ်ကို ဂိုးပြတ်သွင်းနိုင်ရေး ကြိုးစားပါလိမ့်မယ်။ လန်းစ်ရဲ့ ခြေစွမ်းက အဝေးကွင်းမှာ ရှုံးပွဲများနေတာမို့ အခုပွဲမှာ ပီအက်စ်ဂျီကို အပြင်းအထန် ခုခံပါလိမ့်မယ်။ ပီအက်စ်ဂျီတို့ရဲ့ အိမ်ကွင်းဂိုးသွင်းစွမ်းရည်မြင့်မားမှုနဲ့ ခံစစ်လုံခြုံမှုတွေက သုံးမှတ်အပြည့် ရယူဖို့လုံလောက်တဲ့အနေအထားရှိပါတယ်။

**အီဗီယန်နှင့်မိုနာကို**

ဥရောပဝင်ခွင့်သေချာဖို့အတွက် မိုနာကိုတို့ခြေကုန်ထုတ်ရမယ့်ပွဲပါပဲ။ မိုနာကိုရဲ့ ထူးခြားချက်က အဝေးကွင်းမှာ ခြေစွမ်းပိုပြပြီး ရလဒ်ကောင်းကို ဆောင်ကြဉ်းနိုင်တာဖြစ်ပါတယ်။ မိုနာကိုတို့ ခံစစ်ပိုင်းကျစ်လျစ်ပြီး တိုက်စစ်မျိုးတွေအစွမ်းပြနိုင်ရင်တော့ အနိမ့်ဆုံးတစ်မှတ်ရမယ့်ပွဲလို့ ယူဆရမှာဖြစ်ပါတယ်။

**ဘက်စ်တီယာနှင့်နိုက်စ်**

ခြေစွမ်းပိုင်းတူညီနေတဲ့နှစ်သင်းဖြစ်လို့ ကြည့်ကောင်းမယ့်ပွဲဖြစ်ပါတယ်။ အိမ်ကွင်းအားသာချက်ရှိတဲ့ ဘက်စ်တီယာတို့ နိုက်စ်ကို ခက်ခဲစွာရင်ဆိုင်ရဖို့ရှိနေပြီး ပထမအကျော့အဝေးကွင်းမှာ ဘက်စ်တီယာတို့နိုင်ပွဲရခဲ့တာမို့ အခုပွဲလည်း အိမ်ရှင်တို့ပဲ အောင်ပွဲခံဖို့များပါတယ်။

**ကိန်းနှင့်ဘော်ဒိုး**

နိုင်ပွဲတွေဆက်တိုက်ရယူနေတဲ့ ကိန်းတို့ကဘော်ဒိုးကို ဖိအားပေးကစားပါလိမ့်မယ်။ ဘော်ဒိုးတို့က အိမ်ကွင်းမှာ ခြေစွမ်းပြနိုင်ပေမယ့် အဝေးကွင်းအားထုတ်မှုက အားရစရာမရှိပါဘူး။ ကိန်းရဲ့တိုက်စစ်မျိုးတွေက ဂိုးသွင်းအားကောင်းတာမို့ ဘော်ဒိုးအတွက် စနစ်တကျပြင်ဆင်ထားမှရပါလိမ့်မယ်။ ဒီနှစ်သင်းရဲ့ နောက်ဆုံးတွေ့ဆုံမှုငါးပွဲမှာ ကိန်းကနှစ်ပွဲနိုင်၊ ဘော်ဒိုးက တစ်ပွဲနိုင်ပြီး သရေနှစ်ပွဲဖြစ်ထားတာမို့ အခုပွဲမှာတစ်မှတ်စီခွဲယူရမယ့်ကိန်းလည်း ဆိုက်သွားနိုင်ပါတယ်။

**ရမ်းစ်နှင့်နန်တက်စ်**


ဒီနှစ်သင်းရဲ့နောက်ဆုံးတွေ့ဆုံမှု ငါးပွဲရလဒ်ကိုကြည့်ရင် သုံးပွဲသရေဖြစ်ပြီး တစ်ပွဲစီအနိုင်ယူထားတဲ့ မှတ်တမ်းရှိပါတယ်။ ရမ်းစ်တို့က အိမ်ကွင်းရလဒ် ကောင်းမွန်အောင် စွမ်းဆောင်နိုင်ပြီး နန်တက်စ်တို့က အဝေးကွင်းဆိုရင် တိုက်စစ်မျိုးတွေ ခြေစွမ်းပျောက်နေတတ်တာမို့ အခုပွဲမှာ အိမ်ရှင်တို့ အနိုင်ရလဒ်ပိုင်ဆိုင်ဖို့အခွင့်အရေးရသွားနိုင်ပါတယ်။

**ရန်းနက်စ်နှင့်မက်ဇ်**

တန်းစီဇယားအောက်ဆုံးရောက်နေတဲ့ မက်ဇ်တို့ရဲ့ အားထုတ်မှုက သာမန်ထက်မပိုပါဘူး။ ရန်းနက်စ်တို့က ခံစစ်ပိုင်းယိုယွင်းမှုရှိနေပေမယ့် အိမ်ကွင်းမှာ အမှတ်ရအောင်ကစားနိုင်တဲ့အနေအထားရှိပါတယ်။ ရန်းနက်စ်နဲ့ မက်ဇ်တို့ရဲ့ နောက်ဆုံးငါးပွဲကစားခဲ့တဲ့ ရလဒ်ကိုကြည့်ရင် မက်ဇ်တို့တစ်ပွဲမှနိုင်ပွဲမရခဲ့ပါဘူး။ ဒီနှစ်ဘောလုံးရာသီမှာ အဝေးကွင်းတစ်ပွဲသာအနိုင်ရသေးတဲ့ မက်ဇ်ရဲ့ အနိုင်မျှော်လင့်ချက်က ဒီပွဲမှာလည်း အကောင်အထည်ပေါ်လာဖို့ မရှိနိုင်ပါဘူး။

# အနာဂတ်ပျောက်ဆုံးနေတဲ့ ဖယ်ကာအို

တိုက်စစ်မှူး ဖယ်ကာအိုကို မန်ယူကအမြဲတမ်းစာချုပ်နဲ့ မခေါ်နိုင်ဘူးဆိုရင် အခြားအသင်းတစ်သင်းသို့ ပြောင်းရွှေ့ဖို့ မေလထိအောင်စောင့်ဆိုင်းရဖွယ်ရှိတယ်လို့ ဆိုပါတယ်။ မန်ယူနည်းပြ ဗန်ဟားလ်အနေနဲ့ မည်သည့်ဆုံးဖြတ်ချက်မှ မချနိုင်ဘူးဆိုရင် ဖယ်ကာအိုရဲ့ အနာဂတ်က မသေချာ မရေရာတဲ့ အနေအထားမှာရှိပါတယ်။ ပေါင် ၁၆ သန်းနဲ့ ပြီးခဲ့တဲ့ နွေရာသီက မန်ယူကို ရောက်လာတဲ့ ဖယ်ကာအိုဟာ ကြံ့ခိုင်မှုနဲ့ ကစားနိုင်တဲ့ ပုံစံပြန်ရဖို့ ရုန်းကန်ကြိုးစား နေရပါတယ်။



ကိုလံဘီယာ တိုက်စစ်မှူး ဖယ်ကာအိုကို မန်ယူက ထပ်မံခေါ်ယူထားမယ်ဆိုရင်တော့ ပေါင် ၄၃ သန်းကုန်ကျမှာ ဖြစ်ပါတယ်။

ဖယ်ကာအို အနေနဲ့ တနင်္လာနေ့ အာဆင်နယ်နဲ့ အက်ဖ်အေကွာတားဖိုင်နယ် အပါအဝင် လက်ကျန် ၁၂ ပွဲကစားပေးဖို့ ရှိပါတယ်။ သူရဲ့ အနာဂတ်အတွက် လက်ကျန်ပွဲတွေမှာ အကောင်းဆုံး ခြေစွမ်းပြကစားဖို့ လိုအပ်နေပါတယ်။ မကြာသေးမီက မန်ယူတိုက်စစ်မှူးတွေ ဂိုးများများသွင်းပေးဖို့ လိုတဲ့အကြောင်း နည်းပြဗန်ဟားလ်ကလည်း ပြောဆိုခဲ့တာရှိပါတယ်။ တစ်ရာသီထဲမှာ ဂိုး ၂၀ သွင်းနိုင်တဲ့ တိုက်စစ်မှူးတွေ မန်ယူမှာ ပျောက်ဆုံးနေတယ်လို့ ဆိုပါတယ်။

**ကောင်းမြတ်သူ**
**စုစည်းသည်**



# လီဗာပူးက ပစ်မှတ်ထားနေတဲ့ ဝီလျံကာဗယ်ဟို

လီဗာပူးက ဂျရတ်နေရာမှာအစားထိုးဖို့ ကွင်းလယ်ကစားသမားတစ်ဦးကို ရှာဖွေနေပါတယ်။ ဒီအထဲမှာ ပေါ်တူဂီနဲ့ စပို့တင်းလစ္စဘွန်း ကြယ်ပွင့်ဝီလျံကာဗယ်ဟိုလည်း အပါအဝင်ဖြစ်ပါတယ်။ လီဗာပူးနည်းပြရော်ဂျာက အသက် ၂၂ နှစ်အရွယ်သာရှိသေးတဲ့ ဝီလျံကာဗယ်ဟိုကိုခေါ်ယူဖို့ မျက်စိကျနေပါတယ်။ လီဗာပူးက ကာဗယ်ဟိုကို ပေါင် ၃၇ သန်းပေးပြီး ခေါ်ယူနိုင်တယ်လို့ သတင်းများတွင် ဖော်ပြထားပါတယ်။ သို့ပေမယ့် ဈေးမည်မျှပေးသည်ဖြစ်စေ မရောင်းနိုင်ဘူးလို့ စပို့တင်းက ငြင်းဆိုထားပါတယ်။ လီဗာပူးနည်းပြ ရော်ဂျာက ရိုးမားကစားသမား ပီဂျာနစ်ကိုဂျရတ်နေရာ အစားထိုးဖို့ ကြိုးစားရာမှ မအောင်မြင်ဖြစ်ခဲ့ပြီးနောက် ပေါ်တူဂီနှင့် စပို့တင်းကြယ်ပွင့်ကာဗယ်ဟိုကို ခေါ်ယူဖို့ ကြိုးစားခဲ့တာဖြစ်ပါတယ်။ ကာဗယ်ဟိုဟာ ကွင်းလယ်ကစားသမား တစ်ဦးဖြစ်ပြီး စပို့တင်းအတွက် အဓိကအားထားရတဲ့ ကစားသမားတစ်ဦးဖြစ်ပါတယ်။ ဒါကြောင့်လည်း ဂျရတ်နေရာအစားထိုးနိုင်ဖို့ လာမယ့်နွေရာသီမှာ လီဗာပူးက အရခေါ်ယူသွားမယ့်အနေအထားရှိပါတယ်။ လီဗာပူးအနေနဲ့ ဝီလျံကာဗယ်ဟိုကို ခေါ်ယူနိုင်ခဲ့ရင်တော့ ဂျရတ်နေရာမှာ အစားထိုးနိုင်မှာဖြစ်ပါတယ်။



ကြော်ငြာ


MPT
ရွှေသို့လှမ်း၍ မြန်မာပြည်
ဆွေသဟာ
ပရိုမိုးရှင်းအစီအစဉ်
အလျင်မြန်ဆုံးအင်တာနက်ကို
အသင့်တင့်ဆုံးဈေးနှုန်းဖြင့် ရယူလိုက်ပါ။
အင်တာနက်သုံးစွဲခ
၅၀%
အထူးလျှော့ဈေး
1 MBလျှင်
၇ကျပ် ၅၀ပြား
မျှော်လင့်စရာ အထူးဈေးနှုန်းများကို ရယူနိုင်ဖို့ MPT ၏ ဆွေသဟာအစီအစဉ်ကို
ယခုပင် ဝင်ရောက်လိုက်ကြရအောင်!
ဆွေသဟာအစီအစဉ်ကိုရယူရန်
Prepaid သုံးစွဲသူများအတွက် SWE ဟုရိုက်၍ 1 3 3 2 သို့ SMS အခမဲ့ပေးပို့ပါ။
Postpaid သုံးစွဲသူများအတွက် POSTSWE ဟုရိုက်၍ 1 3 3 2 သို့ SMS အခမဲ့ပေးပို့ပါ။
• ဆွေသဟာဝန်ဆောင်မှုကို ရယူခြင်းမှာ အခမဲ့ဖြစ်ပါသည်။
• GSM နှင့် WCDMA အသုံးပြုသူများအတွက် ဖြစ်ပါသည်။
• အင်တာနက် 1MB လျှင် ၇ကျပ် ၅၀ပြား အထူးလျှော့ဈေးနှုန်းကာလသည် မတ်လ(၃၁)ရက်နေ့အထိ ဖြစ်ပါသည်။
CALL CENTER 106
နေ့စဉ် (၂၄)နာရီလုံး အခမဲ့ ခေါ်ဆိုနိုင်ပါသည်။
ဝေါဟာရနှင့် သတ်မှတ်ချက်များအား အသေးစိတ်သိရှိလိုပါက
http://www.mpt.com.mm
https://facebook.com/mptofficialpage

ရွှေနန်းတော် စိန်ရွှေရတနာလုပ်ငန်းစု၏ ပထမဦးဆုံးခြေလှမ်းသစ်

68 RESIDENCE
WE DEFINE LIFESTYLE

# 68 RESIDENCE CONDOMINIUM

DEVELOPED BY UNITED GP Development by GOLDEN PALACE

ကမ္ဘာအေးဘုရားလမ်းနှင့် ဆရာစံလမ်းထောင့်၊ အိုးတွင်းပိုင်မြေ တစ်ဧကပေါ်ရှိ
အထပ်ပေါင်း (၂၇)ထပ်၊ အခန်းပေါင်း (၃၇၅)ခန်းပါရှိမည့် ကမ္ဘာ့အဆင့်ကွန်ဒိုမီနီယံနှင့်
SOMERSET SERVICED RESIDENCE ပါရှိသော
မြန်မာနိုင်ငံ၏ ပထမဦးဆုံး ကမ္ဘာ့အဆင့်အိမ်ရာစီမံကိန်း

## 5 % Discount
+
